# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၈) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၂ |
| ၅ | ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လိုအပ်နေသော အဆင့်မီ ဖြည့်စွက် ထောက်ပံ့အင်္ဂါရပ်များ (Road Furniture and facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက် များလည်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကျန်ရှိနေသည့် ကျောက်ချောလမ်း ၂၃ မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၇ | ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာမှ ပုံဝိုးကျေးရွာအထိ(၂၄/၄)မိုင် ရှည်သောလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်းတွင် ဘင်္ဂါလီများကို လက်ခံရေး ကိစ္စအား ပွင့်လင်းမြင်သာ ရေးအတွက် ပြည်သူများအား အသေးစိတ် ရှင်းပြပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | စေတုတ္တရာမြို့သည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှောက်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက မြို့သူမြို့သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် မုန်တိုင်း Shelter တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၀ | ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန် နေ့ကလေးထိန်း ကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် | ၂၃ |

မေးခွန်း


| | | |
|---|---|---|
| ၁၁ | ဦးမောင်မြင့်၊ မင်းကင်းမဲ့ဆန္ဒနယ်က တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့ထုတ် သတင်းစာတွင်ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ် မြောက်ပိုင်း လုံခြုံရေးအခြေအနေထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့်ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၆ |
| ၁၂ | ဦးမောင်မြင့်၊ မင်းကင်းမဲ့ဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၆၀ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၈ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး**

**(၂၈)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၄-၃-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လိုအပ်နေသော အဆင့်မီ ဖြည့်စွက်ထောက်ပံ့ အင်္ဂါရပ်များ(Road Furniture and facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက်များလည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကျန်ရှိနေသည့် ကျောက်ချောလမ်း (၂၃)မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ **ကျောက်မဲမြို့နယ်၊ ကျွဲကုန်းကျေးရွာမှ ပုံပိုးကျေးရွာအထိ (၂၄/၄)မိုင် ရှည်သောလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်းတွင် ဘင်္ဂါလီများကို လက်ခံရေးကိစ္စအား ပွင့်လင်းမြင်သာရေးအတွက် ပြည်သူများအား အသေးစိတ်ရှင်းပြပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့သည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက မြို့သူမြို့သားများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် မုန်တိုင်း Shelter တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန် နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်က တင်သွင်းသည့် **“ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့ထုတ် သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေး အခြေအနေ ထုတ်ပြန်ချက်ပါ အချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့ နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ် များရှိ ဒုက္ခသည်စခန်း(၃)ခုမှ အိမ်ထောင်စု(၅၅)စုကို ရန်ကုန်သို့ ပြောင်းရွှေ့ ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ခ) ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၊

(ဂ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(င) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၊

(စ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဇ) ဦးအေးမောင်၊ ဘော်လခဲ မဲဆန္ဒနယ်၊

(ဈ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ည) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(ဋ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဠ) ဗိုလ်မှူးစိုးသူ၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဍ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(ဎ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ဏ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၊

(တ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ထ) ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၊

(ဒ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
## (၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ် ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၂) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၃) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် ၁ ရက်၊

(၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊

(၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၇) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊

(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၁၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် အစည်းအဝေးပြီးဆုံးသည်အထိနှင့်

(၁၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လိုအပ်နေသော အဆင့်မီ ဖြည့်စွက်ထောက်ပံ့အင်္ဂါရပ်များ (Road Furniture and facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက်များလည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လိုအပ်နေတဲ့ အဆင့်မီဖြည့်စွက်ထောက်ပံ့အင်္ဂါရပ်များ (Road Furniture and Facilities) စည်းကမ်းအားနည်းချက်များကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးဟာ အခုအချိန်မှာဆိုရင် အဆင့်မြင့်အဝေးပြေးယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များဖြင့် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များစွာရဲ့ အပတ်စဉ်အသွား/အပြန်ယာဉ်များ အပါအဝင် တစ်နေ့အတွင်းမှာဆိုရင် ယာဉ်စီးရေ ၈၀၀၀ ကနေ ၁၀၀၀၀ ခန့်အကြား ဖြတ်သန်းသွားလာနေတဲ့လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ ၁၁၅ မိုင်(ဖြူး)နဲ့ ၂၈၅ မိုင်(မိတ္ထီလာ)တို့ဟာ ယာဉ်ရပ်နားစခန်းအဖြစ် မူလလမ်းဒီဇိုင်းရေးဆွဲစဉ်က တည်ဆောက်ခွင့်ပြုခဲ့တာဖြစ်ပေမဲ့ အခုအခါမှာတော့ နိုင်ငံတော်ကစီမံတဲ့ ဘောနတ်ကြီးစခန်း၊ စကားအင်းနဲ့ နေပြည်တော်ရပ်နားစခန်းအပါအဝင် လမ်းနယ်ပယ်ပြင်ပမှာ စားသောက်ဆိုင်များစွာဖြစ်ပေါ်လာတဲ့အတွက် ခရီးသွားပြည်သူတွေအနေနဲ့ ရွေးချယ်ခွင့်ပိုမိုလာသလို ညအချိန်လမ်းတစ်လျှောက်အကူအညီတောင်းနိုင်တဲ့နေရာတွေ၊ မီးအလင်းရောင်တွေတိုးတက်လာတာကိုတော့ ကျေနပ်စရာဖြစ်ပါတယ်။ အများဆုံးသန့်စင်ခန်းကကျတော့ သာမန်အောက်ဆင့်လောက်မှာပဲရှိတဲ့ သုံးနေရာပဲရှိပြီး ခရီးသည်တွေဆီကနေ တစ်ယောက် ၁၀၀ ကျပ်ကောက်ခံလျက်ရှိတာကို တွေ့ရပါတယ်။ လမ်းအသုံးပြုခပေးဆောင်ပြီးတော့မှ ဖြတ်သန်းရတဲ့ လမ်းမကြီးအပေါ်မှာ ဒီသန့်စင်ခန်းတွေအတွက် ဝန်ဆောင်ခထပ်တောင်းနေတာကတော့ အတော့်ကို စိတ်ပျက်ဖွယ်ရာကောင်းပါတယ်။ မီးကလည်းမှိန်မှိန်၊ အပြင်မှာလည်း ဆိုင်ခန်းတွေနဲ့ ညဘက်ရောက်သွားတဲ့အခါမှာ လုံခြုံမှုမရှိသလိုခံစားရပြီး သန့်ရှင်းမှုကလည်း အားနည်းလှပါတယ်။ ဒီအတွက် အုပ်ချုပ်မယ့်ဝန်ထမ်း၊ သန့်ရှင်းမယ့်ဝန်ထမ်းတွေ ခန့်အပ်ဖို့၊ လျှပ်စစ်ဓာတ်အားသွယ်တန်းပေးဖို့ အစီအစဉ်၊ စီစဉ်မယ့်စရိတ်ဟာ ကျွန်မ တွက်ကြည့်သလောက်ဆိုရင် တစ်လကို ကျပ်သိန်း ၃၀ ထက်

ပိုပြီးတော့မကုန်နိုင်ပါဘူး။ ဒါတွေကို ယာဉ်အသုံးပြုခထဲကပဲဖြစ်ဖြစ်၊ ဆိုင်ခန်းတရားဝင်ဆောက်ပေးပြီး ငှားရမ်းပေးရင်ပဲဖြစ်ဖြစ် လွယ်လွယ်လေးဖြေရှင်းနိုင်ပါတယ်။ နိုင်ငံတကာက ဒီလိုလမ်းမကြီးတွေမှာလည်း သန့်စင်ခန်းဝင်ဆောင်မှုအခမဲ့ Complementary ပဲဖြစ်ဖြစ် သန့်ရှင်းသပ်ရပ်တာတွေ တွေ့ရမှာပါတယ်။ ကျေးဇူး ပြုပြီး Power Point လေး သုံးစွဲခွင့်ပြုပါရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဝန်ကြီးဌာနအနေနဲ့ မူလလမ်းရဲ့ဒီဇိုင်းထဲမှာမပါတဲ့ မိုင်တိုင်(၇၆)မှာ နားနေစခန်းသစ်တစ်ခုကို ဖွင့်လှစ်လိုက်တာကို ခြေလှမ်းသစ်တစ်ရပ်အနေနဲ့ ကျွန်မတို့တွေ့ရပါတယ်။ ဒါပေမဲ့ ဒီရပ်နားစခန်းဟာ လမ်းမကြီးအပေါ်ကိုမေးတင်ပြီး ဆောက်လုပ်ထားတာကို တွေ့ရတဲ့အတွက်ကြောင့် ၁၁၅ မိုင် ရပ်နားစခန်းလို လမ်းမကြီးနဲ့ခွာမထားတဲ့အတွက် ယာဉ်အန္တရာယ်ကို စိုးရိမ်စဖွယ်တွေ့နေရပါတယ်။ ဒါ့အပြင် အမြန်လမ်းမကြီးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေပါအချက်အလက်တွေကို ဝန်ကြီးဌာနကဖွင့်တဲ့စခန်းမို့လို့ လျှော့လျှော့ပေါ့ပေါ့ ဥပဒေနဲ့ကိုက်ညီပါတယ်ဆိုရင်တော့ တခြားပုဂ္ဂလိကတွေလည်း ဒီလိုပုံစံနဲ့ ဆောက်လုပ်ဖွင့်လှစ်ခဲ့မယ်ဆိုလို့ရှိရင်တော့ရော ခွင့်ပြုပေးဖို့ရာအတွက် အစီအစဉ်ရှိပါသလားရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အလားတူပါပဲ အမြန်လမ်းတစ်လျှောက်မှာ အမိုက်တွေ နေရာတကာ ရှုပ်ပွပျံ့လွင့်နေတာဟာ လမ်းဘေး Environment တွင်သာမက လမ်းလယ်ကျွန်းတွေအပေါ်မှာပါ တွေ့ရပါတယ်။ သာမန်အားဖြင့်တော့ ခရီးသွားပြည်သူတွေ စည်းကမ်းမရှိလို့လို့ စဉ်းစားနိုင်ပေမဲ့ ခရီးသည်တွေအနေနဲ့ကတော့ ကိုယ့်အမှိုက်ကိုအကြာကြီးသယ်ယူသွားဖို့ဆိုတာ အခက်အခဲရှိပါတယ်။ လမ်းတစ်လျှောက် ခန့်မှန်းကီလိုမီတာ ၃ဝ လောက်ကို တစ်ဖက်တစ်ခု အမှိုက်ကန်တွေတည်ဆောက်ပေးပြီး ခရီးသွားပြည်သူတွေကို သတိပေးထားလို့ရှိရင် လမ်းမကြီးလည်းသန့်ရှင်းသလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်မှာဖြစ်ပါတယ်။ ယာဉ်ရပ်နားစခန်းရောက်မှ အမှိုက်ပစ်ဖို့ဆိုတာကတော့ လက်တွေ့မကျလှပါဘူး။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ အမြန်လမ်းရဲ့ Road Furniture မှာ နောက်ထပ်အရေးကြီးတာ တစ်ခုကတော့ လမ်းလယ်ကသစ်ပင်တွေကိစ္စပဲဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သင့်တော်သလို အပင်တွေများစွာစိုက်ပျိုးထားတာကို တွေ့ရပါတယ်။ ဒီအပင်တွေရဲ့ အရေးကြီးတဲ့ စွမ်းဆောင်ချက်ကတော့ တစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင်ယာဉ်ကြောက မီးအလင်းရောင်ကို ကာကွယ်ပေးတဲ့အပြင် သဘာဝအတားအဆီးပီပီ ယာဉ်မတော်တဆတိုက်မိလို့ရှိရင်လည်း Guard ထက်တောင်မှ လျော့ပါးသက်သာစေပါတယ်။ နိုင်ငံတကာမှာတော့ ဒီအပင်တွေဟာ လမ်းဒီဇိုင်းအတိုင်း စနစ်တကျရွေးချယ်စိုက်ပျိုးထားတာဖြစ်ပါတယ်။ အခုတော့ သင့်တော်သလိုအပင်တွေကို အဆင်ပြေသလိုစိုက်လိုက်တာ ထန်းပင်လိုအပင်မျိုးတွေတောင်မှ ပါနေပါတယ်။ ဒီ့အတွက် ဌာနမှ ဒီဘာသာရပ်ကို သင်ကြားဖူးသူရှိမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အနည်းဆုံးအနေနဲ့ကတော့ သစ်တောဦးစီးဌာနရဲ့ အကြံဉာဏ်နဲ့အကူအညီကို ယူခဲ့ရင်တောင်မှ အများကြီးအဆင်ပြေမှာဖြစ်ပါတယ်။ ကျွန်မတို့စုံစမ်းကြည့်တဲ့အခါမှာ ဒီလိုအကြံဉာဏ်ယူခဲ့တယ်ဆိုတာကို မတွေ့ခဲ့ရပါဘူး။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ အမြန်လမ်းရဲ့အရည်အသွေးနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်းတွေနဲ့ရော၊ ပြည်ထောင်စုလွှတ်တော် ဆွေးနွေးချက်တွေအနေနဲ့ရော

အမျိုးမျိုးပြောခဲ့၊ ဖြေခဲ့ကြပြီးဖြစ်လို့ ဒီအပိုင်းကိုတော့ ကျွန်မအနေနဲ့ Highlight မလုပ်တော့ပါဘူး။ လမ်းမကြီးရဲ့အရည်အသွေးမြင့်တဲ့နေရာ၊ နိမ့်တဲ့နေရာတွေရှိပေမဲ့လို့ ကျွန်မတို့မှာ ရွေးချယ်စရာ မရှိပါဘူး။ ပြည်သူတွေ အကြီးအကျယ်မှီခိုနေရတဲ့ လမ်းမကြီးတစ်ခုဖြစ်နေပြီမို့ လိုအပ်တဲ့အမိုက်ပစ်တဲ့ နေရာတွေ၊ အဆင့်မနိမ့်တဲ့ အများဆိုးသန့်စင်ခန်းတွေ၊ လိုအပ်တဲ့နေရာက လမ်းမီးတွေ ဒါ့အပြင် နိုင်ငံတကာလမ်းမကြီးတွေမှာလို စနစ်ကျတဲ့အစိမ်းရောင်လမ်းညွှန်ဆိုင်းဘုတ်တွေ စတဲ့အင်္ဂါရပ်တွေ ဖြည့်ဆည်းထားဖို့ လိုနေပါပြီ။ ဒီကိစ္စဟာ လမ်းမကြီးအရည်အသွေးမြှင့်တင်သလိုမျိုး အကုန်အကျ စရိတ်တွေ၊ အရင်းအနှီးကြီးမားတဲ့ကိစ္စမျိုးလည်း မဟုတ်ပါဘူး။ တိုးတက်ရရှိနေတဲ့ ယာဉ်အသုံးပြုခတွေ၊ လမ်းတစ်လျှောက် ဆိုင်ခန်းငှားခတွေနဲ့ယှဉ်ရင် မပြောပလောက်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုအနေ အထားမျိုးမှာ ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်ခင်စန်းလှိုင်မှ မေးမြန်းထားတဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးသည် အများပြည်သူအားကိုးအားထားပြုရသော လမ်းမကြီးတစ်ရပ်ဖြစ်ပေါ်လာနေပြီဖြစ်သဖြင့် အဆိုပါ လမ်းတစ်လျှောက် လိုအပ်နေသော ရှိသင့်ရှိထိုက်သော အဆင့်မီဖြည့်စွက်ထောက်ပံ့အင်္ဂါရပ်များ (Road Furniture and facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက်များအားလည်း ပြုပြင် ထိန်းသိမ်းဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို လမ်းအပိုင်း အလိုက် ဖွင့်လှစ်ခဲ့ရာမှာ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းအပိုင်းအား ၂၅-၃-၂၀၀၉ ရက်နေ့တွင် လည်းကောင်း၊ နေပြည်တော်-စကားအင်းလမ်းအပိုင်းအား ၂၉-၁၂-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ စကားအင်း-တံခွန်တိုင်လမ်းအပိုင်းအား ၂၃-၁၂-၂၀၁၁ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ် ခဲ့ပြီး ယခုအခါ အမြန်လမ်းမကြီးကို Master Plan အရ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်သွားရန်ရည်ရွယ်၍ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အမြန်လမ်းမ ကြီးတစ်လျှောက်တွင် ခရီးသွားပြည်သူများအား အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းခရီးတွင် အပန်းဖြေနားနေစားသောက်နိုင်ရေး စသည့် အချက်များအားရည်ရွယ်၍ မိုင် ၄၀ တွင် ဘောနတ်ကြီးယာဉ်ရပ်နားစခန်း၊ ၁၁၅ တွင် ဖြူးယာဉ်ရပ်နား စခန်း၊ မိုင်တိုင် ၂၀၁ တွင် နေပြည်တော်ယာဉ်ရပ်နားစခန်း၊ မိုင်တိုင် ၂၈၅ တွင် သီးကုန်းယာဉ်ရပ်နား

စခန်းနှင့် မိုင်တိုင် ၃၅၂ မှာ စကားအင်းယာဉ်ရပ်နားစခန်းတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်။ ၎င်းအပြင် မိုင် ၄၀ (အပြန်လမ်း)၊ ၁၅၈ မိုင် ၄ ဖာလုံ (အသွား/အပြန်လမ်း)နှင့် ၃၁၇ မိုင် ၂ ဖာလုံ (အသွားအပြန်လမ်း)၊ ၃၅၂ မိုင် ၂ ဖာလုံ (အပြန်လမ်း) တို့မှာ ယာယီသန့်စင်ခန်းများကိုလည်း လမ်းဦးစီးဌာန၏အစီအစဉ်ဖြင့် ဒေသခံလုပ်ငန်းရှင်များအား လေလံခေါ်ယူ၍ လုပ်ဆောင်စေလျက်ရှိပါတယ်။

အဆိုပါယာယီသန့်စင်ခန်းများကို ခရီးသွားပြည်သူလူထုကို ငဲ့ညှာသည့်အနေဖြင့် ခရီးသွားရာသီအတွင်း၌သာ ဆက်လက်ဆောင်ရွက်စေမည်ဖြစ်ပြီးတော့ ၁-၅-၂၀၁၈ ရက်နေ့ကစပြီးတော့ လုပ်ငန်းများရပ်စဲဖို့အတွက် လေလံအောင်မြင်ထားသူများအား အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ယာယီသန့်စင်ခန်းများအား ၇၆ မိုင် Mini Rest Camp ကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပြီးပါက ခရီးသွားပြည်သူများ သန့်စင်ခန်းဝင်ဆောင်ခများပေးစရာမလိုတော့ဘဲနဲ့ စိတ်အေးချမ်းသာစွာ အပန်းဖြေနားနေ စားသုံးနိုင်ရန်အတွက် ဆက်လက်စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်းများအပြင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း အမြန်လမ်းမကြီး မိတ်ဘက်အဖွဲ့အစည်းများဖြစ်သည့် အမြန်လမ်းရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့ဖြင့်ပူးပေါင်း၍ လစဉ်နောက်ဆုံးပတ် (သောကြာနေ့)တိုင်းမှာ အမှိုက်ကောက် (Campaign)အား ဆောင်ရွက်လျက်ရှိသည့်အပြင် လမ်းပိုင်းအလိုက် အင်ဂျင်နီယာများနှင့် တိုးလ်ဂိတ်ဝန်ထမ်းများဖြင့်လည်း စွန့်ပစ်အမှိုက်များသိမ်းဆည်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် အမြန်လမ်းမကြီးပေါ် အသုံးပြုသွားလာလျက်ရှိသည့် ခရီးသွားပြည်သူများကိုလည်း ကားပေါ်တွင်ပါလာသောအမှိုက်များကို Rest Camp ရောက်မှသာလျှင် အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်ဆိုသည့် အမှိုက်မပစ်ရ အသိပေးကြေညာချက်များကိုလည်း ဆိုလိုတာက ဒီအသိပေးကြေညာချက်ကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စန်းလှိုင် အကြံပေးတဲ့အတွက် မိုင် ၂၀ ကြား ဆိုင်းဘုတ်တစ်ခုစီ စိုက်ထူအသိပေးထားရှိခဲ့ပါတယ်။ အဆိုပါဆိုင်းဘုတ်များအပြင် တိုးလ်ဂိတ်များ၊ Rest Camp များ၊ ယာယီသန့်စင်ခန်းများနှင့် အရိပ်ရအပင်ကြီးများအောက်တွင်လည်း ခရီးသွားပြည်သူများ လွယ်ကူစွာအမှိုက်စွန့်ပစ်နိုင်ရန် အမှိုက်ပုံးများထားရှိပေးခြင်း၊ အသိပေး၊ သတိပေး၊ ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ အခါအားလျော်စွာ ခရီးသွားပြည်သူများ သိရှိနိုင်ရန် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း စသည်တို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၇၆ မိုင် Mini Rest Camp ဆောက်လုပ်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းခရီးသွားများအတွက် ဈေးနှုန်းချိုသာစွာ အဆင့်တန်းမြင့်မြင့် အပန်းဖြေနားနေစားသောက်နိုင်ရန်ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ အမြန်လမ်းမကြီး နယ်နိမိတ်ဖြစ်သည့် ပေ ၄၀၀ အတွင်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ဖြင့် ၁-၁-၂၀၁၇

ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၆-၈-၂၀၁၇ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့မှ ဖွင့်လှစ်ပေးခဲ့ပါတယ်။

Mini Rest Camp ပင်မအဆောက်အဦသည် လမ်းလယ်ကျွန်းအလယ်မှ စုစုပေါင်းပေ ၁၀၀ အကွာတွင် တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ အဆောက်အဦရဲ့ရှေ့မှာ ၁၂.၅ ပေအကျယ် လမ်းလေးလမ်း စုစုပေါင်း ပေ ၅၀ အကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းထားပြီးတော့ Buffer Zone အဖြစ် Land Scaping အပါအဝင် ၃၅ ပေချန်လှပ်ထားပါတယ်။ ဆိုလိုတာကတော့ နောင်တစ်ချိန်မှာ Fully Access Control လမ်းမကြီးဖြစ်လာလို့ရှိရင် ဒီလေးလမ်းသွားရဲ့အပြင်ဘက်မှာ ခြံစည်းရိုးခတ်ထားရင် အဆိုပါ Rest Camp သည် ခြံစည်းရိုးရဲ့အပြင်ဘက်မှာ ရောက်ရှိနေကြောင်း တင်ပြထားခြင်းဖြစ်ပါတယ်။ ရန်ကုန်မှ မိုင် ၉၀ နှင့် ၁၁၀ အတွင်း ယခင်အခါက ယာဉ်အန္တရာယ်ဖြစ်စဉ်များအား သုံးသပ်ကြည့်ရာတွင် ယာဉ်မောင်းသူများအနေဖြင့် ခရီးသွားလာချိန် နှစ်နာရီခွဲခန့် မောင်းနှင်ရသဖြင့် Fatigue မောပန်းနွမ်းနယ်ပြီး Accident ဖြစ်ပွားမှုအရေအတွက်များခဲ့ပါတယ်။ ယခု ၇၆ မိုင် Mini Rest Camp တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ အဆိုပါဖြစ်စဉ်များအား ပြန်လည်သုံးသပ်ရာတွင် ယာဉ်မောင်းသူများအနေဖြင့် ခေတ္တအနားယူပြီးမှ ပြန်လည်ခရီးဆက်ရသည့်အတွက် ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းများ သိသိသာသာလျော့နည်းကျသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မှ ဘောနတ်ကြီးအထိ မိုင် ၄၀ အပိုင်းကို ADB ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီ Expressway အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များနှင့်ကိုက်ညီသောလမ်းမကြီးဖြစ်ရန် ADB ချေးငွေဖြင့် AC ခင်းခြင်း၊ Raised Median မှ Depressed Median ပြောင်းလဲပြီး ၂.၅ မီတာရှိ အတွင်း/အပြင်လမ်းပုခုံးပြုလုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ Guard Rail များတပ်ဆင်ခြင်းတို့ဖြင့် လက်ရှိ လေးလမ်းသွားလမ်းမကြီးအား နိုင်ငံတကာအဆင့်မီလမ်းမကြီးအဆင့်ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းအပြင် လမ်းတစ်လျှောက် ရန်ကုန်မှ နေပြည်တော်၊ မန္တလေးအထိ အမြန်လမ်းမကြီးတစ်လျှောက်မှာ Road Furniture များကိုလည်း လိုအပ်သလို ထပ်မံ၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ Standard ဖြစ်တဲ့ Fast Comfortable နှင့် Safety များပါဝင်သော Fully Access Control လမ်းမကြီးအဖြစ် အဆိုပါလမ်းပိုင်းများအား တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၄၄(က)အရ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ ပြန်လည်ဖြေကြားပေးသွားတဲ့ ဝန်ကြီးကို ကျွန်မအနေနဲ့ အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မနောက်ထပ်ဆက်စပ်မေးခွန်းတစ်ခု မေးချင်တာကတော့ ကျွန်မတို့ Toll Gate တွေမှာ အလိုအလျောက်ငွေသွားခံတဲ့စနစ်ကို စမ်းသပ်နေတာကြာပြီဖြစ်ပါတယ်။ ပြည်သူတွေသွားရေးလာရေးလွယ်ကူစေရန်နှင့် ယာဉ်ကျပ်တည်းမှုတွေကို ပပျောက်စေရန်အတွက် ဒီစနစ်ကို စတင်ကျင့်သုံးဖို့ရာအတွက် အစီအစဉ်ရှိ/မရှိနှင့် ကျွန်မတို့ ရန်ကုန်

ကနေ နေပြည်တော်ကိုလာတဲ့အခါမှာ အမြန်လမ်းကနေ နေပြည်တော်ဝင်တဲ့နေရာ အင်မတန်မှ မှောင်ပါတယ်။ အဲဒီတော့ ကျွန်မတို့ လမ်းညွှန်ဆိုင်းဘုတ်တွေတောင်မှ ဟိုတလောကမှပဲထောင်ထားတယ်ဆိုတာ ကျွန်မတို့ တွေ့ရပါတယ်။ ဒါအတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ နေပြည်တော်အဝင်လမ်းကို မြင်သာအောင် မီးတိုင်အမြင့်ကြီးတွေ တစ်ခုနှစ်ခုလောက်များ တပ်ဆင်ပေးဖို့ရာအတွက် အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Toll Gate တွေမှာ ETC လို့ခေါ်တဲ့ အလိုအလျောက် ပိုက်ဆံပေးတဲ့ စနစ်အဲဒါကိုတပ်ဖို့အစီအစဉ်ရှိပါတယ်။ အဲဒီလိုရှိတဲ့အတွက် ပြီးခဲ့တဲ့နှစ်မှာ ကျွန်တော်တို့က အလိုအလျောက် ETC စနစ်အတွက် ရန်ပုံငွေဘတ်ဂျက်ရှိတဲ့အတွက် တင်ဒါခေါ်လိုက်ပါတယ်။ တင်ဒါခေါ်တဲ့အချိန်မှာ ကုမ္ပဏီတွေအပြိုင်အဆိုင်ဖြစ်လာပြီး နောက်ဆုံးပိတ်မှာ ဘယ်လိုဖြစ်လာလည်းဆိုတော့ နောက်ဆုံးပိတ်မှာ အခကြေးငွေလုံးဝမယူဘဲနဲ့ ကြော်ငြာသဘောမျိုးနဲ့တပ်မယ့်ကုမ္ပဏီပေါ်လာပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်က ပိုက်ဆံပေးစရာမလိုဘဲနဲ့ ဒေါ်လာ ၁ သန်းလောက်အကုန်ခံပြီး ကြော်ငြာသဘောမျိုးတပ်မယ့်ကုမ္ပဏီပေါ်လာတဲ့အတွက် အဲဒီဟာသည် MZ4 လို့ခေါ်တဲ့ကုမ္ပဏီကို စမ်းသပ်ကာလအနေနဲ့ ကျွန်တော်တို့ တပ်ထားပါတယ်။ စမ်းသပ်ကာလအတွင်းမှာ Accident မဖြစ်ဘူးသွားတဲ့အချိန်မှာ အော်တိုမစ်တစ်ခလုတ်တွေဖွင့်တယ်ဆိုလို့ ရှိရင် ကျွန်တော်တို့က မကြာမီ။ မကြာမီဆိုတာ အခုလာမယ့် ဧပြီလဆန်းကစပြီးတော့ ပြည်သူတွေကို ဒါတွေကို ကျွန်တော်တို့ကတ်ပြားတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ရောင်းချပေးသွားပြီးတော့၊ ပိုက်ဆံသွင်းသွားပြီးတော့ အလိုအလျောက်မောင်းတံမတဲ့စနစ်၊ ETC စနစ်ကို စတင်ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကိုဖြေကြားရမယ်ဆိုရင်တော့ အလိုအလျောက်ငွေပေးချေစနစ်သည် မကြာခင်မှာ စတင်တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်တစ်ခုကတော့ နေပြည်တော်အဝင်လမ်းမှောင်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နေပြည်တော်ဥက္ကဋ္ဌကြီး ဒေါက်တာမျိုးအောင်ကလည်း ကျွန်တော်တို့နဲ့ညှိနှိုင်းပြီးတော့ အဲဒီလမ်းပိုင်းဆိုင်ရာကို အတိုလေးရှိပါတယ်။ အဲဒီအတိုလေးကို နေပြည်တော်ကောင်စီကိုလွှဲပေးပါ။ နေပြည်တော်ကနေပြီးတော့ ဒါကို ထိန်းသိမ်းသွားမယ်ဆိုရင်ဖြင့် မီးကိစ္စတွေဟာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီမီးတိုင်တွေကို နေပြည်တော်ကောင်စီနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကျန်ရှိနေသည့် ကျောက်ချောလမ်း ၂၃ မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာ ရှိတဲ့ ကျွန်းပတ်လမ်းပေါ်တွင် ကျန်ရှိနေတဲ့ကျောက်ချောလမ်း ၂၃ မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်ထဲမှာရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံး ကျွန်းဖြစ်ပါတယ်။ စတုရန်းမိုင် ၂၀၂ မိုင်ကျယ်ဝန်းပြီး ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာ ၁၃၇ ရွာနဲ့ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိပါတယ်။ လူဦးရေ ၆၀၀၀၀ ကျော် နေထိုင်လျက်ရှိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ဝေးလံခေါင်သီရှားပါးစရိတ် ခံစားခွင့်ပြုထားတဲ့မြို့နယ်တစ်ခုပါ။ ဝေးလံခေါင်သီရှားပါးစရိတ် ခံစားခွင့်ပြုထားတဲ့ ကျွန်တော်တို့ မာန်အောင်ကျွန်းကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရက ခရီးသွားလုပ်ငန်းကို အားစိုက်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ သဘာဝပင်လယ်ကမ်းခြေအလှများစွာကို ပိုင်ဆိုင်ထားတဲ့ကျွန်းတစ်ကျွန်းပါ။ ကျွန်းပတ်လမ်းတစ်ခုလုံးဟာ ၅၁ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ ကျွန်းပတ်လမ်းကို အဆင့်မြှင့်ခဲ့တာ ယခုမတ်လကုန်ရင် ၂၈ မိုင်နဲ့ ၄ ဖာလုံပြီးစီးမှာ ဖြစ်ပါတယ်။ ကျွန်းပတ်လမ်းဟာ ၅၁ မိုင် ၄ ဖာလုံရှိတဲ့အတွက် ၂၃ မိုင်ဟာ ကျောက်ချောလမ်းအဖြစ် ကျန်ရှိနေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိနေတဲ့ကျောက်ချောလမ်း ၂၃ မိုင်ဟာ အဓိကအရေးပါတဲ့ ပင်လယ်ကမ်းခြေအလှတွေရှိတဲ့နေရာမှာ ဖြစ်နေပါတယ်။ ကျွန်းပတ်လမ်းဟာ မိုင်တိုင်အမှတ် ၁၉ ကနေ ၃၆ အထိ ၁၇ မိုင်တိတိဟာ ကျွန်တော်တို့ရဲ့ ပင်လယ်ကမ်းခြေအလှတည်ရှိတဲ့နေရာဖြစ်ပါတယ်။ ဒီလမ်းပိုင်းကို မြန်မြန်ပြင်နိုင်မှ ပြည်တွင်းပြည်ပကလာတဲ့ ခရီးသွားဧည့်သည်တွေနဲ့နယ်မြေခံလူထုတွေအတွက် ပိုပြီးအဆင်ပြေမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရာမှာ အဓိကဖြစ်တဲ့ ကျောက်ချောလမ်းအပိုင်းကို ကတ္တရာလမ်းဖြစ်အောင် အမြန်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ပြည်သူတွေကလည်း ကျွန်တော်တို့နဲ့တွေ့တိုင်း ဒီလမ်းကို ကတ္တရာလမ်းအဖြစ် မြန်မြန်လုပ်ပေးဖို့ တင်ပြတောင်းဆိုနေကြပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကျန်ရှိနေတဲ့ကျောက်ချောလမ်း ၂၃ မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကျန်ရှိနေသည့်

ကျောက်ချောလမ်း ၂၃ မိုင်ကို ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်ကျွန်းပတ်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၂ ဖာလုံ၊ ကတ္တရာလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၃၇ မိုင် ၆ ဖာလုံဖြစ်ပြီး စုစုပေါင်း ၅၁ မိုင် ၄ ဖာလုံရှည်လျားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ် ၂၁၉၀.၈၅ သန်းဖြင့် ၁၂ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်း ၁၄ မိုင် ၆ ဖာလုံဆောင်ရွက်လျက်ရှိပြီးတော့ ၁၁-၃-၂၀၁၈ ရက်နေ့မှာ ၈၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းရှိ ကျောက်ချောလမ်း ၂၃ မိုင်အနက် ၁၁ မိုင် ကို ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေတွင် ကျပ် ၁၆၆၀ သန်းကို လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ထို့အပြင် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ရန် ကျန်ရှိသည့် ၁၂ မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျောက်မဲမြို့နယ်၊ ကျွဲကုန်းကျေးရွာမှ ပိုဝိုးကျေးရွာအထိ(၂၄/၄)မိုင် ရှည်သောလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအောင်(ကျောက်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့မှာ ကျွဲကုန်းကျေးရွာကနေပြီးတော့ ပုံဝိုးကျေးရွာအထိ(၂၄/၄)ဖာလုံမိုင် ရှိတဲ့လမ်းဟာ ကျေးရွာပေါင်း ၁၅ ရွာမှ အိမ်ခြေပေါင်း ၁၄၃၅ အိမ်၊ လူဦးရေ ၆၈၈၅ ဦးတို့ကို တိုက်ရိုက်အကျိုးပြုသောလမ်းဖြစ်ပါတယ်။ အဲဒီလမ်းကို အမှီအတင်းပြု၍ ကျေးလက်နေပြည်သူလူထုများသည် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့်ကိစ္စရပ်များကို စပ်လျဉ်းပြီး နေ့စဉ်နှင့်အမျှ သွားလာနေရတဲ့လမ်းဖြစ်ပါတယ်။ အဲဒီလမ်းကို မှီတင်းနေရတဲ့ အဓိက ကျေးရွာ ၁၅ ရွာကတော့ ကျွဲကုန်းကျေးရွာ၊ ဆိုင်းခေါင်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ ကောင်းဟုန်းကျေးရွာ၊ နားပြိန်းကျေးရွာ၊ နားပုံကျေးရွာ၊ အေးသာယာကျေးရွာ၊ နောင်ကွမ်ကျေးရွာ၊

ပင်းလော့ကျေးရွာ၊ ခဲရှင်ကျေးရွာ၊ ဟုန်လိုင်းကျေးရွာ၊ မန်ခိုက်ကျေးရွာ၊ ပန်ဆံကျေးရွာ၊ နားပုံကျေးရွာနှင့် ဟုန်ဟိုး ကျေးရွာတို့ဖြစ်ကြပါတယ်။

ထို့အပြင် အဲဒီလမ်းရဲ့တစ်ဖက်ဆီမှာရှိတဲ့ ကျေးရွာပေါင်း ၁၇ ရွာမှ လူနေအိမ်ခြေ ၁၃၂၀၊ လူဦးရေ ၆၅၈ ဦးတို့ကိုလည်း သွယ်ဝိုက်ပြီးတော့မှ အကျိုးပြုနေတဲ့လမ်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီလမ်း၊ အဲဒီကျေးရွာတွေ ၁၇ ရွာတွေကတော့ နမ့်ထွန်၊ နမ့်ပြင်း၊ ပန်လော့၊ ဖာလိမ်၊ လွိုင်ဆာ၊ နောင်လှိုင်၊ နမ့်မွန်၊ ခေါက်ဟိုးလွင်၊ နမ့်ဟွာ၊ နမ့်စော၊ နမ့်ခေါ်၊ မန်လေ၊ ကုန်နောင်၊ ဟန်နောင်၊ သိန်းထောင်၊ နမ့်ဟီနှင့် ပေါက်အင်းကျေးရွာတို့ ဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ ကွဲကုန်းကျေးရွာကနေ ပုံဝိုးကျေးရွာအထိ ၂၄.၄ မိုင်ရှည်သောလမ်းဟာ တိုက်ရိုက်အကျိုးပြုကျေးရွာ ၁၅ ရွာနှင့် သွယ်ဝိုက်ပြီးအကျိုးပြုတဲ့ ကျေးရွာ ၁၇ ရွာ စုစုပေါင်း ရွာ ၃၂ ရွာ အိမ်ခြေပေါင်း ၂၇၅၅ နှင့် လူဦးရေ ၁၂၉၄၃ ဦးတို့က အဲဒီလမ်းကို အမှီသဟဲပြု အားကိုးအားထားပြုနေရပါတယ်။ ကျေးရွာနေပြည်သူလူထုများရဲ့လူနေမှုဘဝကို မြှင့်တင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်မြင့်မားနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူအကျိုးပြုနိုင်စေရန် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်စေရန်အတွက် ကျောက်ချော လမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခင်းပေးနိုင်ပါရန် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် မေးမြန်းထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာမှ ပုံဝိုးကျေးရွာအထိ ၂၄ မိုင် ၄ ဖာလုံရှည်သောလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခင်းပေးနိုင်ပါရန်အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်အတွင်းရှိ ကွဲကုန်း-နောင်ပိန်လေး-နားပြိန်း-နားပုံ-အေးသာယာ-နောင်ကွမ်-ပုံဝိုးကျေးရွာချင်းဆက်လမ်းသည် အရှည် ၂၀ မိုင် ၄ ဖာလုံရှိပြီး မန္တလေး-လားရှိုးလမ်းမကြီးနှင့်ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်း၏လက်ရှိအခြေအနေမှာ အမာခံလမ်းအမျိုးအစား Class(A) ဦးစားပေးအဆင့်(၁)ရှိသည့်လမ်းဖြစ်ပြီး ကျေးရွာပေါင်း ၁၅ ရွာ၊ အိမ်ခြေပေါင်း ၁၄၃၅ အိမ်နှင့် လူဦးရေ ၇၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား အမာခံလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ၂ မိုင် ၆ ဖာလုံနှင့် ၅ ပေ x ၅ ပေ x ၂၄ ပေ Box Culvert သုံးစင်းအားလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ၂ မိုင် ၃ ဖာလုံအားလည်းကောင်း ဆောင်ရွက်ရန်လျာထားတင်ပြပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးတော့ ကတ္တရာလမ်း

အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် နှစ်အလိုက်၊ အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်းတွင် ဘင်္ဂါလီများကို လက်ခံရေးကိစ္စအား ပွင့်လင်းမြင်သာ ရေးအတွက် ပြည်သူများအား အသေးစိတ်ရှင်းပြပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်အစိုးရ က ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီများကို လက်ခံရေးကိစ္စအား ပွင့်လင်းမြင်သာရေးအတွက် ပြည်သူ များအား အသေးစိတ်ရှင်းပြပေးရန် အစီအစဉ်ရှိ/မရှိဆိုတာကို ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို နိုဝင်ဘာလအတွင်းက မေးမြန်းခဲ့တာဖြစ်လို့ ယခုအခါ တချို့သောသတင်းအချက်အလက်များ ထုတ်ပြန်ထားပြီးဖြစ်တာကို သိရှိရပါတယ်။ ဥပမာအားဖြင့် မတ်လ ၆ ရက်နေ့တွင်ထုတ်ပြန်ချက်အရ ပြန်လည်လက်ခံရေးဆောင်ရွက် ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသောပုံစံများမှာ နှစ်နိုင်ငံသဘောတူညီထားသည့် ပုံစံမျိုး မဟုတ်သည့်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပါရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နှစ်နိုင်ငံသဘောတူထားတဲ့ပုံစံအတိုင်း မဖြည့်စွက်သည့်အတွက်ကြောင့် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ခြင်း ရှိ/မရှိ စိစစ်ရာတွင်ခက်ခဲခြင်း၊ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှုဟုတ်/မဟုတ် မစိစစ်နိုင် ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဖြစ် ကြောင်း ဝန်ခံချက်မပါရှိခြင်း၊ အိမ်ထောင်စုများတွင် တစ်ဦးချင်း၏အဖ၊ အမိအမည်များ မပါရှိသလို သားသမီးများ၏မွေးရပ်မြေများကို မဖော်ပြထားသဖြင့် အခြားသောသူများ ရောနှောပါဝင်နိုင်ခြင်း စသည်တို့ဖြစ်ပါတယ်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လွှဲမည့်ဘင်္ဂါလီ ၈၀၀၀ ကျော်တွင် မြန်မာနိုင်ငံ၌နေဖူးသူ ၃၀၀ ကျော်သာ စိစစ်တွေ့ရှိရသည်ဟူသည့် သတင်းများကို ဖတ်ရှိရသည့် အတွက်ကြောင့် တရားမဝင်ခိုးဝင်သူများ နိုင်ငံအတွင်းသို့ မဝင်ရောက်နိုင်ရေးကို နိုင်ငံတော်အစိုးရ အနေဖြင့် စနစ်တကျ စိစစ်လက်ခံနေကြောင်း သိရှိရသဖြင့် ပြည်သူများ စိတ်သက်သာရပါတယ်။ သို့သော်လည်း ပြည်သူများအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုနေသေးသည့်အချက်များအနေဖြင့် (၁) ပြန်လည်လက်ခံရေးနှင့်ပတ်သက်သော နှစ်နိုင်ငံသဘောတူညီမှု၊ (၂) ပြန်လည်ဝင်ရောက်လာသူများ တွင် ARSA အကြမ်းဖက်အဖွဲ့ဝင်များနှင့်ပတ်သက်သူများအတွက် ဆောင်ရွက်ထားမှု၊ (၃) ဘင်္ဂါလီ အတွက် သီးခြားနယ်မြေ Save Zone တောင်းဆိုမှုကိစ္စ၊ (၄) မူလထွက်ခွာသည့်နေရာတွင် ပြန်လည်

နေရာချထားပေးမှုရှိ/မရှိ၊ (၅) လူမှုစာမျက်နှာများပေါ်တွင် ထွက်ခွာသွားစဉ်က အမျိုးသမီးထုများပြီး ပြန်လာသောအခါ အမျိုးသားထုများပြားနေကြောင်း ဖော်ပြထားမှုဟုတ်/မဟုတ် စသည့် နိုင်ငံတော် အစိုးရ၏ကောင်းမွန်သောလက်ခံရေးအစီအစဉ်များနှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်းတွင် နေရပ်စွန့်ခွာ သွားတဲ့ မူစလင်များကို လက်ခံရေးကိစ္စကို ပွင့်လင်းမြင်သာရေးအတွက် ပြည်သူများအား အသေးစိတ် ရှင်းပြပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းထားတဲ့ အချက်များအပေါ်မူတည်ပြီး ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှရရှိတဲ့ သတင်းအချက် အလက်တွေကို အခြေခံပြီး ပေါင်းစပ်ညှိနှိုင်းရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စောစောက ကိုယ်စားလှယ်ကြီးအနေနဲ့ နိုင်ငံတော်အစိုးရကနေပြီးတော့မှ သတင်းထုတ်ပြန်ချက်တွေအပေါ်မှာ သိရှိသွားတဲ့အတွက် အစိုးရရဲ့ပြည်သူတွေသိအောင် ဆောင်ရွက်ပေးမှုအတွက် ပြည်သူတွေအတွက် စိတ်သက်သာရာရရှိမှုဆိုတဲ့အပိုင်း သိရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ရခိုင် ပြည်နယ်ထဲမှာ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံတဲ့ကိစ္စတွေအပေါ်မှာ စိတ်ဝင်တစားရှိနေ တယ်ဆိုတာကို သိရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သိလိုတဲ့အချက်အလက်တွေကို မူလကတည်းက မေးထားတဲ့အတွက် ကျွန်တော်ဆက်လက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ နှစ်နိုင်ငံသဘောတူညီမှုအရ ပြန်လည် လက်ခံရေးကိစ္စနှင့်ပတ်သက်ပြီး နေပြည်တော်မှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်(Arrangement on Return of Displaced Persons From Rakhine State) သဘောတူညီချက်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးတို့ လက်မှတ်ရေးထိုးခဲ့ကြပြီး သဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံအတွင်း

အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိမှုတွေကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၉၃ ခုနှစ်၊ နှစ်နိုင်ငံ သဘောတူညီချက်(၄)ချက်နှင့်အညီ စိစစ်လက်ခံသွားမှာ ဖြစ်ပါတယ်။ အဲဒီ နှစ်နိုင်ငံသဘောတူညီချက် (၄)ချက်ဆိုလို့ရှိရင် ပထမအချက်ကတော့ ပြန်လည်ဝင်ရောက်လာသူတွေက မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တဲ့သူဖြစ်ရမယ်။ ၎င်းတို့ကိုယ်တိုင် ပြန်လည်ဝင်ရောက်လိုသူများ ဖြစ်ရမယ်။ ကွဲကွာနေသော မိသားစုများ စာရင်းဝင်များအတွက် ဘင်္ဂလားဒေ့ရှ်ဗဟိုအဆင့်ရှိသော တရားရုံးမှ ထောက်ခံချက်ပါရှိရမယ်။ တစ်ဖက်နိုင်ငံတွင် ထပ်မံမွေးဖွားလာတဲ့ကလေးဟာ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့သောမိဘနှစ်ပါးက မွေးဖွားလာတဲ့ကလေးတွေ ဖြစ်ရမယ်ဆိုပြီးတော့မှ ဒီသဘောတူညီချက်(၄)ချက်လည်း ရှိပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံ ပြန်လည်လက်ခံရေးပူးတွဲလုပ်ငန်းအဖွဲ့ကို ဘင်္ဂလားဒေ့ရှ်ဘက်မှ ကိုယ်စားလှယ်များ၊ မြန်မာဘက်မှ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့်ဖွဲ့စည်းပြီး ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့ပြီး Physical Arrangement for Repatriation of Displace Myanmar Residents from Bangladesh ကို ဇန်နဝါရီလ ၁၆ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အစည်းအဝေးမှာ ဆန္ဒအလျောက်ပြန်လည်ဝင်ရောက်လိုသူများ ဖြည့်သွင်းရမယ့်ပုံစံကို နှစ်အအကျေအလည်ဆွေးနွေးခဲ့ရပါတယ်။ အဲဒါပြီးမှ အတည်ပြုခဲ့ကြပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားသွားသလိုပါပဲ။ ဖြည့်သွင်းရမယ့်ပုံစံကို ကျွန်တော်တို့ဘက် ကနေပြီးတော့မှ သေသေချာချာရေးသွင်းခဲ့ပေမဲ့လည်း အဲဒီပုံစံအတိုင်း ဘင်္ဂလားဒေ့ရှ်ဘက်ကနေ ပြန်ပို့တဲ့အခါမှာ တိတိကျကျနဲ့ မပါပါဘူး။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ပုံစံထဲမှာ အိမ်ထောင်စုရဲ့ ဓာတ်ပုံပါမယ်။ အိမ်ထောင်ထဲမှာပါတဲ့ အိမ်ထောင်မိသားစုတွေရဲ့တစ်ဦးချင်းဓာတ်ပုံလည်းပါမယ်။ လက်ဗွေလည်းပါမယ်။ လက်မှတ်လည်းပါမယ်စသည်ဖြင့် ဒီအချက်တွေရှိပေမဲ့လည်း သူတို့ဆီကနေ ပြန်ပို့တဲ့အခါမှာ ကွဲလွဲမှုတွေရှိနေတဲ့အတွက် အခုစိစစ်တဲ့အခါမှာ သူတို့ပထမပေးထားတဲ့ ၈၀၃၂ ဦး ကို ကျွန်တော်တို့စိစစ်တဲ့အခါမှာ အခက်အခဲအများကြီးပဲ တွေ့ကြုံခဲ့ရပါတယ်။ ဒါ လ.ဝ.က အနေနဲ့ အတွေ့အကြုံရှိခဲ့ပါတယ်။

အဲဒီတော့ ဒီသဘောတူညီချက်ကို ပြန်လည်ဝင်ရောက်လာသည်ကို ကျွန်တော်တို့က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက စတင်လက်ခံဖို့ ကျွန်တော်တို့ဘက်က အစစအရာရာ ပြင်ဆင်ထားခဲ့ပါတယ်။ အစစအရာရာပြင်ဆင်ထားတဲ့နေရာမှာလည်း ပြန်လည်စိစစ်လက်ခံရေးစခန်း နှစ်ခု၊ ကြားစခန်းတစ်ခု။ ဒီဟာတွေအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့အတူ ကျွန်တော်တို့ ဇန်နဝါရီလ ၂၃ ရက်နေ့က အားလုံးအဆင်သင့်ရောက်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အထိ ပြန်လည်ဝင်ရောက်လာမှုမရှိသေးပါဘူး။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျင်းပခဲ့ပြီး အစည်းအဝေးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးမယ့် နေရပ်စွန့်ခွာသူအိမ်ထောင်စု ၁၆၇၃ စု၊ လူဦးရေ ၈၀၃၂ ဦးရဲ့အချက်အလက်များကို မြန်မာနိုင်ငံဘက်ကို ပေးအပ်ခဲ့ပါတယ်။ အဲဒီစာရင်းကို နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့မှ ညှိနှိုင်းသဘောတူထားတဲ့ ပုံစံ

ကို အစောကကျွန်တော်ပြောသလိုပါပဲ အသုံးပြုထားခြင်းမရှိတဲ့အတွက် သီးခြားပုံစံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ပြုစုခဲ့တဲ့အတွက် ကျွန်တော်တို့စိစစ်တဲ့အခါမှာ အခက်အခဲတွေ အများကြီးကြုံတွေ့ခဲ့ရပါ တယ်။ အဲဒါကြောင့် ကျွန်တော်တို့ သဘောတူထားတဲ့ သဘောတူညီချက်နောက်ဆက်တွဲပုံစံမှာ ပြန်လည်ဖြည့်စွက်ပြီး သံတမန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ဘက်ကနေ ပြီးတော့မှ ပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ အဲဒီရရှိထားတဲ့ ၈၀၃၂ ဦးထဲကနေပြီးတော့မှ စိစစ်လို့ရတဲ့ အပိုင်းတွေကို ကျွန်တော်တို့သေသေချာချာပြန်ပြီးတော့မှ Bio Matric နည်းတွေနဲ့ စိစစ်တဲ့အခါမှာ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလိုပါပဲ အင်အား ၃၀၀ ကျော်ကိုတော့ ကျွန်တော်တို့ရရှိပြီးဖြစ်ပါတယ်။ ဒီနေရပ်စွန့်ခွာနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ အမြန်ဆုံးကျွန်တော်တို့အနေနဲ့ ဘင်္ဂလားဒေ့ရှ်နှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီး သိလိုတဲ့ ဒုတိယအချက်ဖြစ်တဲ့ ရခိုင် ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံမယ့်အစီအစဉ်။ ဒီဟာနဲ့ပတ်သက်လို့လည်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေ ဥက္ကဋ္ဌအဖြစ် ဦးဆောင် ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းလတ်နဲ့ သတင်းနှင့်ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်တို့ပါဝင်တဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ UEHRD ကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီအောက်မှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်း ပြီး UNFCCI နဲ့ပူးပေါင်းပြီးတော့မှ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံလုပ်ငန်းစဉ်များ မှာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ UEHRD အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားမှာလည်း နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှာ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UEHRD နဲ့ပတ်သက်၍ တက်ရောက်အမှာစကား ပြောကြားခဲ့ ပါတယ်။ ဒီအပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှာ UEHRD ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ် များနဲ့ အကောင်အထည်ဖော်မယ့်အစီအစဉ်တို့နှင့်ပတ်သက်ပြီး ရှင်းလင်းပွဲတစ်ရပ်ကို UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီးတော့မှ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး မှ သံအမတ်ကြီးတွေ၊ သံရုံးတာဝန်ရှိသူတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းဝင်များလည်း တက်ရောက်ခဲ့ကြ ပါတယ်။ ဒါ့အပြင် UEHRD ရှင်းလင်းပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှာ ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးပူးတွဲဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရယ်၊ UEHRD ညှိနှိုင်းရေးမှူးချုပ်နဲ့ နယ်စပ်ရေးရာနဲ့ ကျွန်တော်တို့တွေပါဝင်တဲ့ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်တွေရယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရယ်၊ UEHRD Task Forces က အဖွဲ့ ခေါင်းဆောင်တွေနဲ့ ရခိုင်မှာသွားရောက်ပြီးတော့မှ ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ မေးခွန်းထဲမှာပါတဲ့ ပွင့်လင်းမြင်သာရေးအတွက် ပြည်သူများဟာ အသေးစိတ်ရှင်းပြပေးရန် အစီအစဉ်ရှိ/မရှိဆိုတာကိုလည်း ကျွန်တော်တို့ဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်းကို ကျွန်တော် Highlight လုပ် တင်ပြခြင်းဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လိုသူများအတွက် ပြန်လည်လက်ခံမှုအစီအစဉ်အရ ကုန်းလမ်းမှ ဝင်ရောက်လာသူများကို တောင်ပြိုလက်ဝဲလက်ခံရေးစခန်းမှလည်းကောင်း၊ ရေလမ်းမှဝင်ရောက်လာသူများကို ငါးခူရလက်ခံရေးစခန်းမှလည်းကောင်း၊ စခန်းတစ်ခုကို တစ်ရက် လူ ၁၅၀ နှုန်းနဲ့ တစ်ရက်မှာ လူ ၃၀၀ ဦးကို ရက်သတ္တပတ်ငါးရက် လက်ခံဆောင်ရွက်မှာဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူများအတွက် အစားအသောက်၊ အဝတ်အထည်၊ တစ်ကိုယ်ရည်သုံးပစ္စည်းတွေကို ကနဦးထောက်ပံ့ပေးမှာဖြစ်ပြီး ပြန်လည်လက်ခံရေးစခန်းမှာ တစ်ညပဲ နေထိုင်စေမှာဖြစ်တယ်။ နောက်တစ်ရက်မှာဆိုလို့ရှိရင်တော့ သူတို့အခြေချနေထိုင်မယ့်ကျေးရွာများတည်ဆောက်ဆဲကာလအတွင်း ခေတ္တနေထိုင်ဖို့အတွက်စီစဉ်ထားတဲ့ လှဖိုးခေါင်ကြားစခန်းမှာ ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့တွေအနေနဲ့ လူသားချင်း စာနာထောက်ထားမှုအတွက်ကို ရိက္ခာတွေ၊ အသုံးအဆောင်တွေ ဖြန့်ဝေပေးဦးမှာ ဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူများအနေနဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းအပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းလုပ်ငန်း၊ လျှပ်စစ်မီးသွယ်လုပ်ငန်းစတဲ့ အခြေခံအဆောက်အအုံလုပ်ငန်းတွေမှာ ဝင်ရောက်ပြီးတော့မှ Cast for Work အနေနဲ့ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူများနေထိုင်မယ့် ကျေးရွာတည်ထောင်မှုလုပ်ငန်းများမှာ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းပြီးစီးမှုမြန်ဆန်နိုင်တဲ့အပြင် တစ်ဦးချင်းဝင်ငွေတွေလည်း ရရှိလာနိုင်မှာဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လိုသူများအတွက် ယခင်နေထိုင်ခဲ့ဖူးတဲ့ မူလနေရာနဲ့အနီးဆုံးပတ်ဝန်းကျင်မှာ ပြန်လည်နေရာချထားနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ တစ်ဖက်နိုင်ငံက ပြန်လည်ဝင်ရောက်လာသူများအတွက် ကျေးရွာသစ်များ ထူထောင်ပေးရာမှာ မြေနေရာရှင်းလင်းမှုများ၊ အိမ်ရာကွက်များကို မြို့ရွာနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Village Plan နှင့်အညီ အိမ်ရာ၊ ဆေးခန်း၊ ကျောင်း၊ ဈေးစတဲ့ ပါဝင်တဲ့ရွာများကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ တစ်လက်စတည်း ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ ကျွန်တော်တို့တွေဟာ အစိုးရအနေနဲ့ မြေနေရာရှင်းလင်းမှု၊ မီးလောင်ပြင်တွေကို ရှင်းတဲ့အခါမှာ မူလကရွာတွေဟာ မီးလောင်ထားတဲ့အတွက် ဒီနေရာတွေကို ပြန်လည်ပြီးတော့မှ ကျေးရွာတွေတည်ဆောက်တဲ့အခါမှာ ထိုးထိုးထောင်ထောင်တွေနဲ့ မီးလောင်းကြွင်းကျန်ခဲ့တဲ့ပစ္စည်းတွေနဲ့အရာတွေနဲ့ဆိုလို့ရှိရင် ဘယ်လိုမှ ပြန်လည်နေရာချထားဖို့ အဆင်မပြေနိုင်တဲ့အတွက် မြေနေရာရှင်းလင်းမှုပြုလုပ်ခဲ့ရပါတယ်။ ဒီလိုပြုလုပ်တဲ့အခါမှာလည်း နိုင်ငံတကာစာမျက်နှာကနေပြီးတော့မှ ကျွန်တော်တို့ကို Budoza နဲ့ ထိုးပြီးတော့မှ အနေအထားတွေပျက်စီးအောင်လုပ်ပါတယ်ဆိုတဲ့ တိုက်ခိုက်မှုတွေလည်း ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေတွေထဲမှာပါတဲ့ ဒီသဘာဝဘေးအန္တရာယ်ကျရောက်သွားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အနေအထားအပေါ်မှာမူတည်ပြီးတော့မှ မူလအခြေအနေထက်ကောင်းအောင် ဆောင်ရွက်ခြင်း၊ Big Best, Better ဆိုတဲ့အနေအထားမျိုးနဲ့ စီမံတဲ့ ဥပဒေဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် နောက်ထပ် ဒီမှာမေးခွန်းရှင်က ပြည်သူများသိအောင် အသေးစိတ်ရှင်းလင်းပေးပါဆိုလို့။ နောက်ထပ် ငါးမိနစ်တစ်ကြိမ် ပေးပါမယ်။ အခု နှစ်ကြိမ်ပြီးသွားပြီ။ ကျွန်တော် နှစ်ကြိမ်ထက် ပိုမပေးပါဘူး။ အဲဒီတော့ ငါးမိနစ်အတွင်းမှာ လိုရင်းတိုရှင်းကို ပြည်သူတွေ ထင်သာမြင်သာတဲ့အချက်ကိုပဲ ရှင်းပေးပါ။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ ကိုယ်စားလှယ်တော်ကြီးသိလိုတဲ့ တတိယအချက်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှ ထွက်ခွာသူများဟုတ်/မဟုတ်ကို ဘယ်လိုစိစစ်ဆေးလက်ခံမလဲဆိုတဲ့ အပိုင်းအနေနဲ့လည်း ကျွန်တော်တို့အနေနဲ့ စောစောက ကျွန်တော်တင်ပြခဲ့သလို ပြန်လည်လက်ခံရေးမူ(၄)ချက်နှင့်အညီ စိစစ်ပြီးတော့မှ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုပြန်လည်ဝင်ရောက်လာသူများကို စိစစ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ လူဝင်မှုကြီးကြပ်ရေးကနေပြီးတော့မှ စိစစ်တဲ့၊ လက်ခံတဲ့အပြင်ကိုဝင်လာတဲ့သူတွေထဲမှာ အကြမ်းဖက်သူတွေ၊ ARSA အကြမ်းဖက်အဖွဲ့ဝင်တွေ မပါလာအောင်လို့လည်း ပြည်ထဲရေးကနေပြီးတော့မှ စိစစ်လက်ခံလျက်ရှိကြောင်း၊ စိစစ်လက်ခံဖို့ရှိကြောင်း ကျွန်တော်တို့အနေနဲ့ တင်ပြလိုပါတယ်။ နောက် စိစစ်လက်ခံတဲ့အခါမှာလည်း နိုင်ငံတော်ကထုတ်ပေးထားတဲ့သက်ဆိုင်ရာကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားခြင်းမရှိပါဘူးဆိုလို့ရှိရင် ကျွန်တော်တို့ National Verification Card ကိုတစ်ပါတည်း စိစစ်ထုတ်ပေးပြီးတော့မှ Biometric နည်းနဲ့ သူတို့ရဲ့ပေါ်လွင်ထင်ရှားတဲ့ အမှတ်အသားတွေကို မှတ်တမ်းရယူပြီးတော့မှ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီ NVC ကတ်ကို ကိုင်ဆောင်ခြင်းဖြင့် ဥပဒေနဲ့အညီ လွတ်လပ်စွာသွားလာခွင့်၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းတွေကို လက်လှမ်းမီရရှိမှာဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ARSA အဖွဲ့ဝင်များနှင့်ပတ်သက်လို့လည်း ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ARSA အကြမ်းဖက်အဖွဲ့အစည်းတွေက ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိ နယ်စပ်လုံခြုံရေးကင်းစခန်း ၃၀ ကို အချိန်ကိုက် တစ်ပြိုင်တည်းဝင်ရောက်စီးနင်း တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့ကို ဦးတည်ဖြေရှင်းဆောင်ရွက်မှု ကြောက်လန့်၍လည်းကောင်း၊ နောက်တစ်ခါကျွန်တော်တို့ အကြမ်းဖက်သမားများရဲ့စည်းရုံးလှုံ့ဆော်မှုကိုလက်ခံပြီး နေရပ်စွန့်ခွာထွက်ပေးခြင်းကိုလည်းကောင်း၊ နောက် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ နည်းမျိုးစုံနဲ့ ဖိအားပေးနေမှုများနှင့် ARSA များရဲ့ အကြမ်းဖက်ဆောင်ရွက်မှုကို နိုင်ငံတကာအဖွဲ့အစည်း သတင်းဌာနများက ထိန်ချန်ကာ မဟုတ်မမှန်ဝေဖန်ထိုးနှက်မှုများကိုလည်း သတိရှိရန်လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ မြန်မာနိုင်ငံအကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ကလည်း ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့က ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့ အစွန်းရောက်အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်များတွင်တာဝန်ရှိသော ARSA တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီ့အပြင်ဒီထုတ်ပြန်ကြေညာခဲ့မှုကို ကုလသမဂ္ဂ အကြမ်းဖက်တိုက်ဖျက်ရေးအမှုဆောင်အရာရှိချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့၊ ဥရောပရဲတပ်ဖွဲ့၊ အာဆီယံရဲတပ်ဖွဲ့နှင့် အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေး(Cooperation)အတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာမှသံရုံးများသို့လည်း

အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ARSA အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အဒူလာအဘူအာမာ အဒူနီ(ခေါ်)ဟာရစ်တိုအာဟာ ဆော်ဒီအာရေဗျနိုင်ငံအတွင်းရှိ အရင်းအမြစ်များနှင့် ဆက်စပ်မှုရှိကြောင်း သတင်းအချက်အလက်များကိုလည်း ရန်ကုန်မြို့ရှိ ဆော်ဒီအာရေဗျသံရုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Safe Zone နဲ့ပတ်သက်လို့ တင်ပြမယ်ဆိုလို့ ရှိရင်လည်း ဒီ Safe Zone နဲ့ပတ်သက်ပြီးတော့မှလည်း ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ကလည်း ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ပြတ်ပြတ်သားသား ပယ်ချထားပြီးဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း ကျွန်တော်တို့အနေနဲ့ International Safe Zone ဆိုတာဟာ နှစ်နိုင်ငံစစ်ဖြစ်လျှင်သော်လည်းကောင်း၊ ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ကာလများတွင် လည်းကောင်း ပဋိပက္ခဖြစ်ပွားရာဒေသအတွင်းရှိ အရပ်သားများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာ နိုင်ငံက ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသည့်အခြေအနေမှသာလျှင် ကုလသမဂ္ဂကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက ဦးဆောင်၍ ဝင်ရောက်ထိန်းသိမ်းရတဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ကိစ္စတွေဟာ ကျွန်တော်တို့ ဟာစီကိုပီးနားတို့၊ ဆီးရီးယားတို့မှာဖြစ်ခဲ့တဲ့ဖြစ်စဉ်နဲ့ လုံးဝကွဲပြားခြားနားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ နောက်ထပ်သိလိုတဲ့အချက်က လူမှုစာမျက်နှာတွေမှာ ထွက်ခွာသွားစဉ်က အမျိုးသမီးထုများပြီး ပြန်လာတော့ အမျိုးသားထုများပြားနေခြင်း ဖော်ပြထားခြင်းဟာ ရှင်းလင်းပြောကြားရမယ်ဆိုရင် ထွက်ခွာသွားစဉ်အခါက အမျိုးသား၊ အမျိုးသမီးအရွယ်မရွေး မိသားစုအလိုက် ထွက်ခွာသွားခဲ့တာဖြစ်ပါတယ်။ အခုပြန်လည်ရောက်ရှိဖို့ အတွက် ၈၀၃၂ ဦးကို ကျွန်တော်တို့စာရင်းပေးပို့စိစစ်တဲ့အခါမှာ အမျိုးသမီးဦးရေ ၂၃၃ ဦးနှင့် အမျိုးသားဦးရေ ၂၀၂ ဦး၊ အမျိုးသားအမျိုးသမီး စိစစ်၍မရသူ လေးဦး စုစုပေါင်း ၄၃၉ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီလူတွေဟာ မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့သူမှန်ကန်ကြောင်း စိစစ်တွေ့ရှိရတဲ့ စာရင်းထဲမှာ ပါဝင်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားဦးရေများပြားနေခြင်းဆိုတဲ့ အချက်ဟာ မှန်ကန်မှုမရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်းမှာ ပြန်လည်ဝင်ရောက်လာမယ့်မူဆလင်များလက်ခံရေးကိစ္စကို ပွင့်လင်းမြင်သာမှုရှိရေးအတွက် ပြည်သူများအား အသေးစိတ်ရှင်းပြရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း ပွင့်လင်းမြင်သာစွာ ပြည်သူကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးသိရှိလိုသော အစိုးရ၏ကောင်းမွန်သော လက်ခံရေးအစီအစဉ်များကို တင်ပြပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ ပိုမိုသိရှိနားလည်စေရန်အတွက် နေ့စဉ် မြန်မာ၊ အင်္ဂလိပ်သတင်းစာများမှာ ခရိုင်ပြည်နယ်သတင်းဖြင့် သီးသန့်စာမျက်နှာတွင် ဖော်ပြလျက်ရှိသကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ကလည်း တီဗွီအစီအစဉ်၊ FL အစီအစဉ်တို့ဖြင့် ထုတ်လွှင့်လျက်ရှိပါတယ်။ နောင်တွင်လည်း ဆောင်ရွက်မှုအစဉ်တိုင်း၌ ပြည်သူများထံ အသေးစိတ်ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်းနှင့် ယနေ့မွန်းလွဲပိုင်းမှာလည်း ရခိုင်ပြည်နယ်ဆိုင်ရာအခြေအနေများနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပသတင်းသမားများနှင့် သတင်းစာ

ရှင်းလင်းပွဲကိုလည်း ပြုလုပ်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ပြည့်ပြည့်စုံစုံရှင်းလင်းနိုင်အောင် အချိန်ပိုပေးတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အသေးစိတ်ရှင်းပြပေးတဲ့ ဒုတိယဝန်ကြီးကို ပြည်သူများရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို တစ်ဆက်တစ်ဆက်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ယခုလိုပြန်လည်လက်ခံရေးလုပ်ငန်းတွေဟာ အစိုးရနဲ့သက်ဆိုင်ရာ အာဏာပိုင်များကသာဆောင်ရွက်ရမယ့်လုပ်ငန်းလို့ ပြည်သူတွေ ကျွန်တော်တို့တစ်တွေ နားလည်ထားပါတယ်။ သို့သော်လူမှုကွန်ယက်များမှာ အမျိုးသမီးတစ်ဦးက ပြန်လည်ထွက်ခွာသွားသော ဘင်္ဂါလီများကို ပြန်လာရန်သွားခေါ်သည့် သတင်းများ ပျံ့နှံ့နေပါပြီ။ ထိုသတင်းမှန်ကန်ပါက ကျွန်တော်တို့ ပြည်သူများအနေဖြင့်သိရှိလိုသည်မှာ အစိုးရအနေဖြင့် ထိုအမျိုးသမီးကို မည်သို့ဟန့်တားထားပြီး မည်သို့အရေးအရာဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ ဒုတိယမေးခွန်းတစ်ဆက်တစ်ဆက်တည်းအနေဖြင့် ယခုလိုထွက်ခွာသွားသော ဘင်္ဂါလီပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ယနေ့အထိ နိုင်ငံတော်မှ ငွေမည်မျှသုံးစွဲပြီးပါပြီးလဲဆိုတာကို တစ်ဆက်တစ်ဆက်တည်း မေးခွန်းအဖြစ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ စောစောက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဒီအမျိုးသမီးတွေနည်းပြီးတော့မှ အမျိုးသားတွေများပြီးတော့ဆိုတဲ့အကြောင်းမေးထားတဲ့မေးခွန်းလို့ ကျွန်တော် ယူဆပါတယ်။ အမျိုးသမီးတွေကို အဲ့ဒီ တင်ပြတဲ့အမျိုးသမီးကို အရေးယူမယ်ဆိုတဲ့အပိုင်းကို အခုကျွန်တော်တို့ ဒီအပိုင်းနဲ့ ပက်သက်ပြီးတော့ မှ လူမှုကွန်ယက်မှာ ရေးသွားတဲ့အနေအထားအပေါ်မှာကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့မှ ပြန်ကြားရေးဝန်ကြီးဌာန။

**ဥက္ကဋ္ဌ**။ ။ ဖြေတာစောင့်လိုက်ပါအုန်း။ ဒုတိယဝန်ကြီး ဒီဘက်လှည့်ဖြေပါခင်ဗျား။ မေးခွန်းဖြေတယ်ဆိုတာ၊ အဆိုဆွေးနွေးတယ်ဆိုတာ လွှတ်တော်က ဥက္ကဋ္ဌကနေတစ်ဆင့်သွားရတာပါ။ ကိုယ်တိုင် အဆိုရှင်နဲ့၊ ဆွေးနွေးမယ့်သူနဲ့၊ မေးခွန်းရှင်နဲ့၊ ဖြေဆိုတဲ့ဝန်ကြီးနဲ့ တိုက်ရိုက်မျက်နှာချင်းဆိုင်ဆွေးနွေးတာ မဟုတ်ပါဘူး။ အဲဒီလိုဆွေးနွေးတယ်ဆိုတာ Hearing မှဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဒါလွှတ်တော်ကို တာဝန်ခံရတာပါ။ မေးခွန်းရှင်ကို တာဝန်ခံရတာ မဟုတ်ပါဘူး။ ဒါကြောင့်မိုလို့မေးခွန်းကို ဆွေးနွေးတဲ့အခါမှာ လွှတ်တော်ကို မျက်နှာမူပါ။ လွှတ်တော်ကို မျက်နှာမူပါဆိုတာကျွန်တော်ကို မူခိုင်းတာ မဟုတ်ပါဘူး။ နိုင်ငံတော်တံဆိပ်ရှိတယ်။ နိုင်ငံတော်ကို မူခိုင်းတာပါ။ အဲ့ဒါကိုသိဖို့လိုပါတယ်။ လွှတ်တော်ကို ဆွေးနွေးပါဆိုတာ ဦးတည်ပါဆိုတာ ကျွန်တော်ကို ဦးတည်ခိုင်းတာမဟုတ်ဘူး။ ကျွန်တော့က နိုင်ငံတော်ကိုယ်စား လုပ်နေတာ။ နိုင်ငံတော်တံဆိပ်တင်ထားတယ် ထိပ်မှာ။ အဲ့နိုင်ငံတော်ကို ဦးတည်ပြီး ဆွေးနွေးတာ။ အဲ့ဒါသဘောပေါက်ပါ။ တိုတိုနဲ့လိုရင်းဆွေးနွေးပါ။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့်ပြန်လည် နေရာချထားရေးဝန်ကြီး ဌာန)**။ ။ အဲ့မှာ ကျွန်တော့အနေနဲ့ ဒါဥက္ကဋ္ဌကြီးကို မူတည်ပြီး ဆွေးနွေးရမယ်ဆိုတဲ့အပိုင်းမှာ ကျွန်တော်မရှင်းလိုက်တဲ့ သူမေးတဲ့မေးခွန်းကို ကျွန်တော်အနေနဲ့ မရှင်းလို့ ပြန်မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့နားမလည်မှုအပေါ်မှာ ခွင့်လွှတ်ပေး ဖို့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေပါ။ ဖြေစရာရှိတာပဲ ဖြေလိုက်ပါ။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ ကျွန်တော်တို့ဒီ အမျိုးသမီးနဲ့ပက်သက်ပြီးတော့မှ အရေးယူဖို့ကိစ္စကို ဆက်လက် ပြီးတော့မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ ကျွန်တော်တို့ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ငွေမည်မျှသုံးစွဲထားတယ်ဆိုတဲ့အပိုင်းမှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သုံးစွဲထားတဲ့အပိုင်းကိုတော့ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းတင်ပြလို့ရပါတယ်။ အဲဒီအကြမ်းဖျင်း သုံးစွဲထားတယ်ဆိုတဲ့အနေအထားမှာတော့ ကျွန်တော်တို့အနေနဲ့ မြန်မာကျပ်ငွေ ၃ ဘီလီယံလောက် ကျွန်တော်တို့ သုံးစွဲထားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီသုံးစွဲ ထားတဲ့အပိုင်းတွေမှာ ပြန်လည်လက်ခံရေးစခန်းတွေမှာ တည်ဆောက်တဲ့အပိုင်းတွေ ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ကြားစခန်းတည်ဆောက်တဲ့အပိုင်းတွေ ရှိပါတယ်။ နောက်မြေနေရာ ရှင်းလင်းတဲ့အပိုင်းတွေ ရှိပါတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့ UEHRD ရဲ့လုပ်ငန်းစဉ်အောက်ကနေ သုံးစွဲခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြီးပါပြီ။

**စေတုတ္တရာမြို့သည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက မြို့သူမြို့သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် မုန်တိုင်း Shelter တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ စေတုတ္တရာမြို့ပြည်သူတွေ ရေဘေး အန္တရာယ်ကင်းဝေးစေဖို့ Cyclone Shelter တည်ဆောက်ပေးရေးကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းသွားမှာပါ။ စေတုတ္တရာမြို့ဟာ မကွေးတိုင်းဒေသကြီးရဲ့အနောက်ဘက် ရခိုင်ရိုးမနှင့် နတ်မတောင်လမ်းကြောင်းမှာ အလွန်ကျဉ်းမြောင်းတဲ့ တောင်ကြားဒေသမှာတည်ရှိပါတယ်။ မြို့နယ်ရဲ့ အနောက်မြောက်မှ အရှေ့တောင်ဘက်ကို မုန်းချောင်းက ဖြတ်သန်းစီးဆင်းပြီးတော့ ရခိုင်ရိုးမမှာ မြစ်ဖျားခံတဲ့ ထီးချောင်း၊ ကျီးချောင်း၊ ဆီမီးချောင်းများလည်း စီးဆင်းလျက်ရှိပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ စေတုတ္တရာမြို့ရဲ့အထက် နှစ်မိုင်ခန့်အကွာမှာ အမြင့်ပေ ၁၅၀၊ အလျား ၁၃ မိုင်၊ ဧကပေ ၆၂၀၉၀၀ ရှိတဲ့ မုန်းတမံရေပြင်ကြီးရှိပါတယ်။ စေတုတ္တရာမြို့ရဲ့အောက်ဘက် တစ်မိုင်ခန့်

အကွာမှာတော့ ၁၈ မိုင်ခန့်ရှည်လျားပြီးတော့ ဧကပေ ၃၀၂၇၀၀ ရှိတဲ့ ကြီးအုံကြီးဝတမံ ရေပြင်ကြီးရှိပါတယ်။ မိုးတွင်းကာလရောက်တိုင်း မုန်းတမံရေပြင်ကြီးရဲ့ ရေ Level RL 520 ကျော်တာနဲ့ ရေပိုလွှဲက ရေကျော်ကျနေတာ တိတ်ဆိတ်တဲ့ညများမှာ တစ်မြို့လုံးကို ထိတ်လန့်ဖွယ်ဖုံးလွှမ်းနေပါတယ်။ ရေပိုလွှဲဟာ ရေကျော်တဲ့မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်မှာ ၁၈ ပေ၊ ၂၀၁၁ ခုနှစ်မှာ ၁၅.၈ ပေ၊ ၂၀၁၅ ခုနှစ်ရေဘေးမှာတော့ ၃၅.၈ ပေနဲ့ အမြင့်ဆုံးပါ။ ၂၀၁၅ ခုနှစ် ရေဘေးမှာ ဧကပေ ၄၉ သိန်းကျော်စီးဝင်ပါတယ်။ ဧကပေ ၆ သိန်းသာသိုလှောင်နိုင်တဲ့အတွက် ၇ ဆကျော် ဧကပေ ၄၃ သိန်း ရေပိုလွှဲက ကျော်ကျပြီး ရေပိုလွှဲကြီး ပျက်စီးခဲ့ရပါတယ်။ အောက်ဘက် ကြီးအုံကြီးဝတမံ ရေပြင်ကြီးဟာလည်း မိုးကာလရောက်တိုင်း စေတုတ္တရာမြို့အခြေအထိ ဖုံးလွှမ်းနစ်မြုပ်လေ့ရှိပါတယ်။ မြို့ရဲ့တောင်ဘက်အခြေမှာတော့ ရခိုင်ရိုးမကိုမြစ်ဖျားခံတဲ့ ဆီမီးချောင်းက ကွေ့ဝိုက်စီးဆင်းနေပြီး မြို့ရဲ့အောက်ဘက် တစ်မိုင်ခန့်အကွာမှာ မုန်းချောင်းထဲကို စီးဝင်ပါတယ်။ မိုးတွင်းကာလ ဆီမီးချောင်းရေကြီးချိန်မှာကြီးအုံကြီးဝတမံရေပြင်ကြီး ပိတ်ဆီးနေတဲ့အတွက် မြို့ရဲ့တောင်ဘက်ပိုင်းကို ရေလွှမ်းမိုးလေ့ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တမံရေပြင်ကြီးတွေရဲ့အောက်မှာနေရတဲ့ မြို့/ရွာတွေဟာ ချိန်ကိုက်ဗုံးကြီးတစ်လုံးကို ပိုက်ထားရသလို မုန်တိုင်းသတင်း၊ ငလျင်သတင်း၊ မိုးလေဝသ သတင်းတွေကိုနားဆင်ရင်းနဲ့ တထိတ်ထိတ် တလန့်လန့် ရှင်သန်နေထိုင်ကြရတာပါ။ အထက်ဘက်က မုန်းတမံရေပြင်၊ အောက်ဘက်က ကြီးအုံကြီးဝတမံရေပြင်၊ နံဘေးက ဆီမီးချောင်းရေကြီးမှုတွေကြောင့် စေတုတ္တရာမြို့သူမြို့သားတွေဟာ မိုးကာလရောက်တိုင်း မြို့ရဲ့မြောက်ဘက် ကုန်းမြင့်ရှိရာကို နှစ်စဉ်နီးပါး ရေဘေးရှောင်ရပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်း၊ ၂၀၁၃ ခုနှစ် မဟာစံမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ် ကွန်မန်မုန်တိုင်းနှင့် ၂၀၁၆ ခုနှစ် မုန်တိုင်းကာလတွေမှာ ထိတ်လန့်တုန်လှုပ်စွာ ပြေးရှောင်ခဲ့ကြရပါတယ်။ 7.2 Magnitude ပြင်းအားရှိတဲ့ ၁၉၉၅ ခုနှစ် Kobe ငလျင်၊ 8.9 Magnitude ရှိတဲ့ ဆူနာမီရေလှိုင်းကြီးတွေဖြစ်ပေါ်စေခဲ့တဲ့ ၂၀၁၁ ခုနှစ် Tohoku ငလျင်လို ငလျင်ကြီးတွေလှုပ်ခတ်ခဲ့လျှင် တမံကြီးတွေနှစ်ခုအောက်က စေတုတ္တရာမြို့နယ်နဲ့ ပွင့်ဖြူမြို့နယ်ပြည်သူတွေရဲ့ဘဝဟာ မတွေးဝံ့စရာပါ။ ဒါကြောင့် ကျွန်တော်တို့လို တမံရေပြင်တွေအောက်မှာရှိတဲ့ ရပ်ရွာပြည်သူတွေ ရေဘေးအန္တရာယ်၊ ငလျင်ဘေးအန္တရာယ် အချက်ပေး Alarm System တွေ တပ်ဆင်ပြီးတော့ အသိပညာပေး ဇာတ်တိုက်လေ့ကျင့်မှုတွေလုပ်ဖို့ အထူးလိုအပ်လှပါတယ်။ ယခုနှစ်ဟာ လာနီညာရာသီဥတုရဲ့အကျိုးဆက်ဖြစ်တဲ့ မိုးသည်းထန်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သလို ငလျင်ငယ်များ မကြာခဏလှုပ်ခတ်နေခြင်းဟာ ဟိမဝန္တာငလျင်ကြောနှင့် စစ်ကိုင်းငလျင်ကြောပေါ်မှာတည်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် အထူးသတိထားကြရမှာပါ။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မုန်းတမံရေပြင်ကြီးနှင့် ကြီးအုံကြီးဝတမံရေပြင်ကြီးနှစ်ခုကြား ရေကန်ကြီးအတွင်းနေထိုင်ရသော စေတုတ္တရာမြို့ဟာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းစတဲ့ သဘာဝဘေးအန္တရယ်တွေဖြစ်ပွားပါက ၂၀၁၅ ခုနှစ်ရေဘေးကဲ့သို့ တစ်မြို့လုံးရေပြင်ကြီးအောက် နစ်မြုပ်နိုင်တဲ့ အန္တရာယ်ရှိနေပါသဖြင့် မြို့သူမြို့သားများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် မုန်တိုင်း

Shelter တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်လွင်အောင်လွင်ရဲ့မေးခွန်းနဲ့ ပက်သက်ပြီး ဖြေကြားပါမယ်ခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသတွင် တည်ရှိခြင်း၊ ငလျင်ဒဏ်ခံရနိုင်သောဒေသဖြစ်ခြင်း၊ မိုးရာသီ ကာလအတွင်း ပုံမှန်ဧရာဝတီမြစ်ရေကြီးမြင့်မှုနှင့် ရုံဖန်ရံခါ လျှပ်တစ်ပြက်ရေကြီးမှုဒဏ်ကို တွေ့ကြုံခံစား ရသော ဒေသဖြစ်တာကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော ဒေသများတွင် မိုးမကျမီ ရေဘေးကြိုတင်ကာကွယ်ရေးအစီအမံများနှင့် သောက်သုံးရေရရှိရေး အစီအမံ များကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိတဲ့ အတွက် ယခုအခါမှာလည်း ပြည်နယ်နှင့်တိုင်းအသီးသီးမှာ ငလျင်ဆက်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာလည်း ကျွန်တော်တို့ ငလျင်ဆက်တိုက် လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မကွေး တိုင်းဒေသကြီးဟာ ပထဝီဝင်အနေအထားအရ ပင်လယ်နှင့်ဝေးကွာသဖြင့် အခြားသောဒေသများနှင့် နှိုင်းယှဉ်ပါက ပြင်းထန်တဲ့ မုန်တိုင်းဒဏ်ကို ကြုံတွေ့ခံစားမှုနည်းပါးသောဒေသဖြစ်သော်လည်း စေတုတ္တရာမြို့ဟာ မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုများကြောင့် အများပြည်သူ ရေဘေးလွတ်ရာ ကုန်းမြင့်နေရာ သို့မဟုတ် ခိုလှုံရာအဆောက်အအုံတို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်၏ အလေးထားတောင်းဆိုတဲ့ မြို့သူမြို့သားများရဲ့ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရန် အတွက် ဘေးအန္တရာယ်ခိုလှုံရာ Community Shelter တစ်လုံးဆောက်လုပ်ပေးနိုင်ပါကြောင်းနှင့် အဆိုပါအဆောက်အအုံအတွက် မြေနေရာရရှိရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး မြေနေရာသတ်မှတ်ပြီးပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် အမြန်အကောင်အထည်ဖော် ဆောက်လုပ်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန် နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန်များရှိ နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာမြို့နယ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်နေသည့် စက်မှုဇုန်နေ့ကလေးထိန်းကျောင်းသုံးကျောင်း ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်နေသည့် နေ့ကလေးထိန်းကျောင်းနှစ်ကျောင်းရှိပြီး ကလေးငယ် ၂၂၀ ဦးကို တာဝန်ယူသင်ကြားပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာဆိုရင် လူဦးရေရှစ်သိန်းကျော်ခန့် နေထိုင်ပါတယ်။ အလုပ်သမားမိသားစုများတဲ့အတွက် မိဘတွေဟာ စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်ဆင်းကြရတဲ့အတွက် ကလေးသူငယ်များလည်း လွန်စွာမှများပြားပါတယ်။ ယနေ့ကလေးငယ်တွေဟာ နောင်အနာဂတ်မှာ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်များဖြစ်လာမယ့်သူတွေပါ။ ကျွန်တော်တို့နိုင်ငံအတွက် ခေါင်းဆောင်ကောင်း၊ ပညာရှင်များဖြစ်လာမယ့် ကလေးသူငယ်များကို ငယ်ရွယ်စဉ်ကလေးဘဝကတည်းက စနစ်တကျပြုစုပျိုးထောင်ပေးဖို့ အမှန်တကယ်လိုအပ်ပါတယ်။ ကျွန်တော်တို့မြို့သစ်တွေကို လယ်ယာမြေတွေအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါတယ်။ လှိုင်သာယာမြို့နယ် နေ့ကလေးထိန်းကျောင်း ငါးကျောင်းကိုလည်း မြို့သစ်စတည်ထဲက တည်ဆောက်ထားရပါတယ်။ ယနေ့အချိန်မှာ နေ့ကလေးထိန်းကျောင်းတွေရဲ့ မြေမျက်နှာပြင်တွေဟာ လမ်းမြေမျက်နှာပြင်တွေထက် လွန်စွာမှနိမ့်ကျနေပါတယ်။ မိုးတွင်းအခါမှာဆိုရင် နေ့ကလေးထိန်းကျောင်းအတွင်း ရေများနစ်မြုပ်နေသည့်အတွက် ကျောင်းသို့လာတဲ့ကလေးငယ်တွေဟာ ကျောင်းအဝင်လမ်းတွေရေမြုပ်နေတဲ့အတွက် ရေထဲကနေလမ်းလျှောက်ပြီး လာခဲ့ရပါတယ်။ ကျောင်းဝင်းအတွင်း မြေကွက်လပ်အလွတ်များရှိနေသော်လည်း ရေနစ်မြုပ်မှုဒဏ်ခံနေရသည့်အတွက် ကလေးကစားကွင်းများကိုလည်း တည်ဆောက်လို့မရနိုင်ပါဘူး။ ရှေးဦးအရွယ်ကလေးသူငယ်များပြုစုပျိုးထောင်ရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူစီမံဆောင်ရွက်ပေးပြီး လှိုင်သာယာမြို့နယ်ရှိ နေ့ကလေးထိန်းကျောင်းငါးကျောင်းကို

အဆောက်အဦများနှင့် ကလေးကစားကွင်းများ၊ ကျောင်းအဝင်လမ်းများကို အဆင့်မီပြုပြင်ဆောင်ရွက်ပေးခြင်း၊ သင်ကြားမည့် ဆရာဆရာမများကိုလည်း ဝန်ထမ်းအင်အားသတ်မှတ်ချက်ပြည့်မီအောင် ခန့်ထားပေးရန် အစီအစဉ်ကို မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းမေးမြန်းသူ လှိုင်သာယာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ၂၀၁၄ ခုနှစ်မှာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးဆိုင်ရာဥပဒေနဲ့ မူဝါဒတို့ကိုချမှတ်ခဲ့ပြီး နေ့ကလေးထိန်းဌာနနဲ့ မူလတန်းကြိုကျောင်းများကို မှန်ကန်သောကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဖွင့်လှစ်နိုင်ရေးကြိုးကြပ်ဆောင်ရွက်လျက်ရှိပြီး မူဝါဒပါ မဟာဗျူဟာလုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ အသက် ၃ နှစ်နှင့် ၅ နှစ်အရွယ်ထိ ကလေးသူငယ်များအတွက် မူလတန်းကြိုကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းနဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား အသိအမှတ်ပြုခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ သင်ထောက်ကူပစ္စည်းများနဲ့ တာဝန်ခံဆရာမတစ်ဦးကို တစ်လ ကျပ် ၃၀၀၀၀ နှုန်းဖြင့် စာသင်ဆရာမတစ်ဦးလျှင် တစ်လ ကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နှစ်ကို ကျပ် ၆ သိန်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ နေ့ကလေးထိန်းဌာနသို့မဟုတ် မူလတန်းကြိုကျောင်းများတွင် တာဝန်ထမ်းဆောင်နေတဲ့ ဆရာဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေအခန်း(၅) ပုဒ်မ ၂၉ အရ နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများတွင် တာဝန်ထမ်းဆောင်လိုသော တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံး ဆရာဆရာမတစ်ဦးဟာ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်တဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်းတစ်ခုခုကိုသော်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုလက်ခံသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးပုဂ္ဂလိကသင်တန်းတစ်ခုခုကိုသော်လည်းကောင်း တတ်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရပါမယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှာ အဆိုပါသင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနပိုင်မူလတန်းကြိုကျောင်းအဖြစ်လွှဲပြောင်းလိုပါက ဒီပိုင်ဆိုင်မှုဟာ လူမှုဝန်ထမ်းဦးစီးဌာန၏မြေအဖြစ် လွှဲပြောင်းပေးရမည်

ဖြစ်ကြောင်းအပါအဝင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံရယူသွားမှာ ဖြစ်ပါတယ်။ အခု ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့မှ လှိုင်သာယာမြို့သစ်တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်ခဲ့ရာမှာ မြို့သစ်နေပြည်သူများ အလုပ်အကိုင်ရရှိရေး၊ အလုပ်ဌာနများသို့ သွားလာမှုလွယ်ကူစေရေးနဲ့ မြို့သစ်ဖွံ့ဖြိုးရေးတိုးတက်စေရေး ရည်ရွယ်ချက်အနေနဲ့ စက်မှုဇုန်များမှာဆောင်ရွက်နေတဲ့ အိမ်ထောင်ရှင်အမျိုးသမီး အလုပ်သမားများ လုပ်ငန်းခွင်သာယာရေးနဲ့ အလုပ်အကိုင်တည်မြဲရေးတို့အတွက်ကို နေ့ကလေးထိန်းကျောင်းအဖြစ် သုံးကျောင်းကို တည်ဆောက်ပေးခဲ့ပါတယ်။ နေ့ကလေးထိန်းကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာမငါးဦး၊ ဝန်ထမ်းနှစ်ဦးခန့်ထားပြီး လစာပေးနိုင်ရန်အတွက် Sinking Fund ကျပ်သိန်း ၁၀၀ စီ မြန်မာ့စီးပွားရေးဘဏ်မှာ Joint Account ဖွင့်လှစ်အပ်နှံထားရှိကြောင်း သိရှိရပါတယ်။ အဆိုပါ လှိုင်သာယာမြို့နယ်စက်မှုဇုန်များရှိ အမှတ်(၁)၊ (၂)၊ (၃) နေ့ကလေးထိန်းကျောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း မြေအဆောက်အဦဝန်ထမ်း၊ နေအိမ်၊ Sinking Fund လက်ကျန်ငွေ၊ ဆရာမများ၊ အမှုထမ်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသွားမှာဖြစ်ပါကြောင်း ပြန်ကြားချက်ရရှိပြီးဖြစ်သဖြင့် ဝန်ကြီးဌာန၏တင်ပြပါ လွှဲပြောင်းလက်ခံရမည့် စာရင်းဇယားများနှင့်အညီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စနစ်တကျ လွှဲပြောင်းလက်ခံသွားပြီး လိုအပ်တဲ့ပြုပြင်တည်ဆောက်မှုလုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၉-၃-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့ထုတ် သတင်းစာတွင်ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ် မြောက်ပိုင်း လုံခြုံရေးအခြေအနေထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ပြောင်းရွှေ့ နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၄)ရက်မြောက်နေ့ (၅-၃-၂၀၁၈ ရက်နေ့)မှာတင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ထုတ် သတင်းစာတွင်ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေထုတ်ပြန်ချက်ပါ အချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တော နှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြု ခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆို နှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၈ ဦးရှိပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော် မှာလိုက်နာရမယ့်နည်းလမ်းနှင့် လိုက်နာရမယ့်စည်းကမ်းအရ ဆွေးနွေးကြဖို့ ကြိုတင်အသိပေးပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးနှစ်ဦးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ အဆိုကို သုံးသပ်ဆွေးနွေးမယ့် မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ မနှစ်တုန်းက ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်တဲ့ ကမန် လူမျိုးဒုက္ခသည်သတင်းကိစ္စကို အခုတစ်နှစ်ရောက်ခါနီးမှ ၂၀၁၈ ခုနှစ်ကျမှ ဘယ်လိုစိတ်ကူးနဲ့ တရေးနိုးထလာပြီး အဆိုအဖြစ်တင်သွင်းလာခြင်းဟာ အကြံကောင်းတစ်ခုခုတော့ရှိမှာပဲလို့ ပထမဦးဆုံး ကျွန်တော်သုံးသပ်လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးအဆိုအပေါ်သုံးသပ်ကြည့်ရင် အဆိုရှင်က ရခိုင်ပြည်နယ်မှ ကမန်လူမျိုးဒုက္ခသည်အိမ်ထောင်စု ၅၅ စုကို လက်ရှိအစိုးရမှ ရန်ကုန်မြို့

သို့ပြောင်းရွှေ့နေရာချထားပေးသည့်အပေါ်မှာ သဘောမတူနိုင်တဲ့သဘော၊ မဖြစ်စေချင်တဲ့သဘော၊ မူဆလင်တွေဖြစ်နေတယ်။ သူတို့ကြောင့် ပြဿနာဟာကင်ဆာရောဂါလိုပြန့်ပွားလာနိုင်တယ်။ ဒါ့ကြောင့် ယင်းဒုက္ခသည်များကို ရခိုင်ပြည်နယ်သို့ ပြန်ပြောင်းရွှေ့သင့်တယ်ဆိုတဲ့ ပြည်ထောင်စုအစိုးရက ပြန်လည်သုံးသပ်ပေးရန် အဆိုတင်ပြချက်ကို လက်ရှိရခိုင်ပြည်နယ်ရဲ့ အခြေအနေဟာ တဖြည်းဖြည်းချင်း သိမ်ငယ်စရှိလာတဲ့အချိန်မှာ ပြဿနာတစ်ခုခုပြန်ပေါ်လာစေရန် ရည်ရွယ်နေသလိုများ ဖြစ်နေမလားလို့ သုံးသပ်ဆွေးနွေးလိုပါတယ်။ နောက်ပြီး အဆိုရှင်က ကမန်လူမျိုးတွေ ရခိုင်ပြည်နယ်ရှိ လူမျိုးတစ်မျိုး၊ တိုင်းရင်းသား၊ နိုင်ငံသားဖြစ်တယ်ဆိုတာကို သိသိနဲ့ဆန္ဒလွန်ပြီး အစိုးရကိုနိုင်ငံတကာနှင့် ပြည်သူတွေကို ဝေဖန်ကြပါစေလို့ရည်ရွယ်ပြီး လုပ်တဲ့သဘောများလားလို့ပဲ သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသား ပြည်သူနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၅ အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေချနေထိုင်ခွင့်ရှိသည်။ နောက်တစ်ခု တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေအခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(စ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိရန်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံသား၊ တိုင်းရင်းသားများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားတဲ့အခွင့်အရေးကို လူသားချင်းစာနာထောက်ထားမှုအရ ကာကွယ်စီမံပံ့ပိုးကူညီရမယ့်တာဝန်ရှိတဲ့အတွက် အဆို၌ ဇာတ်ကောင်ဖြစ်နေရသော ကမန်လူမျိုးအိမ်ထောင်စု ၅၅ စု ကြုံစုံနေရတဲ့ပြဿနာကို နိုင်ငံတော်အစိုးရမှစဉ်းစားပြီး ဖြေရှင်းဆောင်ရွက်နေခြင်းဖြစ်တယ်လို့ သုံးသပ်ဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ပြဿနာ အားလုံးသိတဲ့အတိုင်း ပထမလွှတ်တော်သက်တမ်းမှာ လူမှုရေးပြဿနာစဖြစ်ကြတယ်။ ပြဿနာဟာတဖြည်းဖြည်းချင်း အသွင်အမျိုးမျိုးနဲ့ပြောင်းလာတယ်။ ညှိ၍မရမပြေလည်နိုင်ကြဘူး။ မီးခဲပြာဖုံးဖြစ်နေကြတယ်။ ဒီလိုနဲ့ ၂၀၁၆ ခုနှစ်နောက်ပိုင်းမှာတော့ ဘင်္ဂါလီလူမျိုးများဟာ နိုင်ငံရေးအချုပ်အခြာအာဏာကို ထိပါးလာခြင်း၊ နယ်မြေရယူလိုခြင်းသဘောနှင့် အကြမ်းဖက်ပုံစံလုပ်ဆောင်လာတဲ့အတွက် ပြဿနာကြီးသသည်ထက်ကြီးလာတယ်။ အခုတော့ ဒီပြဿနာကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံကြီးအချို့နှင့် မူဆလင်နိုင်ငံများက နိုင်ငံတော်အစိုးရ ဟာ မြန်မာနိုင်ငံရှိမူဆလင်များကို ဖိနှိပ်တယ်၊ နှိပ်ကွပ်တယ်။ လူမျိုးတုံးသတ်ဖြတ်နေတယ်ဆိုပြီး ဝိုင်းဝန်းပြစ်တင်ရှုတ်ချကြပြီး ပြင်းထန်တဲ့အရေးယူမှုအထိ ပြုလုပ်ရန်ကြိုးစားနေကြတာ အားလုံးအသိဖြစ်မှာပါ။ နောက်ပြီး ဒီပြဿနာ ဒီအဆင့်ထိ ဘယ်လိုရောက်သွားသလဲဆိုတဲ့ဟာကို လူတော်တော်များများက စိတ်ဝင်စားကြပြီး သူတို့ရဲ့ယူဆချက်ကတော့ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ ရည်ရွယ်ချက်ရှိရှိဆိုတဲ့စကားလုံးကို ငှားသုံးပြီးပြောရမယ်ဆိုရင် ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်အဖွဲ့အစည်းအချို့က ပြဿနာဖြစ်လာအောင် ရည်ရွယ်ချက်ရှိရှိနှင့် အားပေးအားမြှောက်ခလောက်ဆန် ဖွပေးလို့ ဒီအဆင့်ကိုရောက်လာရခြင်းဖြစ်တယ်လို့ ပြောဆိုနေကြတာ ကြားကြမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး အဆိုရှင်က အစိုးရအနေဖြင့် ဒီကိစ္စကို ရည်ရွယ်ချက်ရှိရှိနှင့် ပြုလုပ်သလိုဖြစ်နေတယ်ဆိုတဲ့ပြောဆိုချက်ဟာ ဘေးအဖွဲ့အစည်းအတွက် ကွက်တိကျပ်ပြည့်မှန်သွား

သလဲဆိုတော့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဖမ်းဆီးခံရတဲ့ မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးက ဘင်္ဂါလီ အကြမ်းဖက်များကို ငွေကြေးထောက်ပံ့ပေးသူဖြစ်တယ်ဆိုတာကို ဘင်္ဂါလီတရားခံနှစ်ဦးရဲ့ ဖွင့်ဟပြောဆို ချက်အရ ဖမ်းဆီးခြင်းဖြစ်ကြောင်းဆိုတဲ့သတင်းကို ဖတ်မိရင်း ဆက်စပ်တွေးကြည့်လိုက်တော့ အဆိုရှင် ရဲ့ရည်ရွယ်ချက်ရှိရှိဆိုတဲ့ အဓိပ္ပာယ်ရဲ့အဖြေကဒါပါလားလို့ စိတ်တောင်မကောင်းမိပါဘူး။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်တစ်ချက် အဆိုရှင်က အစိုးရမှ အိမ်ထောင်စု ၅၅ စုအဖို့သာ ဖော်ပြပြီး ကြီးမားသော မိသားစုရဲ့အရေအတွက်ကို မြှုပ်ချန်ထားဖော်ပြနေခြင်းဟာလည်း လှည့်ကွက်တစ်ခုဖြစ်နိုင်ကြောင်း ဆိုပြီး နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီကို အထင်သေး၊ အမြင်သေး လိမ်ညာတဲ့ကော်မတီအဖွဲ့လို သိက္ခာချပြောဆိုနေခြင်းဟာလည်း ခလောက်ဆန်သပ်လျှိုအလုပ်ဖြစ် တယ်လို့ သုံးသပ်လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနှစ်ချုပ်အနေနဲ့ပြောရမယ်ဆိုရင် အဆိုရှင်က နိုင်ငံတော်အစိုးရကို ပို၍အကြပ်ရိုက်စေရန် အခုတလောပြုလုပ်နေသော ကုလသမဂ္ဂ Geneva အစည်းအဝေးအသံနှင့် အချိန်ကိုက်ပြီး ရည်ရွယ်လုပ်ဆောင်နေတာများလားလို့ နောက်ဆုံးသုံးသပ်၍ ကျွန်တော် ဒီအဆိုကို ဒီလောက်နဲ့ပဲဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ဖြစ်ပါတယ်။ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်ရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ဟာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာမှာပါတဲ့ အကြံပြုချက်(၁၂)ချက်ထဲက အချက်နံပါတ်(၈) ဖြစ်တဲ့ IDP စခန်းများပိတ်သိမ်းရေးဟာ ၎င်းရဲ့အဆိုနဲ့ တိုက်ရိုက်ပတ်သက်တယ်လို့ တင်ပြထားတာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအချက်အလက်များကို ဆွေးနွေးနိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို စတင်ဖွဲ့စည်းစဉ် ကတည်းက ကော်မရှင်အနေနဲ့ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်း စာနာထောက်ထားမှုများ အကူအညီပေးရေး၊ အခွင့်အရေးများနဲ့ ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဖွဲ့အစည်း၊ အဆောက်အအုံများ တည်ဆောက်ပေးရေးစတဲ့ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် များကို ဦးတည်ပြီးတော့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီကနေရရှိလာတဲ့ လေ့လာသုံးသပ်ချက်တွေ၊ အကြံပြုချက်တွေကို နိုင်ငံတော်အတိုင်ပင်ခံရုံးဌာနကနေပြီးတော့ သတင်းထုတ်ပြန်ချက်များမှာ ဖော်ပြ ထားတာကို တွေ့ရှိရပါတယ်။

ကော်မရှင်အနေနဲ့ သက်ဆိုင်သူများနဲ့ ကျယ်ပြန့်စွာဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးတဲ့နောက် မှာ ရှာဖွေတွေ့ရှိချက်များနဲ့ လေ့လာသုံးသပ်ချက်တွေကို နိုင်ငံတော်၏အတိုင်ပင်ခံရုံးဝန်ကြီးဌာနက

ဖွဲ့စည်းပေးထားတာဖြစ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေတစ်ဆင့် မြန်မာနိုင်ငံအစိုးရကို တင်ပြရမှာဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့ထဲမှာလည်း အကြံပြုချက်များပါဝင်တဲ့အစီရင်ခံစာလို့ ဆိုထားပါတယ်။ ၂၀၁၇ ခုနှစ် မတ်လမှာတော့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဟာ ကြားဖြတ်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ အစီရင်ခံစာရဲ့ရည်ရွယ်ချက်က အဲဒီထဲမှာ ဆောလျင်စွာ အရေးယူ ဆောင်ရွက်မှုများကို ပြုလုပ်နိုင်စေရန်နဲ့ ပိုမိုငြိမ်းချမ်း၍ အေးချမ်းသာယာသော အနာဂတ်တစ်ခုကို ကြိုးပမ်းတည်ဆောက်နေစဉ်ကာလအတွင်း အကြမ်းဖက်မှုများ ထပ်မံမပေါ်ပေါက်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်လို့ ဖော်ပြပါရှိပါတယ်။

နိုင်ငံတော်အစိုးရက ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကော်မတီတစ်ရပ်ကိုဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီရဲ့ ပြည်သူတို့ အစီရင်ခံစာ(၁)ထဲမှာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိမှု၊ နိုင်ငံသားစိစစ်မှုလုပ်ငန်းစတဲ့ ဆောင်ရွက်ချက်တွေကိုထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒါကြောင့် အကောင်အထည်ဖော်ရေးဟာ အစိုးရ၊ ကော်မတီများရဲ့ လုပ်ငန်းဖြစ်ပြီးတော့ ကော်မရှင်ကတော့ လေ့လာတွေ့ရှိချက်တွေ၊ အကြံပြုချက်တွေကို အစီရင်ခံစာအဖြစ်သာ တင်သွင်းရတာဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အကြောင်း မေးခွန်းများဆိုင်ရာစာမျက်နှာမှာ ကော်မရှင်ကို မြန်မာအစိုးရရဲ့ ကမ်းလှမ်းချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်ကိုးဦးအနက် ခြောက်ဦးမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ ကော်မရှင်ရဲ့အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၊ မဖော်ခြင်းဆိုတဲ့အချက်ဟာ နိုင်ငံတော်အစိုးရမှဆုံးဖြတ်ရမယ့်အချက်များဖြစ်တယ်လို့ ပါရှိပါတယ်။ အဆိုမှာတင်ပြထားတဲ့အချက်အလက်တွေနဲ့ ပိုမိုမှန်ကန်ရှင်းလင်းတဲ့ တင်ပြချက်ဖြစ်တယ်ဆိုတာကို သွားတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အကြံပြုချက် နံပါတ်(၈)ဖြစ်တဲ့ IDP စခန်းများပိတ်သိမ်းရေးဆက်စပ်စဉ်းစားတဲ့အခြေအနေထဲမှာ ယခင်အစိုးရမှ ဖော်ပြပါ IDP ပြဿနာများကို ဖြေရှင်းရန်အတွက် စီမံချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင်ချမှတ်ခဲ့သော်လည်း ထိုစီမံချက်များ၏အစိတ်အပိုင်းအနည်းငယ်ကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခုလက်ရှိအစိုးရသည် ၎င်းပြဿနာကိုဖြေရှင်းရန်အတွက် စီမံချက်တစ်ရပ်ချမှတ်ရန် လိုအပ်လျက်ရှိပါသေးသည်ဆိုပြီးတော့ ပြည်ထောင်စုအစိုးရ၏ စီမံပိုင်ခွင့်ကို ထင်ဟပ်စေတဲ့သဘောထားကို ဖော်ပြခြင်းဟာဆိုလို့ရှိရင် အဆိုရှင်ရဲ့စဉ်းစားချက်တွေကို ပျက်ပြယ်သွားစေတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ့ထက်ပိုထင်ရှားပြီးတော့ အဆိုရှင်ကပြန်လည်သုံးသပ်ပေးပါလို့ တင်ပြထားတဲ့အကြောင်းအရာတွေကို မလိုအပ်ဘူးဆိုတာသိသာစေတဲ့အချက်တစ်ချက်ရှိပါတယ်။ အကြံပြုချက် နံပါတ်(၈)ထဲမှာပဲ ပါပါတယ်။ အစိုးရအနေဖြင့် အောက်တွင်ဖော်ပြထားသည့်နည်းလမ်းသုံးခုမှ IDP များအား ပြန်လည်ဖြစ်နိုင်ခြေရှိခြင်းနှင့် လုံခြုံမှုရှိခြင်းကိုထောက်ထားပြီး ၎င်းတို့ရဲ့မူလဒေသများသို့မဟုတ် ပြန်လည်အခြေချခွင့်ပြုခြင်း သို့မဟုတ် နေရာသစ်များတွင် နေရာချမှုများပြုလုပ်ပေးခြင်းများကို ဆောင်ရွက်သင့်တယ်ဆိုတဲ့အချက်က IDP စခန်းများနဲ့ပတ်သက်လို့ တစ်နည်းဖော်ပြထားတာကတော့၊ ဆက်လက်ပြီးဖော်ပြထားတာကတော့ Return and Relocation ဆိုပြီးတော့ တိတိကျကျ

ရေးထားတာတွေရှိပါတယ်။ သင့်တော်တဲ့နေရာတစ်ခုကို ပြောင်းရွှေ့ချထားတာဖြစ်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ရဲ့ ထုတ်ပြန်ချက်ထဲမှာပါရှိတဲ့ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုပါသည်ဆိုတာနဲ့ ဆက်စပ်ကြည့်မယ်ဆိုရင် အဆိုမှာတင်ပြထားချက်တွေနဲ့ ကွဲလွဲသွားတာကို ပေါ်လွင်စေမှာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာမှာပါရှိတဲ့ အကြံပြုချက်တွေထဲမှာ ပြည်ထောင်စုအတွင်းမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် သမိုင်းရှည်ကြာစွာရှိခဲ့တဲ့ လူမျိုးစုငယ်တွေနဲ့ပတ်သက်ပြီးတော့ ပြန်လည်အခြေချခွင့်ပြုခြင်း၊ နေရာသစ်မှာ ပြန်လည်အခြေချခြင်း ဆိုတဲ့ကိစ္စတွေဟာဆိုရင် အပြုသဘောဆောင်တဲ့ နိုင်ငံတော်ရဲ့ဆောင်ရွက်ချက်တွေဖြစ်တဲ့အတွက် ဒီလို အပြုသဘောဆောင်ခြင်းတွေဟာဆိုလို့ရှိရင် ဖြစ်နိုင်ခြေရှိတဲ့အခြေချမှုတွေသာလျှင် ပြဿနာတွေကို ကင်းဝေးစေတယ်ဆိုတာ ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ ဒီအဆိုကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော့်အနေနဲ့ Line of Approach သုံးမျိုးနဲ့ ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလမ်းကြောင်းသုံးခုကို မဆွေးနွေးမီ ပထမဦးစွာ ပြောကြားလိုတာကတော့ ကမန်ဖြစ်ပါတယ်။ ကမန်တွေဟာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစု ၁၃၅ စုရှိတယ်။ အဲဒီအထဲက ရခိုင်မျိုးနွယ်စု ခုနစ်စုထဲမှာ တစ်စုအနေနဲ့ ပါပါတယ်။ Citizen by birth အရ ပြောမယ်ဆိုရင် သူ့မှာ Right ရှိပြီးသားဖြစ်ပါတယ်။ နိုင်ငံအတွင်း မည်သည့်နေရာကိုမဆို သွားလာနိုင်ပါတယ်။ ရန်ကုန်မြို့ကို နေရာချတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော့် အနေနဲ့ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ သတင်းထုတ်ပြန်ချက်မှာပါတဲ့အချက်တွေနဲ့ Code လုပ်ပြီး ပြောတဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်တွေ ကွဲလွဲနေတာကို ထောက်ပြဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်ဖြစ်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာအကြံပြုချက်မှာပါတဲ့ မူလနေရာချထားရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာကို လေ့လာကြည့်မယ်ဆိုရင် အဆိုရှင်တင်ပြထားသလို အကြံပေးချက်(၁၂)ချက်ရှိပါတယ်။ ဒီ(၁၂)ချက်ထဲကို လေ့လာလိုက်မယ်ဆိုရင်တော့ အချက်နံပါတ်(၈)နဲ့သွားပြီးတော့ ပတ်သက်နေတာကို တွေ့ရပါတယ်။ အဲဒါကတော့ ရမ်းဗြဲမြို့နယ်တွင် ကမန်လူမျိုးမိသားစု ၅၅ စုသည် မိမိတို့၏မူလနေအိမ်များကို စွန့်ခွာ၍ IDP စခန်းများတွင် နေထိုင်ကြရပါသည်။ မြန်မာအစိုးရအနေဖြင့် ထိုကမန်မိသားစုများ အတွက် ၎င်းတို့၏မူလနေထိုင်ရာဒေသမှာ နေအိမ်များဆောက်လုပ်ရာ၌ လိုအပ်သည့်အထောက်အပံ့များပေးခြင်း၊ ရခိုင်လူထုအသိုင်းအဝန်းအား ကမန်လူမျိုးများအနေဖြင့် မိမိတို့ရဲ့မူလဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ကြောင်း အကြောင်းကြားအသိပေးခြင်းနှင့် ထိုအခြေအနေသစ်ကို

နားလည်လက်ခံပေးရန် ပြင်ဆင်ပေးခြင်းများကို ပြုလုပ်သင့်ပါသည်ဟု ဖော်ပြထားပါတယ်။ အကြံပြုချက်မှာ ကမန်လူမျိုးမိသားစု ၅၅ စုကို မူလနေထိုင်ရာလို့ပြောပါတယ်။ ကျွန်တော်ထောက်ပြချင်တာ အဲ့ဒီအချက်ပဲဖြစ်ပါတယ်။ ဘယ်မြို့နယ်ကိုပို့ရမယ်။ ဘယ်နေရာကိုပို့ရမယ်လို့ ဖော်ပြထားတာမဟုတ်တဲ့အတွက် မူလဆိုတဲ့စကားရပ်နဲ့သွေဖြည်ပြီးတော့ ဆောင်ရွက်တဲ့အတွက် စဉ်းစားရန်ကိစ္စမဖြစ်နိုင်ဘူးလားလို့ ထောက်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်ကတော့ ပွင့်လင်းမြင်သာမှုပဲဖြစ်ပါတယ်။ သတင်းထုတ်ပြန်မှုမှာ ဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၅၅ စုကို ရွေးချယ်၍ဆိုပြီးတော့ ပါပါတယ်။ ရွေးချယ်တယ်ဆိုရင် ဘယ်လိုစံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်မှာလဲ။ ဒါကို တိတိကျကျဖော်ပြဖို့လိုပါတယ်။ အိမ်ထောင်စုတစ်စုမှာ မိသားစုဝင်အရေအတွက်ကိုလည်း ယခုထက်တိကျစွာဖော်ပြဖို့လိုပါတယ်။ ဘာကြောင့်ပြောရသလဲဆိုရင် ကမန်လူမျိုးရဲ့လူမှုပုံစံအရ အိမ်ထောင်စုဝင်အရေအတွက်သည် အနည်းဆုံး ၂၀ ဦးကနေ ၈၀ ဦးကြားထိ ရှိနိုင်တယ်လို့ မှတ်သားရပါတယ်။ ထုကြီးမားပါတယ်။ ရန်ကုန်မြို့ရဲ့ ဘယ်နေရာမှာနေရာချထားပါတယ်ဆိုတာလည်း မပါရှိသလို Resettlement လုပ်တဲ့ကိစ္စနဲ့ပတ်သက် ပြီးတော့လည်း လူမှုဘဝနေထိုင်ရေးကို ဘယ်လိုစီမံဆောင်ရွက်ပေးထားမယ်ဆိုတာတွေလည်း မပါရှိပါဘူး။ ဒီအချက်တွေကို ပြည်သူတွေကို ယနေ့အထိချပြထားခြင်းမရှိတာသည် ပွင့်လင်းမြင်သာမှုမရှိဘဲ လုပ်ဆောင်နေတယ်ဆိုတာကို တွေ့ရှိရမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ကတော့ လုံခြုံရေးအမြင်ပဲ ဖြစ်ပါတယ်။ IDP စခန်းကနေရွှေ့ပြောင်းတဲ့ ကမန်အိမ်ထောင်စု ၅၅ စုနဲ့ဆက်နွှယ်ပြီးတော့ နောက်ကွယ်က ARSA လို ဘင်္ဂါလီအကြမ်းဖက်သမားတွေပါလာနိုင်ပါတယ်။ Move Plan ကို သေသေချာချာကို ဆွဲမှရပါမယ်။ နောက်ကိုတော့ အဲဒီလိုပါလာခဲ့ရင်တော့ နောင်မှာအကြမ်းဖက်မှု Virus တွေကို ရန်ကုန်လိုအချက်အခြာမြို့ကနေပြီးတော့ တခြားနေရာကိုကူးစက်ပျံ့နှံ့သွားအောင် လုပ်လိုက်သလိုဖြစ်သွားမယ်ဆိုတာကိုလည်း အထူးသတိထားစေလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ပြဿနာတွေကိုဖြေရှင်းတဲ့အခါမှာ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့အကြံပြုချက်အတိုင်းဆောင်ရွက်တာပဲဖြစ်ဖြစ်၊ မည်သည့်နည်းလမ်းဖြင့်ဖြေရှင်းဖြေရှင်း၊ နိုင်ငံရဲ့တရားဥပဒေစိုးမိုးရေး(Law and Order)၊ နိုင်ငံရဲ့အချုပ်အခြာအာဏာ (Sovereignty)၊ အမျိုးသားလုံခြုံရေး(National Security)၊ နိုင်ငံနဲ့လူမျိုးစုတည်တံ့ခိုင်မြဲရေး(Self Preservation) ဒီအချက်တွေကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားဖို့လည်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ သတင်းစာမှာဖော်ပြခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းလုံခြုံရေးအခြေအနေထုတ်ပြန်ချက်ဟာဆိုရင် အထက်မှာဆွေးနွေးတင်ပြထားသလို ကွဲလွဲမှုများနှင့် သတိချပ်စရာတွေရှိတဲ့အတွက် မင်းကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ ကျောက်ဖြူ ပေါက်တော၊ ရမ်းဗြဲမြို့နယ်ရှိ မူကြမ်း

ဒုက္ခသည်များမှ ကမန်လူမျိုးအိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ပြောင်းရွှေ့ခဲ့ခြင်းနဲ့ပတ်သက်၍ ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပြီးတော့ မင်းကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမန်တွေဟာ ပါရှန်းဒေသက လာရောက်ပြီးတော့ ရခိုင်ဘုရင့်နိုင်ငံတော်မှာ စစ်မှုထမ်းခဲ့ကြတဲ့ လေး၊ မြားအတတ်ကျွမ်းကျင်ကြတဲ့ စစ်သည်တော်တွေဖြစ်တယ်လို့ သမိုင်းမှတ်တမ်းတွေမှာ ဖော်ပြထားရှိပါတယ်။ ကမန်လို့ခေါ်တဲ့ လေး၊ မြားကို အစွဲပြုပြီးတော့ ကမန်လူမျိုးရယ်လို့ခေါ်ခဲ့ကြပြီး ရခိုင်ပြည်နယ်မှာ ၎င်းတို့ရဲ့မူရင်းဒေသနေထိုင်ရာဆိုတာ မရှိခဲ့ဘဲနဲ့ ရခိုင်တွေနဲ့ ရောနှောပြီး နေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။ ရှင်းအောင်ပြောရရင် ကမန်တွေက ရခိုင်မျိုးနွယ်စုမဟုတ်ဘဲ ရခိုင်ပြည်နယ်မှာ ရွှေ့ပြောင်းအခြေချနေထိုင်လာတဲ့ လူမျိုးတစ်စုသာဖြစ်ပါတယ်။ သမိုင်းစဉ်တစ်လျှောက်မှာလည်း ရခိုင်တွေနဲ့ အေးအတူပူအမျှ နေလာခဲ့ကြပါတယ်။ ကမန်တွေဟာ အစ္စလာမ်ဘာသာကို ကိုးကွယ်ပြီး ရခိုင်စကားကို မိခင်ဘာသာစကားအဖြစ်ပြောဆိုကြပါတယ်။ သို့ရာတွင် ဘာသာရေးဆက်နွယ်မှုကြောင့် တစ်ဘက်နိုင်ငံကဝင်ရောက်လာတဲ့ ဘင်္ဂါလီများနှင့် ပေါင်းဖက်ဆက်ဆံမှုတွေရှိလာရာက သွေးနှောမှုတွေရှိလာပါတယ်။ ဘင်္ဂါလီတွေဟာ ဤအခြေအနေကိုအသုံးချပြီးတော့ အကျင့်ပျက်ဝန်ထမ်းတွေနဲ့ လာဘ်ပေးလာဘ်ယူလုပ်ကာ လုပ်ကမန်တွေဖြစ်လာကြတာကို ကမန်များကိုယ်၌က လိုလိုလားလားလက်ခံနေကြတယ်လို့ ရခိုင်များက ခံစားလာရပါတယ်။ ကမန်တွေဟာ ဘင်္ဂါလီတွေကို Made in Myanmar ပြည်တွင်းဖြစ် လုပ်ပေးနေတဲ့ ဘင်္ဂါလီဝင်ပေါက်လို့ မြင်လာကြပါတယ်။ နိုင်ငံတော်ကောင်စီအစိုးရလက်ထက်မှာ ကမန်တွေကို တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ စာရင်းသွင်းခဲ့ပါတယ်။ ဘယ်လိုစံနှုန်းသတ်မှတ်ချက်တွေနဲ့ သတ်မှတ်ခဲ့တယ်ဆိုတာ မသိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ဟာ ရှေးဘုရင်လက်ထက်ကတည်းက သစ္စာရှိရှိနေထိုင်လာကြတဲ့ မိတ်ဆွေကမန်စစ်စစ်တွေအတွက် ဒီလိုလုပ်ရပ်အပေါ်မှာ သဘောထားကြီးကြီးနဲ့ ရှုမြင်ခဲ့ကြပါတယ်။ နိုင်ငံတော်အပေါ်မှာ သစ္စာရှိတဲ့ကမန်တွေလို့ မှတ်ယူခဲ့ကြပါတယ်။ ရှေ့ဆက်လို့လည်း မှတ်ယူချင်ပါတယ်။ ကမန်လူဦးရေနဲ့ပတ်သက်လို့ ကမန်မိတ်ဆွေတွေကို မေးကြည့်တဲ့အခါမှာ လူဦးရေစုစုပေါင်း ၄၀၀၀၀ ကျော်ရှိတယ်လို့ပြောကြပါတယ်။ ဒါပေမဲ့ ဒါတွေကို တိတိကျကျမစိစစ်နိုင်ရင် ဘင်္ဂါလီတွေအားလုံးဟာ ကမန်ဖြစ်သွားလိမ့်မယ်လို့ ဒေသခံတွေက စိုးရိမ်တကြီးပြောနေကြပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှာ တိုင်းရင်းသားဆိုတဲ့ ကမန်ဦးရေကို မဖော်ပြခဲ့နိုင်တာဟာ ရောမအားနည်းချက်ကြီးဖြစ်တယ်လို့ မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပေါ်ကတင်ပြခဲ့တဲ့ကိစ္စတွေကြောင့် အစ္စလာမ်ဘာသာဝင် ကမန်များ ရန်ကုန်သို့ပြောင်းရွှေ့လာခြင်းကို အဆိုရှင်အနေနဲ့ စိုးရိမ်တယ်လို့နားလည်မိပါတယ်။ တကယ်တော့ ကမန်ဆိုတာ လူနည်းစုဖြစ်ပေမဲ့ ဒီမလွယ်ပေါက်က ဘင်္ဂါလီတွေအားလုံး အလုံးအရင်းနှင့် ပုံမှားရိုက်ပြီး

တော့ ပြည်မကို ဝင်ရောက်လာနိုင်တာကို သတိမပြတ်ဖို့လိုပါတယ်။ အခု ရန်ကုန်ကို ပြောင်းရွှေ့သွားတဲ့ ကမန်အိမ်ထောင်စု ၅၅ စုဟာ ကမန်စစ်စစ်များဖြစ်လျှင်တော့ ဖွဲ့စည်းပုံအရ တိုင်းရင်းသားများဖြစ်နေတဲ့အတွက် သူတို့ရဲ့ရွှေ့ပြောင်းနေထိုင်အခြေချမှုအပေါ်မှာ ကျွန်တော်တို့ကန့်ကွက်လို့မရနိုင်ပါဘူး။ ဒါဟာ လူမျိုးတစ်မျိုးကို အလွယ်တကူ နိုင်ငံသားပေးခဲ့ခြင်းဟာ နောင်မှာရှင်းမရတဲ့ပြဿနာတွေပေါ်ပေါက်လာတယ်ဆိုတာကို သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။ ကမန်များကို အသေအချာပြန်လည်စိစစ်ပြီး ဘင်္ဂါလီများနှင့် ရောနှောမသွားအောင်ခွဲခြားပြီး စာရင်းမှတ်တမ်းတင်ဖို့ အရေးတကြီးလိုအပ်ပါတယ်။ နိုင်ငံသားမဟုတ်သူများကိုမဆိုထားနှင့်။ တိုင်းရင်းသားများကိုပင် လိုအပ်ရင် မူလနေရာဒေသကနေပြီး တခြားတစ်နေရာသို့ အစိုးရက ပြောင်းရွှေ့ပေးနိုင်တယ်ဆိုတဲ့၊ ပြောင်းရွှေ့ပေးလို့ရတယ်ဆိုတဲ့ သာဓကလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ရခိုင်မှာ ဘင်္ဂါလီများဟာ ပြည်မဒေသကို ခိုးဝင်နေကြခြင်းဟာ ကင်ဆာရောဂါကို ပြန့်နှံ့အောင်လုပ်ရာရောက်တယ်ဆိုပြီးတော့ ရခိုင်မှာဖြစ်နေတဲ့ရောဂါကို ရခိုင်မှာပဲကုရမယ်လို့ ပြောဆိုခြင်းအပေါ်မှာ လွန်စွာစိတ်မကောင်းဖြစ်မိပါတယ်။ ကင်ဆာရောဂါဆိုတာ ခန္ဓာကိုယ်ရဲ့ဘယ်နေရာပဲဖြစ်ဖြစ် အသက်ဆုံးရှုံးနိုင်သလို ဘင်္ဂါလီပြဿနာဟာ ယခုတစ်စတစ်စကျယ်ပြန့်လာပြီး နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုပင် ခြိမ်းခြောက်လျက်ရှိတယ်ဆိုတာကို မမေ့သင့်ပါဘူး။ အာရပ်ကုလားအုတ်ပုံပြင်ထဲကလို ခေါင်းတစ်လုံးသွင်းခွင့် ပေးလိုက်တာကြောင့် တဲပိုင်ရှင်အာရပ်ကြီးအပြင်ကိုကန်ထုတ်ခံလိုက်ရသလို ရခိုင်နှင့် ရခိုင်မျိုးနွယ်စုတွေ သေပြေးရှင်ပြေးနေရတယ်ဆိုတာ မမေ့သင့်ပါဘူး။ ဘင်္ဂါလီတွေဟာ ရခိုင်အတွင်းကနေ ပြည်မသို့ တစ်စိမ့်စိမ့်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ပြည်မက ဖမ်းပြီး ရခိုင်ကိုပြန်ပို့ခြင်းဟာ အဖြေမဟုတ်ပါဘူး။ ရခိုင်ပြည်နယ်မှာ စုပြုံထားမယ့်အစားအခြားညီအစ်ကိုတော်များကလည်း အေးအတူပူအမျှ ပြည်ထောင်စုစိတ်ဓာတ်နဲ့ မျှဝေလက်ခံခြင်းဖြင့်ပြဿနာကို ဖြေလျှော့ပေးနိုင်လိမ့်မယ်လို့ ရခိုင်တွေက မျှော်လင့်ကြပါတယ်။ ကိုဖီအာနန်ကော်မရှင်အစီရင်ခံစာအပိုဒ်(၂)မှာ မူဆလင်များ၏ခရီးသွားလာမှုအပေါ်မှာ ကန့်သတ်ထားခြင်းဟာ ပြည်နယ်စီးပွားရေးကို ထိခိုက်နစ်နာစေပြီး အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုတွေကို ဖြစ်ပေါ်စေတယ်လို့ အကြံပြုထားတာကို မမေ့သင့်ပါဘူး။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကမန်များ ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ရခိုင်ပြည်နယ်များမှတစ်ဆင့် ပြည်မသို့ ဘင်္ဂါလီများတစ်စိမ့်စိမ့်ဝင်ရောက်နေခြင်းဟာ ရေထဲမှာမျောနေတဲ့ ရေခဲတောင်ကြီးရဲ့ ရေပေါ်မှာပေါ်နေတဲ့ထိပ်ပိုင်းလေးကိုသာ မြင်ရတာမျိုး ဖြစ်ပါတယ်။ Islamization ရဲ့ ရှေ့ပြေးနိမိတ်တွေလို့ မြင်ပါတယ်။ ယခုအခါ ရခိုင်ပြည်နယ်(မြောက်ပိုင်း)အခြေအနေဟာ လွန်စွာကြောက်မက်စိုးရိမ်ဖွယ်ရာ ဖြစ်တယ်ဆိုတာကို တစ်ဖြည်းဖြည်းနဲ့ ပေါ်လွင်လာနေပြီ ဖြစ်ပါတယ်။ မြို့အတွင်းသို့ဝင်ရောက်နေတဲ့ Troy မြင်းရုပ်ထဲက စစ်သည်တော်တွေထွက်တိုက်ခဲ့လို့ Troy မြို့ကြီး မီးလောင်ပြာကျသွားရတယ်ဆိုတဲ့သင်ခန်းစာကို မမေ့ကြဖို့ သတိပေးရင်း ဦးမောင်မြင့်ရဲ့အဆိုကို အကြံပြုဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

မူကြမ်း

**ဒေါ်သန္တာ (အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မင်းကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာပဲဖြစ်ပါတယ်။ ဥပဒေပါအချက်အလက်များရှင်းလင်းစေရန် Power Point သုံးစွဲခွင့်ပြုပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင် မြန်မာနိုင်ငံသားဥပဒေ အခန်း(၂) နိုင်ငံသားဖြစ်ခြင်း ပုဒ်မ ၅ မှာ ဆိုလို့ရှိရင် တိုင်းရင်းသားသော်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးကမွေးဖွားခြင်းသော်လည်း ကောင်း နိုင်ငံသားဖြစ်တယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်လက်ထက်က တိုင်းရင်းသား ၁၃၅ မျိုးမှာ ကမန်လူမျိုးစုဟာ တိုင်းရင်းသားစာရင်းဝင် ဖြစ်ပါတယ်။ ဒါကလည်း ၁၉၉၈ ခုနှစ် ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ ယနေ့ မြန်မာ စာစောင်မှာ တိုင်းရင်းသားလူမျိုးစုတွေထဲမှာ ကမန်တိုင်းရင်းသားပါဝင်ပါတယ်။ ဒါကတော့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တိုင်းရင်းသား ၁၃၅ မျိုးရဲ့စာရင်းပါ။ ကမန်လူမျိုးစုဟာ တိုင်းရင်းသား အနေနဲ့ပါဝင်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံမှာ တိုင်းရင်းသား ၁၃၅ မျိုးနဲ့ပတ်သက်ပြီး ပိုတယ်၊ လိုတယ်ဆိုပြီး ဆွေးနွေးနေတာ၊ အငြင်းပွားနေတာတွေ အများကြီးရှိပါတယ်။ သို့သော် တရားဝင်အားဖြင့်တော့ ၁၃၅ မျိုးထဲမှာ ကမန်တိုင်းရင်းသားပါဝင်ပါတယ်။ အထက်ပါတည်ဆဲဥပဒေကြောင့် ကမန်လူမျိုးဟာ တိုင်းရင်းသားဖြစ်တယ်၊ ဒါကြောင့် နိုင်ငံသားလည်းဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံဟာ ပြည်ထောင်စုပုံသဏ္ဌာန်ဖြစ်ပြီး လူမျိုးစုကွဲပြားဆုံးသော နိုင်ငံလည်းဖြစ်ပါတယ်။ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ၊ ထုံတမ်းစဉ်လာတွေ၊ ဘာသာ၊ သာသနာတွေနဲ့စုပေါင်းနေထိုင်ကြပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ နိုင်ငံတော်အခြေခံမူများအခန်းမှာ နိုင်ငံတော်ဆိုတာဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်တဲ့နိုင်ငံဖြစ်တယ်လို့လည်း အတိအလင်းပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးတွေကို ကူညီဆောင်ရွက်ရမယ်လို့ဆိုပါတယ်။ ဒါကြောင့် လူနည်းစုတိုင်းရင်းသားတွေအတွက် ဒီလို အခွင့်အရေးမျိုးဟာ နိုင်ငံတော်က မဖြစ်မနေဆောင်ရွက် ရမယ့် အခြေခံဥပဒေပါတာဝန်ပဲဖြစ်ပါတယ်။ ပုဒ်မ ၃၄ မှာတော့ နိုင်ငံသားတိုင်းဟာ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိပါတယ်။ သဘောကတော့ ဘာသာအယူဝါဒအပေါ်မှာမူတည်ပြီး နိုင်ငံသား တိုင်းကို ခွဲခြားဆက်ဆံလို့မရပါဘူးရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အခန်း(၈)ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ နိုင်ငံသားဖြစ်ပြီးရင် နိုင်ငံသားရဲ့အခွင့်အရေးကို အခန်း(၈)မှာတွေ့နိုင်ပါတယ်။ ဒီမှာ နိုင်ငံသား ဘယ်လိုလူမျိုး၊ ဘယ်လိုအရည်အချင်းမျိုးပြည့်စုံရင် နိုင်ငံသားဖြစ်မယ်ဆိုတာလည်း ထင်ရှားအောင် ထပ်ပြီးပြဋ္ဌာန်းထားပါတယ်။ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ပြီးသား နိုင်ငံသားများဟာ ပုဒ်မ ၃၅၅ ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေ ထိုင်ခွင့်ရှိတယ်ဆိုတဲ့ အခွင့်အရေးကို နိုင်ငံသားတိုင်းရရမှာဖြစ်ပါတယ်။ အထက်ပါတင်ပြခဲ့သလို

ကမန်တိုင်းရင်းသားဟာ နိုင်ငံသားဖြစ်လို့ ဒီအခွင့်အရေးကိုရရပါမယ်။ နိုင်ငံသားအခွင့်အရေးဆိုတာ မည်သူက ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ရရမှာဖြစ်သလို မည်သူတစ်ဦးတစ်ယောက်မှ တားဆီးပိတ်ပင်လို့မရပါဘူးရှင်။ နိုင်ငံသားတစ်ယောက်ဟာ ဘယ်နေရာမှာနေတယ်ဆိုတာ သက်ဆိုင်ရာမြို့နယ်ရပ်ကွက်စာရင်းမှာရှိလို့ ထုတ်ပြန်နေစရာလည်းမလိုပါဘူးရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နောက်ထပ်တည်ဆဲဥပဒေတစ်ခုဖြစ်တဲ့ ၁၉၇၅ ခုနှစ် နိုင်ငံသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးတဲ့ဥပဒေ အခန်း(၂) ပုဒ်မ ၃ မှာလည်း နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးတွေ၊ နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုတာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါဟာလည်း တည်ဆဲဥပဒေဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ပြောတဲ့ အကြံပြုချက်မှာပါတဲ့ မူလနေရာကို ပြန်ပို့ရမယ့်အစား ရန်ကုန်ကို ပို့တာဟာ ရည်ရွယ်ချက်ရှိရှိ လွဲမှားဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားပါတယ်ဆိုတဲ့အချက်ကိုတော့ ဆွေးနွေးချင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်တာဟာ ကောင်းသောရည်ရွယ်ချက်ဖြစ်ပြီး လုံးဝမှားယွင်းစရာမရှိဘဲ ဥပဒေနှင့်ညီညွတ်တယ်လို့ ကျွန်မက ဆိုချင်ပါတယ်။ အခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်မှာပါပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ နိုင်ငံတော်အစိုးရရော၊ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရော၊ ပြည်သူအားလုံးရော လိုက်နာရမှာဖြစ်ပါတယ်။ အခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်ဇယား(၄)မှာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက ဒီဇယား(၄)မှာ ပါဝင်တဲ့ ကျမ်းသစ္စာဆိုချက်ကို သဘာပတိရှေ့မှောက်မှာ ကျမ်းသစ္စာဆိုခဲ့ရပါတယ်။ ဒီမှာဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်။ တည်ဆဲဥပဒေတွေကိုလည်း လေးစားလိုက်နာရမယ်။ နိုင်ငံသားတွေအပေါ်မှာလည်း သစ္စာစောင့်သိရိုသေရမယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကိုလည်း ရှေးရှုဆောင်ရွက်ရမယ်လို့ ဆိုပါတယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်အားလုံး မဖြစ်မနေလိုက်နာရမယ့်အရာဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေဖြစ်ပါတယ်။ ဒါကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မဖြစ်မနေလိုက်နာရမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကိုလေးစားလိုက်နာရမယ်။ နိုင်ငံသားများအခွင့်အရေးရရှိအောင် ရှေးရှုဆောင်ရွက်ရမယ်လို့ ဆိုပါတယ်။ ဒီနေရာမှာ ကျွန်မပြောချင်တာက ရာဇတ်သတ်ကြီး ပုဒ်မ ၁၃၀ (က)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါလီမန်အက်ဥပဒေမှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်အချို့နဲ့စပ်လျဉ်းတဲ့ ပြစ်မှုအခန်းကဏ္ဍရှိပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေမှာပါဝင်တဲ့ လိုအပ်ချက်တွေကို ပြုလုပ်မှုကို တမင်ချန်လှပ်ခြင်းဖြင့်သော်လည်းကောင်း လျော်ကန်သင့်မြတ်ခွင့်လွှတ်ချက်မရှိဆန့်ကျင်ခြင်းပြုလုပ်လျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားကြောင်း ဝေဖန်ထောက်ပြဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်လျှော့ချဖို့ မသင့်တော်ပါကြောင်း ဒီအဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကို ကျော်လွန်ပြီး တင်တဲ့အဆိုဖြစ်ပါကြောင်း ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ထွေးက ပြန်လည်ဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအဆိုကိုကြည့်မယ်ဆိုလို့ရှိရင် အချက်သုံးချက်သွားတွေ့ပါတယ်။ အဲဒီအချက်သုံးချက်ပေါ်မှာပဲ အဓိကထားပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီ ကမန်လူမျိုးတွေဟာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားများဥပဒေနှင့်အညီ ယုံရဲ့လား ဆိုတဲ့အချက်ပေါ်မှာလည်း မေးခွန်းမေးထားတဲ့ပုံစံမျိုးတွေ့ရတာလည်းဖြစ်ပါတယ်။ ဒီကမန်လူမျိုးတွေဟာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့မဖြစ်ခင်ကတည်းက ကျောက်ဖြူနှင့်အနီးမှာနေထိုင်ပြီးတော့ တံငါလုပ်ငန်းတွေလုပ်တယ်။ နောက်ပိုင်းမှာ ရခိုင်ပြည်နယ်ဘုရင်တွေဆီမှာ ခစားပြီးတော့ လေးသည်တော်အဖြစ် ဆောင်ရွက်ခဲ့တယ်ဆိုတဲ့အထောက်အထားတွေ ကျွန်တော်တို့တွေ့ရသလို ၁၈၃၈ ခုနှစ် ကျောက်ဖြူမြို့ကိုတည်တဲ့အခါမှာ သူကစပြီးတော့ အဲဒီမှာရပ်ကွက်တွေနဲ့နေခဲ့တယ်ဆိုတဲ့ဟာလည်း သမိုင်းအထောက်အထားများမှာ တွေ့ရပါတယ်။ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်မှတ်ပုံတင်ဥပဒေအရ ပြုလုပ်တဲ့အခါမှာလည်းပဲ ကမန်များဟာ တိုင်းရင်းသားအဖြစ်ဝင်ပြီးတော့ မှတ်ပုံတင်ပြုလုပ်ခဲ့သလို ၁၉၅၅ ခုနှစ်၊ ၁၉၅၈ ခုနှစ်များမှာလည်းပဲ မှတ်ပုံတင်တွေပြန်လည်ပြုလုပ်တဲ့အခါမှာ သူဟာရခိုင်မျိုးနွယ်စုအဖြစ် မှတ်ပုံတင်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့နှင့်ပတ်သက်လို့ သူတို့ဟာ တိုင်းရင်းသားအနွယ်မျိုးဟုတ်သလား/မဟုတ်သလားဆိုတာလည်း ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်က ဆွေးနွေးတာဖြစ်ပါတယ်။ အဲဒီအချိန်အခါမှာ ကမန်တွေဟာ ၂၀၁၂ ခုနှစ်မှာ ပြဿနာဖြစ်ပြီးတဲ့အခါကျမှ သူတို့အိမ်တွေအိုးတွေအားလုံး အဖျက်ဆီးခံရတယ်။ ဖျက်ဆီးခံရတဲ့အခါမှာ ပေါက်တော၊ စစ်တွေ၊ အဲဒီနေရာတွေမှာ သွားရောက်ပြီး နေခဲ့ကြတယ်။ အဲဒီလိုနေတဲ့အချိန်မှာ သူတို့ရဲ့ကျန်နေခဲ့တဲ့အိုးအိမ်နဲ့ဈေးတွေကို၊ ဆိုင်ခန်းတွေကို ဘယ်လိုလုပ်မလဲလို့ မေးခွန်းမေးတာပါ။ အဲဒီမေးခွန်းမေးတဲ့မေးခွန်းမှာ ရခိုင်ပြည်နယ်၊ ရခိုင်(ကမန်) တိုင်းရင်းသားအနွယ်များနှင့်ပတ်သက်လို့ သူတို့ရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းများကို မည်သို့လုပ်မလဲဆိုပြီးတော့ ဦးအုန်းတင်က မေးခဲ့တာဖြစ်ပါတယ်။ ဒီမေးခွန်းအရပင် ကမန်တွေဟာ ရခိုင်မျိုးနွယ်စုဖြစ်တယ်ဆိုတာကို ထင်ထင်ရှားရှားသွားတွေ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပုဒ်မ ၃၆၃ မှာလည်းပဲ ကမန်တွေရဲ့ကိုးကွယ်တဲ့ဘာသာနဲ့ပတ်သက်လို့ အခုအခါမှာ အစ္စလာမ်ဘာသာဝင်တွေဖြစ်တဲ့အတွက် သူတို့အပေါ်မှာ တစ်မျိုးတစ်မည်တွေမြင်ပြီးတော့ အစိုးရရဲ့ဆောင်ရွက်ချက်အပေါ်မှာ ထိပါးလာတာပဲ ဖြစ်ပါတယ်။ အမှန်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပုဒ်မ ၃၆၂ မှာကြည့်မယ်ဆိုလို့ရှိရင် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်တဲ့သူတွေအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားပါတယ်။ ဒီခွင့်ပြုထားတဲ့အပေါ်မှာ ကျွန်တော်တို့ကသွားပြီးတော့ ဘာသာရေးအရ အစ္စလာမ်ဖြစ်တဲ့အတွက် ဒါကိုတော့ တစ်မျိုးတစ်မည်လုပ်မယ်ဆိုလို့ရှိရင်တော့ ကျဉ်းမြောင်းတဲ့နိုင်ငံရေးအတွေးအခေါ်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမန်တိုင်းရင်းသားတွေသည်

ရခိုင်မျိုးနွယ်စုဝင်များဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်းပဲ စတုတ္ထနှစ်မြန်မာစာအထူးပြု ရခိုင်မင်းသမီးချောင်းအပိုဒ် ၃၃၊ ၃၄ မှာလည်း တက္ကသိုလ်တွေမှာသင်ကြားနေတဲ့စာကိုလည်း ရခိုင်မှာသွားတွေ့ရတာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမန်များသည် ရခိုင်မျိုးနွယ်စုများဖြစ် တယ်ဆိုတာဖြစ်တဲ့အတွက် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့် ကြည့်မယ်ဆိုလို့ရှိရင် သူတို့က ညီညွတ်တဲ့တိုင်းရင်းသားများဖြစ်တယ်ဆိုတာကို ကျွန်တော်လေးစားစွာ ဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်က သူတို့ကို သက်ဆိုင်ရာမြို့နယ်တွေမှာမထားသင့်ဘူးလားဆိုတဲ့အချက်လေး သွားပါပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကျောက်ဖြူ ရမ်းဗြဲမြို့နယ် ကျောက်ထီမှော်ရွာမှာ မသီတာထွေး အသတ်ခံရတဲ့ကိစ္စမှာ အဲဒီမှာဘာသာရေးသဘောထားတွေပါပါလာပြီးတဲ့အခါကျတော့ ကမန်တွေကို ရန်ပြုပါတယ်။ ရန်ပြုတဲ့အခါကျတော့ ကမန်တွေဟာ အဲဒီအချိန်အခါမှာ အစိုးရရဲ့အကူအညီနဲ့ ခုနကကျွန်တော်တင်ပြခဲ့တဲ့ စစ်တွေ၊ ပေါက်တောတို့ဘာတို့ကိုပြောင်းပြီးတော့ ရမ်းဗြဲကိုပြောင်းပြီးနေခဲ့ကြတယ်။ အဲဒီဒုက္ခသည်စခန်းတွေမှာနေပါတယ်။ နေတဲ့အခါကျတော့ သူတို့ဒီကိုပြန်သွားမယ်ဆိုလို့ရှိရင် ကသိကအောင့်ဖြစ်မှာစိုးတဲ့အတွက် သူတို့ကို လွတ်တဲ့နေရာမှာ ဘယ်နေရာမှာထားမလဲဆိုပြီးတော့ ကိုဖီအာနန်ရဲ့ အစီရင်ခံစာရဲ့အကြံပြုချက်နဲ့၊ အစိုးရရဲ့ဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ ရန်ကုန်နေရာကို ပို့လိုက်ခြင်းဖြစ်ပါတယ်။ ဒါဟာမိမိရဲ့တိုင်းရင်းသားတွေကို မိမိတို့အစိုးရကနေပြီးတော့ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၆၂ အရ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးပါမယ်ဆိုတဲ့ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ချက်က ကိုဖီအာနန်ရဲ့အကြံပြုချက်က ယခင်တုန်းက ဒီအကြံပြုချက်အတိုင်းလိုက်ပါဆောင်ရွက်ခြင်းမရှိဘူး။ အခုတော့ ဘာဖြစ်လို့ဆောင်ရွက်သလဲဆိုတဲ့ပုံစံမျိုးကိုလည်း အဆိုမှာတင်ထားတာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့က ကောင်းတဲ့ဟာဆိုလို့ရှိရင် ယူရမှာဖြစ်ပါတယ်။ အခိကက ကျွန်တော်တို့အစိုးရရဲ့ လက်ရှိကမန်တွေကို ရန်ကုန်မှာထားတာဟာ လွတ်လွတ်ကင်းကင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တာမဟုတ်ပါဘူး။ ဒီဟာကို အဆိုတင်သွင်းသူကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမန်တိုင်းရင်းသားတွေရဲ့ဘဝအခြေအနေမှန်ကို မသိလို့ ဒါကိုလုပ်တယ်လို့ပဲကျွန်တော်ထင်မြင်မိပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်က ဒီနေ့ ကျွန်တော်တို့သွားနေတဲ့လမ်းဟာ ရွေးရည်စိမ်ဒီမိုကရေစီလားဆိုတဲ့ပုံစံမျိုးကို ထောက်ခံတဲ့သူကဆွေးနွေးသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၇ မှာ စစ်မှန်ပြည့်ဝတဲ့ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရမည်ဆိုတဲ့ဟာနဲ့အညီ သွားတာဖြစ်ပါတယ်။ အဲဒီတော့ ထောက်ခံဆွေးနွေးသူသည် ဤစကားကိုသုံးလိုက်ခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လွန်ဆန်ပြီးတော့ သုံးတဲ့သဘောမျိုးပေါ်ပေါက်နေတယ်ဆိုတာကိုလည်း ဆွေးနွေးရင်းနဲ့ ဦးမောင်မြင့်ရဲ့အဆိုကို ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး ဖြစ်ပါတယ်။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာမှာ ကမန် IDP တွေကို မူလနေရာမှာ ပြန်နေရာချဖို့ အကြံပြုခဲ့ပေမဲ့ အစိုးရက ရန်ကုန်မှာနေရာချပေးခဲ့ကြောင်း တခြား IDP စခန်းပိတ်ဖို့ နမူနာမဖြစ်သင့်ကြောင်း မဟာဗျူဟာတစ်ရပ်အရေးပေါ်လိုကြောင်း အဖွဲ့အစည်းတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဖို့ လိုကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့် နိုင်ငံတော်က ရေးဆွဲခဲ့တဲ့မဟာဗျူဟာနဲ့ တိုင်ပင်ပြီးစီးမှု အခြေအနေတွေကို ထုတ်ပြန်သင့်ပါတယ်။ IDP တွေနဲ့ နေရာချမယ့်ဒေသမှာရှိတဲ့ မူလတိုင်းရင်းသားတွေနဲ့ မူလနေထိုင်သူတွေနဲ့ ညှိနှိုင်းမှုကို သေသေချာချာလုပ်ရမယ်ဆိုပြီး ပါပါတယ်။ ညှိနှိုင်းမှုအခြေအနေကိုလည်း ရှင်းပြသင့်ပါတယ်။ ကမန်အိမ်ထောင်စု ၅၅ စုပြောင်းရွှေ့ရေးကို ဘယ်လိုစံနဲ့ ရွေးချယ်ခဲ့တာလဲ။ သူတို့ရဲ့ဆန္ဒအရလား။ အားလုံးမှာ နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးပြီလားဆိုတာ ရှင်းပြသင့်ပါတယ်။ နိုင်ငံသားတွေဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရဲ့ဘယ်နေရာမှာမဆို ဆန္ဒရှိရာမှာ နေခွင့်ရှိပါတယ်။ အစိုးရအနေနဲ့ နိုင်ငံသားတိုင်းရဲ့ ဆန္ဒရှိတဲ့နေရာတွေကို ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ပေးဖို့ မလွယ်သော်လည်း ဒီဖြစ်စဉ်မှာတော့ ရန်ကုန်ကိုရွှေ့ပြောင်းပေးခဲ့ပါတယ်။ ရန်ကုန်မှာနေရာချဖို့ ဘာကြောင့်ရွေးချယ်တာလဲ။ အလုပ်အကိုင်ဘယ်လိုစီစဉ်ပေးလဲ။ ဘယ်လိုထောက်ပံ့ပေးထားလဲ စသဖြင့် မေးစရာတွေရှိလာနိုင်ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကတော့ ပေးသင့်တယ်လို့ သူတို့ထင်တဲ့အကြံကို ပေးမှာဖြစ်ပါတယ်။

ကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာထွက်လာပြီးနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ ကော်မရှင်၏ကြားဖြတ်အစီရင်ခံစာကို ကြိုဆိုကြောင်းနှင့် အကြံပြုချက်များကို အချိန်မဆိုင်းဘဲ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။ အပြီးသတ်အစီရင်ခံစာတင်သွင်းပြီးနောက်မှာလည်း ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနဲ့ ကော်မရှင်၏အကြံပြုချက်များဟာ အစိုးရအတွက် အလွန်ရှင်းလင်းသည့် လမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့က ကုလသမဂ္ဂညီလာခံမှာ ပြောကြားခဲ့တာတွေ့ရပါတယ်။ ရခိုင်အရေးနှင့်ပတ်သက်ပြီး ပြည်တွင်းမှာလည်း အကြံကောင်းတွေ ရနိုင်ပါတယ်။ ပြည်သူ့အသံကိုနားထောင်ပေးဖို့နဲ့ သေသေချာချာစဉ်းစားပေးဖို့ အကြံပြုလိုပါတယ်။ လူ့အခွင့်အရေးကို အလေးပေးအကြံပြုခဲ့ရင် ဆောင်ရွက်ဖို့ခက်ခဲနိုင်ကြောင်း၊ နိုင်ငံသားတွေရဲ့ မူလရပိုင်ခွင့်တွေ ထိခိုက်လာရင် တာဝန်ရှိနိုင်ကြောင်း၊ နိုင်ငံတကာဖိအားကို ရင်ဆိုင်ရာမှာ နိုင်ငံနဲ့ ပြည်သူ့မျက်နှာကိုလည်း ကြည့်ဖို့လိုကြောင်း ဒေသခံတိုင်းရင်းသားတွေရဲ့သဘောထားနဲ့ ဆန့်ကျင်နေရင် ဆိုးကျိုးတွေဖြစ်လာနိုင်ကြောင်း ကော်မရှင်ဖွဲ့စည်းစဉ်က အကြံပြုဆွေးနွေးခဲ့ကြပါတယ်။

လွှတ်တော်မှာ တာဝန်ရှိသူများ လာရောက်ရှင်းလင်းဖြေကြားခဲ့တာနဲ့ လက်တွေ့လုပ်နေတာ ကွဲပြားမှုတွေရှိနေရင်လည်း ပြန်လည်ရှင်းပြသင့်ပါတယ်။ ဒုက္ခသည်တွေနဲ့ဆက်စပ်တဲ့ နိုင်ငံတကာ

ဖြစ်စဉ်တချို့ကို ကောက်နုတ်တင်ပြလိုပါတယ်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် ညပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပါတယ်။ တရားခံအားလုံးဟာ ဒုက္ခသည်အမည်ခံ ဝင်ရောက်လာသူ IS တွေဖြစ်ပါတယ်။ ဒါကြောင့် ပြင်သစ်ဟာ ဒုက္ခသည်ပြဿနာကို သတိကြီးကြီးနဲ့ ဖြေရှင်းနေရပါတယ်။ ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့မှာ ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက် ညပိုင်းက အသေခံဗုံးခွဲမှုဖြစ်ပွားပါတယ်။ ဗုံးခွဲသူ၏မိဘတွေဟာ လစ်ဗျားကနေ ဗြိတိန်ကို ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေဖြစ်ပြီး အဘေဒီကို မန်ချက်စတာမှာပဲ မွေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံအတွင်းကိုဝင်လာတဲ့ ဒုက္ခသည်တွေကို တိတိကျကျစိစစ်တာ၊ ကန့်သတ်တာတွေကို မလုပ်နိုင်သေးသရွေ့၊ အကြမ်းဖက် တန်ပြန်ချေမှုန်းရေးတွေကို အရေးတယူမလုပ်နိုင်သေးသရွေ့ အစွန်းရောက်တွေရဲ့ ခြိမ်းခြောက်မှုတွေ ဆက်ရှိနေဦးမယ်လို့ သုံးသပ်ကြပါတယ်။

ဂျာမနီကို ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းကျော်ဝင်ရောက်ခဲ့လို့ နိုင်ငံရဲ့လုံခြုံရေးအခြေအနေ ဟာ စိုးရိမ်စရာဖြစ်ခဲ့ပါတယ်။ ဒုက္ခသည်တွေဟာ ပုံစံမျိုးစုံနဲ့ နှောင့်ယှက်မှု၊ တိုက်ခိုက်မှုတွေကို လုပ်ခဲ့တာကြောင့် ဂျာမနီဝန်ကြီးချုပ်ကို ထောက်ခံမှုကျဆင်းခဲ့ပါတယ်။ ဒါကြောင့် အီတလီကဝင်လာ တဲ့ဒုက္ခသည်တွေ အီတလီကို ပြန်ပို့ခဲ့ပါတယ်။ ဒုက္ခသည်ကိစ္စဟာ လူမျိုးရေးပြဿနာနဲ့ လူသားချင်း စာနာမှုဆိုင်ရာအရေးဖြစ်ပြီး အကြမ်းဖက်မှုကတော့ ရာဇဝတ်မှုဖြစ်ပါတယ်။ ဒုက္ခသည်တွေထဲမှာ အကြမ်းဖက်ဝါဒီတွေရောပါလာလို့ ဒုက္ခသည်ဝင်ရောက်မှုများတဲ့ဥရောပမှာ အကြမ်းဖက်မှုတွေ တိုးလာပါတယ်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ညနေ က အကြမ်းဖက်သမားတစ်ဦးဟာ လမ်းသွားလမ်းလာတွေကို ကုန်တင်ယာဉ်နဲ့တိုက်ခဲ့ပါတယ်။ အကြမ်း ဖက်သမားဟာ အမေရိကန်ကို ဒုက္ခသည်အဖြစ်ဝင်လာပြီး ၂၀၁၀ ခုနှစ်ကတည်းက နေထိုင်ခဲ့တာပါ။ ဒီဖြစ်စဉ်ဖြစ်ပြီးနောက်မှာ သမ္မတထရန့်က ဒုက္ခသည်စိစစ်လက်ခံရေးအစီအစဉ်ကို ပိုတင်းကြပ်ဖို့ အမိန့်ပေးခဲ့ပါတယ်။ အမေရိကန်လို လုံခြုံရေးတင်းကြပ်တဲ့နိုင်ငံကြီးတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ မကြာခဏဆိုသလိုဖြစ်နေပြီး လုပ်ဆောင်သူတွေဟာ ဒုက္ခသည်အမည်ခံ အကြမ်းဖက်သမားတွေ ဖြစ်နေပါတယ်။ အမှန်တကယ်ဒုက္ခရောက်နေသူတွေကို ကူညီတာဟာ ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်ပါ တယ်။ ဒုက္ခသည်တိုင်းအကြမ်းဖက်သမားမဟုတ်သော်လည်း အကြမ်းဖက်သမားတိုင်းဟာ ဒုက္ခသည် အမည်ခံပြီး ရောပါလာတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ IDP နဲ့ Refugee ကွာခြားချက်ရှိပါ တယ်။ နိုင်ငံတကာဖြစ်စဉ်တွေနဲ့ မိမိနိုင်ငံရဲ့ဖြစ်ရပ်တွေမှာ တူတာရော၊ မတူတာတွေရော၊ နှိုင်းယှဉ်လို့ ရတာရော၊ မရတာတွေပါ ရှိနိုင်ပါတယ်။ ခေတ်မီနိုင်ငံကြီးတွေမှာတောင် ဖြစ်သင့်တယ်ထင်လို့ လုပ်ခဲ့တာတွေဟာ ဖြစ်လာတဲ့ဖြစ်စဉ်တွေအပေါ် မူတည်ပြီး ပြန်လည်သုံးသပ်တာ၊ စိစစ်တာတွေ လုပ်နေရပါတယ်။ ပြဿနာတစ်ရပ်ကို ရှုထောင့်မျိုးစုံကနေ စဉ်းစားသင့်ပါတယ်။ လက်ရှိအချိန်မှာ မှန်တယ်လို့ အဖြေတူနေရင်တောင် နောင်တစ်ချိန်မှာရော မပြောင်းမလဲမှန်နေမှာလားဆိုတာကို ကြိုပြီးမျှော်တွေးထားသင့်ပါတယ်။ အထက်ပါတင်ပြခဲ့တဲ့ အမေရိကန်ဖြစ်စဉ်မှာ အမေရိကန်မှာ နေတာ ခုနစ်နှစ်ကြာမှ အကြမ်းဖက်မှုကျူးလွန်တာဖြစ်ပြီး ဗြိတိန်ဖြစ်စဉ်မှာတော့ မိဘတွေက ဒုက္ခသည်အဖြစ် ဝင်လာ သားဖြစ်သူကို ဗြိတိန်မှာမွေး။ တက္ကသိုလ်ကျောင်းသားဖြစ်ပြီးမှ အကြမ်းဖက်မှုကျူးလွန်တာ ဖြစ်ပါတယ်။ ဒါကြောင့် စိစစ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွေ ဆောင်ရွက်ပြီး

ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးပြီးမှသာ ပိုမိုကောင်းမွန်တဲ့အဖြေကို ရှာဖွေဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်(ဘောလခဲမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဘောလခဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် တင်သွင်းခဲ့တဲ့ ကျောက်ဖြူ ပေါက်တော၊ ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်များမှ ကမန်လူမျိုးအိမ်ထောင်စု ၅၅ စုကို ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစွာ ဒီအဆိုကို အဆိုရှင်က အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ပေမဲ့ လွှတ်တော်က ငြင်းပယ်ခဲ့တယ်လို့ သိရှိရပါတယ်။ အမှန်ကတော့ ရခိုင်ပြည်နယ်ကနေ ရန်ကုန်ကို ပြောင်းရွှေ့ခွင့်ပြုတဲ့ ကမန်မိသားစု ၅၅ စုကို သူတို့မပြောင်းရွှေ့မီ လွှတ်တော်မှာဆွေးနွေးဖို့ လိုအပ်လို့ အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့တာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ သို့သော်လည်း အရေးကြီးအဆိုအဖြစ်လက်မခံခဲ့တာကို ကျွန်တော်တို့အနေနဲ့ လွန်စွာမှ စိတ်မသက်သာဖြစ်ရပါတယ်။ တဖန် အဆိုအဖြစ်တင်ပြတဲ့အခါမှာလည်း အရေးကြီးတဲ့စာသားတချို့ကို ပြန်လည်ပြင်ဆင်ပေးဖို့ ပြောလာတဲ့အတွက် ပြင်ဆင်ပေးခဲ့ရတယ်လို့ သိရှိရပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းမှာ အဆိုကိုတင်ပြနိုင်ခဲ့ပေမဲ့ လွှတ်တော်မှာ ဆွေးနွေးတင်ပြခွင့်ရခဲ့တာကတော့ ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့ကျမှ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုဟာ လွှတ်တော်မှာ ခုနစ်လကျော်ကြာ ကြန့်ကြာနေခဲ့တာနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ စိတ်ပျက်ရပြန်ပါတယ်။

အဆိုရှင်ရဲ့ဆွေးနွေးချက်တွေနဲ့ အဆိုကိုထောက်ခံဆွေးနွေးသူရဲ့ ဆွေးနွေးချက်တွေကို ကိုယ်စားလှယ်ကြီးများအားလုံး သိရှိပြီးဖြစ်ပါတယ်။ ကမန်ဟာ တိုင်းရင်းသားဖြစ်တယ်။ သူတို့မှာသာ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိမယ်ဆိုရင် Freedom of Movement ဆိုတဲ့ Rights ရှိပါတယ်။ ဒါကို ဒီကမန်မိသားစု ၅၅ စု ဆန္ဒပါရင်လည်းပါမယ်။ မပါရင်လည်း မပါဘဲနဲ့ ရန်ကုန်ကို ပြောင်းရွှေ့ခွင့်ပြုခဲ့တာပါ။ သူတို့ဆန္ဒရှိရင် သူတို့ကို ပြောင်းရွှေ့ဖို့ အစိုးရကခွင့်ပြုတယ်ဆိုတာ အစိုးရရဲ့လုပ်ပိုင်ခွင့်ပဲဖြစ်ပါတယ်။ ဒါကို ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပေးချက်အရ လုပ်ဆောင်ရပါတယ်ဆိုတာကြီးနဲ့တော့ လူထုကို ထင်ယောင်ထင်မှားဖြစ်အောင် မလုပ်စေလိုပါဘူးခင်ဗျား။ အဆိုရှင်ကရော ထောက်ခံသူကပါ ကိုဖီအာနန်ရဲ့ ကော်မရှင်က အကြံပြုချက်တွေကို Road Map အဖြစ် အသုံးပြုမယ်ဆိုတာကို ကန့်ကွက်ဆွေးနွေးခဲ့ကြတာ အားလုံးအသိပါ။ ကျွန်တော်တို့လည်း သူတို့နဲ့ တစ်သဘောတည်းပါပဲ။ လွှတ်တော်မှာ ဒုတိယဝန်ကြီးတစ်ဦးလာဖြေတဲ့အချိန်က ကိုဖီအာနန်ကော်မရှင်ဟာ အကြံပေးရုံသက်သက်ပါပဲလို့ ပြောသွားခဲ့တာနဲ့ အစိုးရက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတာဟာ လုံးဝကွဲပြားခြားနားနေပါတယ်။ ကျွန်တော်တို့က ကော်မရှင်ရဲ့အကြံပြုချက်တွေအတိုင်းလိုက်လုပ်မှာကိုတောင် သဘောမတူပါဘူး။ အခုတော့ ကော်မရှင်ရဲ့အကြံပြုချက်ထဲမှာမပါတဲ့အချက်ကိုတောင် ပါလေသယောင် ဝါးပြီးချထားတာကို ထင်ထင်ရှားရှားတွေ့မြင်နေရပါတယ်။ တာဝန်ယူမှု၊

တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုဆိုတာတွေကို တသွင်သွင်ပြောနေတဲ့ အစိုးရတစ်ရပ်အနေနဲ့ ဒီကိစ္စအပေါ်မှာ ပွင့်လင်းမြင်သာမှုရှိ/မရှိ။ မလိမ့်တစ်ပတ်လုပ်နေတယ်လို့ လူထုက ခံစားနေရပါတယ်။

နောက်တစ်ချက်ကတော့ ရန်ကုန်က သူတို့ကို လက်ခံရမယ်ဆိုတဲ့နေရာက ဒေသခံတွေရဲ့ သဘောထားကိုရော အစိုးရက လေ့လာခြင်း၊ စစ်တမ်းကောက်ယူခြင်းမျိုး ပြုရဲ့လားဆိုတာ အရေးကြီးပါတယ်။ သာမန် တစ်အိမ်ထောင်ချင်း ပြောင်းရွှေ့မှုမျိုးမဟုတ်ဘဲ အိမ်ထောင်စု ၅၅ စုပြောင်းရွှေ့တာဖြစ်လို့ ဒေသခံတွေရဲ့သဘောထားဟာ လူ့အခွင့်အရေးရှုထောင့်ကကြည့်မယ်ဆိုရင် အင်မတန်မှ အရေးကြီးလှပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ဒုက္ခသည်စခန်းက ကမန်တွေကို ရန်ကုန်ကို ပြောင်းရွှေ့ခဲ့ပြီး ကညင်တောက ရခိုင်မိသားစု ၆၅ စုကိုကျတော့ ရန်ကုန်ကိုပြောင်းရွှေ့ဖို့ လုပ်မပေးတာဟာ ဒုက္ခသည်ချင်းအတူတူ ခွဲခြားဆက်ဆံတာဖြစ်ပြီး အစိုးရဟာ ဒီကိစ္စမှာ Double Standard ဖြစ်နေပါတယ်။ နိဂုံးချုပ်အနေနဲ့ အထက်တင်ပြချက်များအရ နိုင်ငံတော်အစိုးရအနေနဲ့ အဆိုရှင် ဦးမောင်မြင့်ရဲ့အဆိုကို ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးရင်း အဆိုအား ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်က ဥပဒေနှင့်ဆိုင်တဲ့ အချက်အလက်အချို့ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဦးမောင်မြင့်ရဲ့အဆိုမှာ ရခိုင်ပြည်နယ်က ဒုက္ခသည်စခန်းသုံးခုက ဒုက္ခသည်၊ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်မြို့သို့ပြောင်းရွှေ့တာကို လက်မခံလိုကြောင်း ရခိုင်ပြည်နယ်ရှိ သက်ဆိုင်ရာမြို့နယ်တွေမှာပဲ နေရာချထားသင့်တယ်လို့ ဖော်ပြတာတွေ့ရပါတယ်။ အဆိုရှင်ရဲ့ ဖော်ပြချက်အရ အိမ်ထောင်စု ၅၅ စုဟာ ကမန်လူမျိုးတွေလို့ ဖော်ပြတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ရန်ကုန်မြို့၊ မဟာရန်ကုန် ၂၂ မြို့နယ်မှာ Downtown တွေဖြစ်ကြတဲ့ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သင်္ဃန်းကျွန်းဆိုတဲ့ မြို့နယ်တွေမှာ မူဆလင်လူဦးရေအများကြီးနေထိုင်လျက် ရန်ကုန်မြို့မှာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးတစ်မျိုးဖြစ်ဖို့ဆိုရင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုစတဲ့ အင်္ဂါရပ်တွေ Ingredients တွေလိုအပ်မှာဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်စစ်တပ်နှင့်အတူရောက်ရှိလာတဲ့ ဂေါ်ရခါးစစ်သားတွေ၊ စစ်သည်တွေ၊ ဂေါ်ရခါးလူမျိုးတွေကတော့ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ်နဲ့ သတ်မှတ်ထားတာ ကျွန်တော်တော့ မသိပါဘူး။ ဆိုရှယ်လစ်အစိုးရလက်ထက်တုန်းက တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး သတ်မှတ်တဲ့အထဲမှာ ကမန်လူမျိုးလည်း ပါဝင်ခဲ့ပါတယ်။ စောစောက မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းတင်ပြသလို ကမန်ဆိုတာ ပါရှားလူမျိုးတွေဖြစ်တယ်လို့ ကျွန်တော်တို့ ရခိုင်တွေ ပြောလေ့ဆိုလေ့ရှိကြပါတယ်။ ဒီနေ့ ကမန်တွေ ပါရှားလူမျိုးနဲ့ ရုပ်အဆင်းအင်္ဂါအားဖြင့် နှိုင်းယှဉ်ကြည့်လို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်သူပဲဖြစ်ဖြစ် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှာ စာရင်းဝင်ရင်တော့ ဒီလူဟာ မွေးရာပါနိုင်ငံသားအခွင့်အရေးကို ရသွားမှာဖြစ်ပါတယ်။ နိုင်ငံသားနှစ်မျိုးရှိပါတယ်။ By Beloved နှင့် By Law။ By Beloved ဆိုတာက တိုင်းရင်းသားလူမျိုးလို့ဆိုရင် ဒီလူဟာ နိုင်ငံသား အခွင့်အရေးကို အလိုလိုရပြီးသား By Law ဆိုတာက ဥပဒေအရ လျှောက်ထားရမှာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ဥပဒေအရ အခွင့်အရေးတန်းတူရှိကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်အတွင်း ဘယ်နေရာမှာပဲဖြစ်ဖြစ် အခြေချနေထိုင်ခွင့်ရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေပါရှိပါတယ်။ ဒါကြောင့် အဆိုရှင်ဖော်ပြတဲ့ ကမန်မိသားစု ၅၅ စု ဆိုလို့ရှိရင်တော့ ဒီလူတွေဟာ အလိုအလျောက်နိုင်ငံသားတွေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ရရှိကြမှာဖြစ်ပါတယ်။ ကမန်လူမျိုးနဲ့ပတ်သက်ပြီးတော့ စောစောက ကျွန်တော့်ရှေ့က ဆွေးနွေးသွားတဲ့ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ အမိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်က ကန့်ကွက်လိုပါတယ်။ သို့သော် ဒီနေရာမှာ ဆွေးနွေး စရာအကြောင်းမရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသမှာ အုပ်ချုပ်သူတွေရဲ့မသမာမှုတွေကြောင့် ဘင်္ဂါလီ အများအပြားဟာ ကမန်တွေဖြစ်သွားကြတယ်ဆိုတာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ရှိပါတယ်။ ဘင်္ဂါလီဆိုသူတွေနဲ့ ကမန်ဆိုတဲ့လူတွေဟာ ရုပ်အဆင်းအင်္ဂါကိုကြည့်ပြီးတော့ ဘယ်လိုမှခွဲခြားလို့မရတဲ့ အခြေအနေ ဒါလက်ရှိဘဝ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ တကယ်ရှိနေတဲ့ဘဝပါ။ ကျွန်တော်တို့ တိုင်းရင်းသားတွေအထဲမှာဆိုလို့ရှိရင် ရခိုင်၊ ဗမာ၊ မွန်၊ ခနု စတဲ့လူမျိုးတွေကြည့်လိုက် ဒီလူက ခနုလား၊ ဒီလူက ဗမာလား၊ ဒီလူက ရခိုင်လား၊ ဒီလူက မွန်လားလို့ ခွဲလို့မရပါဘူး။ အဲဒီလိုအခြေအနေ ရှမ်းဆိုရင် ကျွန်တော်တို့က ခွဲလို့ရပါတယ်။ ဒီလိုအခြေအနေမျိုးတွေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဖော်ပြတဲ့ ကမန်မိသားစု အိမ်ထောင်စု ၅၅ စုဟာ ရန်ကုန်မြို့ကို ပြောင်းရွှေ့နေထိုင်ခြင်းပြုတယ်လို့သိရပါတယ်။ အဲဒီလို ပြောင်းရွှေ့နေထိုင်ခြင်းဟာ ဒီကမန်မိသားစု ကြီး ကျွန်တော်တို့ ကျောက်ဖြူမှာဆိုလို့ရှိရင် လေယာဉ်ပျံနဲ့သွားတယ်။ ကုန်းကြောင်းနဲ့သွားတယ်။ အဲဒီလို သွားနေကြတာပဲ။ ဒီလူတွေ ရန်ကုန်မြို့ကို သွားနေတဲ့ဟာ နိုင်ငံသားအခွင့်အရေးရတဲ့အတွက် ကြောင့် နိုင်ငံသားအခွင့်အရေးအရသွားနေကြတာဖြစ်ပါတယ်။ အရေးကြီးတဲ့တစ်ချက်တင်ပြလိုတာက တစ်ဖက်နိုင်ငံက ပြန်ဝင်လာတဲ့ ဘင်္ဂါလီတွေကို နိုင်ငံသားအဖြစ်ပေးမယ်ဆိုလို့ရှိရင်လည်း ဒီလို နိုင်ငံသားအခွင့်အရေးတွေပေးရမှာဖြစ်ပါကြောင်း ရန်ကုန်မြို့သို့ ဒီလူတွေကို ပြောင်းရွှေ့နေထိုင်ခွင့် ပေးတယ်ဆိုတာ ဥပဒေနှင့်ညီညွတ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် တင်သွင်းခဲ့တဲ့အဆိုကို ဝေဖန်ထောက်ပြဆွေးနွေးသွားမှာ ဖြစ်ပါ

တယ်။ ကျွန်မ ပထမဦးဆုံးဆွေးနွေးလိုတာကတော့ အရှေ့က အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးသွားတဲ့ ကမန်ဆိုတာ တိုင်းရင်းသားဖြစ်ကြောင်းကို ကျွန်မကလည်း ထပ်မံပြီးတော့ အလေးထားဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်း ကျွန်မတို့ရဲ့တိုင်းရင်းသား ၁၃၅ မျိုးမှာ ကမန်ပါသလိုပဲ။ ရခိုင်လူမျိုးစုမှာ ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စတဲ့လူမျိုး(၇)မျိုးပါတာဖြစ်တဲ့အတွက် ကမန်ဟာ တိုင်းရင်းသားဖြစ်တာတော့ ငြင်းမရတဲ့အချက်ဖြစ်ပါတယ်။ တိုင်းရင်းသားဖြစ်တဲ့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း(၈) ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ယခုကမန်တိုင်းရင်းသားတွေဟာ မူရင်းဒေသမှာပဲဖြစ်ဖြစ်၊ ရန်ကုန်မှာပဲနေနေ တခြားဘယ်မြို့မှာမဆိုနေထိုင်ခွင့်ရှိသလို နိုင်ငံတော်အစိုးရအနေနဲ့လည်း နိုင်ငံသူနိုင်ငံသားတိုင်းရင်းသား ဘယ်လူမျိုးစုကိုမဆို ဘေးကင်းလုံခြုံပြီးတော့ အဆင်ပြေတဲ့နေရာ တိုင်းရင်းသားတွေလည်း စိတ်ဆန္ဒရှိတဲ့နေရာမှာ စီစဉ်နေရာချထားတာဟာ ပြန်သုံးသပ်ဖို့လိုအပ်ခြင်းမရှိကြောင်း ဆွေးနွေးလိုပါတယ်။ ဒ့ါအပြင် ယခုလို ရန်ကုန်မြို့ကို ရွေးချယ်ပြောင်းရွှေ့ခွင့်ပြုသူတွေထဲမှာ ကမန်တိုင်းရင်းသား ဝန်ထမ်းမိသားစုတွေ ပါဝင်နေပြီး ၂၀၁၂ ခုနှစ် ထူးခြားတဲ့ဖြစ်စဉ်နောက်မှာ ပိတ်မိနေတဲ့ သူတို့ရဲ့ဆွေမျိုးသားချင်းတွေကို ပြန်လည်ပေါင်းစည်းစေတဲ့စေတနာလည်း ပါဝင်တယ်ဆိုတာကို ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

ဒုတိယအချက်အနေနဲ့ဆွေးနွေးလိုတာက အဆိုရှင်ဟာ မစ္စတာကိုဖီအာနန်ရဲ့အကြံပြုချက်(၁၂)ချက်မှာ အကြံပြုချက်နံပါတ်(၈)ကိုသာ အလေးထားဆွေးနွေးသွားပြီးတော့ အကြံပြုချက်နံပါတ်(၇) ဖြစ်တဲ့နိုင်ငံသားဖြစ်မှုနဲ့ လွတ်လပ်စွာသွားလာခွင့်ဆိုတာကိုတော့ မေ့လျော့ချန်လှပ်ထားခဲ့တာကို တွေ့ရှိရပါတယ်။ ရှေ့ကလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပြုံးချိုဆွေးနွေးသွားသလို Relocation ဆိုတဲ့ ရွှေ့ပြောင်းနေရာချထားလို့လည်း ရတဲ့အချက်ရှိပါတယ်။ ယခု ကျွန်မတို့ဆွေးနွေးနေသလိုပဲ အရှေ့က ဆွေးနွေးသွားခဲ့ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ အမျိုးသားလွှတ်တော် (၁၂)ရက်မြောက် ပုံမှန်အစည်းအဝေးမှာလည်း ဒီမေးခွန်းကို မေးခဲ့ပါတယ်။ ဒီလိုမေးခဲ့တဲ့အခါမှာ ဆရာဦးတင်ထွေးပြောသလို သူတို့ရဲ့အိမ်ရာ၊ ဆိုင်ခန်းတွေရောင်းချဖို့နည်းတူ သူတို့ရဲ့နေရပ်မှာ ပြန်လည်နေထိုင်ခွင့်ပြုရန် မေးမြန်းခဲ့တဲ့အခါ အဲဒီအချိန်က အစိုးရရဲ့ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်နေထိုင်ခွင့်ပြုရန် မသင့်သေးကြောင်း ဒါကို သေသေချာချာစီမံဆောင်ရွက်ဖို့ လိုအပ်ကြောင်းဖြေကြားခဲ့တာတွေ့ရပါတယ်။ ယခုအချိန်ကျမှ အဆိုရှင်က ဘာကြောင့်များနေရပ်ပြန်ပို့ဖို့တိုက်တွန်းဆွေးနွေးရတယ်ဆိုတာကို စဉ်းစားစရာအချက်တစ်ခုအဖြစ်နဲ့ တင်ပြလိုပါတယ်။

တတိယအချက်အနေနဲ့ဆွေးနွေးလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ကျွန်မတို့ဟာ လူမျိုးတစ်မျိုး၊ ဘာသာတစ်ခု ကာကွယ်တာမျိုး၊ ပြစ်ပယ်တာမျိုး၊ ဇောင်းပေးခွဲခြားတာမျိုး မလုပ်ဆောင်ဘဲနဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ တည်ဆဲဥပဒေတွေရဲ့အောက်မှာ လုံခြုံအေးချမ်းစွာနေရအောင်ဆောင်ရွက်ပေးရမှာ ကျွန်မတို့ရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

အခန်း(၈) ပုဒ်မ ၃၆၀၊ ၃၆၂၊ ၃၆၃ တို့မှာလည်း ဘာသာရေးနဲ့ပတ်သက်ပြီးတော့ အသိအမှတ်ပြုမှုတွေ၊ လွတ်လပ်စွာကိုးကွယ်နိုင်မှုတွေ၊ နိုင်ငံတော်က ကူညီစောင့်ရှောက်ပေးနိုင်မှုတွေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၃၆၄ အရ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရတဲ့အပြင် လူမျိုးရေး၊ ဘာသာရေးကြောင့် တစ်ဖက်နှင့်တစ်ဖက်မုန်းတီးရန်မူအောင်၊ စိတ်ဝမ်းကွဲအောင်ပြုခြင်းဟာ အခြေခံဥပဒေနဲ့ဆန့်ကျင်နေတဲ့အတွက် ပြစ်ဒဏ်ပြဋ္ဌာန်းနိုင်တယ်လို့တောင် ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းသူနဲ့ထောက်ခံသူတို့ဟာ ပညာရှိသတိဖြစ်ခဲဖြစ်သွားမှာကို ကျွန်မဒီနေရာက စိုးရိမ်မိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point ဆက်လက်အသုံးပြုခွင့်ပြုပါ။ ကျွန်မထပ်မံတင်ပြလိုတာကတော့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ(၂)(ဂ)မှာပါတဲ့အချက်အလက်တွေကို တင်ပြလိုပါတယ်။ ကျွန်မတို့တစ်နိုင်ငံလုံးအနေနဲ့ကြည့်မယ်ဆိုလို့ရှိရင် ဗုဒ္ဓဘာသာကိုးကွယ်တဲ့သူဟာ ၈၇.၉ ရာခိုင်နှုန်းရှိပြီးတော့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့သူဟာ ၄.၃ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။ ဒီအချက်ကို ထပ်မံတင်ပြရမယ်ဆိုရင် ရန်ကုန်မြို့မှာ လက်ရှိလူဦးရေ ၇ သန်း ၃ သောင်းကျော်ရှိပြီးတော့ ဗုဒ္ဓဘာသာဝင်မှာ ၆ သန်း ၇ သောင်းကျော်ရှိပါတယ်။ အစ္စလာမ်ဘာသာဝင် ၃ သိန်း ၄ သောင်းကျော်ရှိနေပါတယ်။ ဒီနေရာမှာ ကျွန်မတင်ပြလိုတာကတော့ ရာခိုင်နှုန်းနဲ့တွက်ရင် ဗုဒ္ဓဘာသာဝင် ၉၁ ရာခိုင်နှုန်းရှိပြီးတော့ အစ္စလာမ်ဘာသာဝင်ဟာ ၄.၇ ရာခိုင်နှုန်းသာရှိတဲ့အတွက် ကမန်အိမ်ထောင်စု ၅၅ စုရောက်ရှိလာခြင်းဟာ ဘယ်လိုမှ Islamization ဖြစ်ဖို့အခြေအနေမရှိပါကြောင်း ထောက်ပြဆွေးနွေးလိုပါတယ်။ ကျွန်မတို့ရဲ့အစိုးရဟာ ကမန်တိုင်းရင်းသားကို ရန်ကုန်ကို ပို့တာလည်းဖြစ်ပါတယ်။ နေပြည်တော်နှင့်လွှတ်တော်ကိုတော့မပို့ခဲ့ပါဘူး။

စတုတ္ထအချက်အနေနဲ့ ယခုအဆိုကိုလေ့လာကြည့်တဲ့အခါ အဆိုရဲ့အဖွင့်၊ အပိတ်၊ အရှေ့အနောက်ချိတ်ဆက်ဖော်ပြမှုတွေအားနည်းနေပါတယ်။ နိဒါန်းပိုင်းမှာ ကိုဖီအာနန်ရဲ့အကြံပြုချက်အတိုင်းမလုပ်လို့ဆိုပြီး ဒီအဆိုကိုသေသေချာချာဆွေးနွေးခဲ့ပေမဲ့ နိဂုံးပိုင်းနဲ့ထောက်ခံဆွေးနွေးတဲ့ကိုယ်စားလှယ်ရဲ့တင်ပြမှုမှာတော့ ဒီလိုလိုက်လုပ်နေရင် ဗိုလ်ချုပ်ပြောတဲ့နိုင်ငံဖြစ်မယ်၊ ရွှေရည်စိမ်ဒီမိုကရေစီသက်ရောက်မှာစိုးရိမ်တယ်လို့ ဆွေးနွေးသွားတာဖြစ်တဲ့အတွက် ဒါဟာ တော်တော်တွေးရခက်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုစိုးရိမ်ကြောင့်ကြမှုတွေမဖြစ်ပါနဲ့။ ကျွန်မတို့ရဲ့ ပြည်သူ့အစိုးရဟာ ကိုဖီအာနန်ကော်မရှင်ရဲ့အကြံပြုချက်တွေကို နားထောင်မယ်၊ ဆန်းစစ်မယ်၊ ဆုံးဖြတ်မယ်၊ ဒီနောက်မှာ ကိုယ့်နိုင်ငံနဲ့သင့်တော်တဲ့အချက်အလက်တွေကို စီမံချက်ချပြီးလုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် နိုင်ငံသားများလည်း ပူပန်ဖို့မလိုကြောင်း ဆွေးနွေးလိုက်ရပါတယ်။

နောက်ဆုံးဆွေးနွေးလိုတာကတော့ ရခိုင်ပြည်နယ်အရေးဟာ ကျွန်မတို့တစ်နိုင်ငံလုံးအရေးဖြစ်ပါတယ်။ နိုင်ငံကိုဦးဆောင်နေတဲ့အစိုးရကလည်း ဘယ်တိုင်းရင်းသားအတွက်မဆို အကောင်းဆုံးရွေးချယ်စဉ်းစားဆောင်ရွက်မှာဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးရောက်ရှိဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာ ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီး အကျိုးမျှော်လုပ်ဆောင်မှုတွေ ရပ်တန့်သင့်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးကို ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၆။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂:၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မကတော့ ကယားပြည်နယ် ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်ရှင်။ မင်းကင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုသည် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်ဆက်နွှယ်နေသောအဆိုတစ်ခုဖြစ်တဲ့အတွက် တိုင်းရင်းသူတစ်ဦးဖြစ်တဲ့ ကျွန်မအနေနဲ့ တိုင်းရင်းသားအားလုံးရဲ့ ရင်ထဲကခံစားခဲ့ရတဲ့ ခံစားချက်ချင်းအတူတူ၊ ရင်ဘတ်ချင်းအတူတူမို့ ဝင်ရောက်ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါတယ်ရှင်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံမှာ နိုင်ငံသားဖြစ်မှုကို အကြမ်းဖျင်းနှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါတယ်။ ၎င်းတို့မှာ ပုဒ်မ ၃ နှင့် ပုဒ်မ ၅ ပါအချက်များသည် မွေးရာပါနိုင်ငံသားများဖြစ်သည်။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ သည် ဥပဒေပြဋ္ဌာန်းချက် လုပ်ထုံးလုပ်နည်းအရဖြစ်တဲ့ နိုင်ငံသားဆိုပြီး ခွဲခြားနိုင်ပါတယ်။ အဆိုရှင် တင်ပြထားသော ကမန်လူမျိုးများရဲ့ သမိုင်းကို လေ့လာကြည့်မယ်ဆိုရင်လည်း ရခိုင်ဘုရင် ဘစော မင်းဖြူလက်ထက် ရခိုင်စာဆိုတော် ပညာရှိအမတ်ကြီး အဒူမင်းညိုရေးသားတဲ့ ရခိုင်မင်းသမီး ဧချင်း အပိုဒ် ၃၃၊ ၃၄ မှာ ကမန်လူမျိုးများဟာ သီးခြားမဟုတ်၊ ရခိုင်လူမျိုးများသာဖြစ်ကြောင်း၊ လေးမြား အတတ်နှင့် ကျွမ်းကျင်သူ သို့မဟုတ် လေးတော်ပစ်များဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အဲဒီရခိုင် မင်းသမီးဧချင်းအပိုဒ် ၃၃၊ ၃၄ ကို စတုတ္ထနှစ်မြန်မာစာအထူးပြု သင်ရိုးအမှတ်(၄၁၂)မှာ လေ့လာ သိရှိနိုင်ပါတယ်။ ဒီသမိုင်းအထောက်အထားတွေကိုကြည့်ခြင်းအားဖြင့် ကမန်လူမျိုးများဟာ သီးခြား

လူမျိုးများမဟုတ်ဘဲ ၁၈၂၄ မတိုင်မီကတည်းက နေရင်းလူမျိုးစုများဖြစ်ပြီး မွေးရာပါနိုင်ငံသားများ ဖြစ်သလို ဌာနေတိုင်းရင်းသားများဖြစ်တယ်ဆိုတာ သိတာထင်ရှားနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူမျိုးစုကွဲပြားမှုအများဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကိုတော့ နဝတခေတ်ကတည်းက စစ်မဟာဗျူဟာလေ့လာရေးနှင့် သုတေသနရုံးက ပြုစုတင်ပြထားတာကိုလည်း လေ့လာသိရှိရပါတယ်။ အဲဒီကတည်းက ရခိုင်လူမျိုးခုနစ်မျိုးထဲမှာ ကမန်လူမျိုးပါဝင်နေကြောင်းကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပါ။ အခုအချိန်အခါမှ အဆိုရှင်က ကမန်လူမျိုးများဟာ ဘင်္ဂါလီလူမျိုးများယောင်ယောင် ပေါင်းစပ်ပုံဖော်ပြောဆိုသွားတာကို ကြားရတဲ့အတွက် လူနည်းစုတိုင်းရင်းသားတွေကို ခွဲခြားဆက်ဆံ တယ်လို့ သုံးသပ်မိပါတယ်။ နိုင်ငံတော်၏ အခြေခံမူများဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတဲ့ ပြဋ္ဌာန်းချက်ကို ထိခိုက်စေတဲ့အတွက် လွန်စွာ စိတ်မကောင်းလည်း ဖြစ်ခဲ့မိပါတယ်။ ယခု လက်ရှိသွားနေတဲ့ ငြိမ်းချမ်းရေးကိုလည်း ထိခိုက်စေပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကမန်လူမျိုးများသည် တိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သည့်အတွက်ကြောင့် နိုင်ငံသားအခွင့်အရေးကို တိုင်းရင်းသားအားလုံး တန်းတူညီမျှ ရရှိခံစားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄၈ မှာ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဘာသာ၊ ကျား/မအရ ခွဲခြားဆက်ဆံမှု မရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ ထို့အတွက်ကြောင့် တိုင်းရင်းသား ကမန်လူမျိုးများသည် ဥပဒေနှင့် အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၅ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေချနေထိုင်ခွင့်ရှိသည်။ ဒီလိုတည်ဆဲဥပဒေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေများနှင့်အညီ လုပ်ဆောင်လျက်ရှိတာဖြစ်လို့ အဆိုရှင်ရဲ့အဆိုဟာ ဆီလျော်မှုမရှိဘူးလို့ တင်ပြလို ပါတယ်။ အခုလို ခေတ်အဆက်ဆက်ကဖြစ်လာခဲ့တဲ့ ရခိုင်အရေးကိစ္စကို နိုင်ငံတော်အစိုးရအနေနဲ့ အခက်အခဲများနှင့် စိန်ခေါ်မှုများကြားက အခြေအနေအရပ်ရပ်တစ်ခုကြောင့် ဒုက္ခရောက်နေတဲ့ ကမန် တိုင်းရင်းသားများကို သင့်တော်သလိုပြောင်းရွှေ့နေထိုင်စေခဲ့ခြင်းဟာ မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်းတစ်ခုရဲ့ အမိန့်အာဏာအောက်ကနေ လုပ်ဆောင်နေတာမဟုတ်သလို နိုင်ငံတော်သည် မိမိနိုင်ငံအတွင်းက မည်သည့်နိုင်ငံသားကိုမဆို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ ဒီလို လုပ်ရပ်တွေအားလုံးကို ကျွန်မတို့ တိုင်းရင်းသားအားလုံးနဲ့အတူ နိုင်ငံသူနိုင်ငံသားအားလုံးကလည်း သဘောပေါက်နားလည်ပေးမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ အခုလို လူမှုကွန်ယက်စာမျက်နှာ တွင် ဖော်ပြနေသော ယူဆချက်များကို လိုသလိုဆွဲတွေးပြီး အဆိုရှင်နဲ့ ကိုယ်စားလှယ်တော်ကြီးတို့ရဲ့ စိုးရိမ်ပူပန်မှုသည် ပြည်သူတွေရဲ့စိတ်ကို ချောက်ချားစေပြီး ပြည်သူတွေရဲ့စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်ပွားစေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်က တိုင်းပြည်နှင့် လူမျိုးအတွက်ဆိုသည့်စကားနေရာမှာ ကျွန်မအနေနဲ့ ကမ္ဘာကြီးနဲ့ လူသားများအတွက်ဆိုတဲ့ အမြင်မျိုးနဲ့ အစားထိုးဆွေးနွေးစေချင်ပါတယ်။ မျိုးချစ်စိတ်ဓာတ် ဖြင့် အဆိုရှင်က အဆိုတင်သွင်းသွားသည်ကို လက်ခံရမည်ဖြစ်သော်လည်း ခါတော်မီမျိုးချစ်စိတ်ဓာတ်၊ ကောက်ရိုးမီးမျိုးချစ်စိတ်ဓာတ်၊ မျက်ကန်းမျိုးချစ်စိတ်ဓာတ်မျိုးကိုတော့ ကျွန်မတို့အားလုံး ဖယ်ရှား

ပစ်ဖို့တော့လိုပါတယ်။ တကယ့်စိတ်ရင်းနဲ့ ပညာ၊ သတိနဲ့ မျိုးချစ်စိတ်ဓာတ်ကိုပဲ ကျွန်မတို့ အမြဲထာဝစဉ် ဦးထိပ်ပန်ဆင်ရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အစိုးရအနေနဲ့ ပြဿနာတွေကို အတတ်နိုင်ဆုံးပြေလည်အောင်ဖြေရှင်းနေရတဲ့အချိန်မှာ ကျွန်မတို့အားလုံးဟာ မတူညီကွဲပြားမှုအပေါ် အခြေခံပြီး သွေးခွဲတဲ့စကား၊ အမုန်းစကားတွေပြော၊ အမုန်းတရားတွေနဲ့ ပြည်သူတွေရဲ့စိတ်ကို ပူပန်စေတဲ့ စကားတွေပြောနေကြမယ်ဆိုရင် ပြည်သူများလိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးနဲ့ဝေးပြီး ရွှေပြည်တော်မျှော်တိုင်းဝေးဆိုတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့နေရဦးမှာပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ ရွှေရည်စိမ် ဒီမိုကရေစီဆိုတဲ့စကားကိုလည်း စဉ်းစားမိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရည်ညွှန်း ပြောဆိုသွားသည်ဟု သဘောပေါက်လိုက်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ရွှေစည်စိမ်ဒီမိုကရေစီ မဖြစ်ရလေအောင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ဒီနေရာကနေ တိုက်တွန်းရင်းနဲ့ ကျွန်မရဲ့အဆိုဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးစိုးသူ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းတဲ့ အဆိုကို အပိုင်းသုံးပိုင်းဖြင့် ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့အရေးကိစ္စတွေဟာ နယ်ချဲ့တို့ မြန်မာနိုင်ငံကိုကျူးကျော်စဉ်ကတည်းက အစပြုခဲ့တာ ဖြစ်ပါတယ်။ နယ်ချဲ့တို့ခေါ်သွင်းလာတဲ့၊ တိုင်းရင်းသားမဟုတ်တဲ့ ပြည်ပနိုင်ငံသားတွေဟာ ရခိုင်ဒေသ အတွင်း ၎င်းတို့ကိုယ်ပိုင်နယ်မြေရရှိဖို့အတွက် လွတ်လပ်ရေးမရမီကာလကပင် စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့တဲ့ပြဿနာတွေကြောင့် ရခိုင်အရေးဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ယခင်အစိုးရ အဆက်ဆက်အနေနဲ့ ပြည်တွင်းရေးကို ပြည်တွင်းမှာပဲ ဆောင်ရွက်ခဲ့ကြပါတယ်။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံတကာမှ နားလည်လက်ခံလာစေရန် နိုင်ငံတကာဖိအားတွေ လျော့ကျလာစေရန်ရည်ရွယ်ပြီး မစ္စတာကိုဖီအာနန်ဦးဆောင်တဲ့အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူအများစုက ကော်မရှင်ကြောင့် ပြည်တွင်းရေးကနေ နိုင်ငံတကာအရေးအဖြစ် ပြောင်းလဲသွားမှာကို စိုးရိမ်နေတဲ့ ကြားထဲက ဖွဲ့စည်းခဲ့ကြတာလည်းဖြစ်ပါတယ်။ အဆိုပါကော်မရှင်ဖွဲ့စည်းစဉ်က နိုင်ငံခြားရေး ဒုတိယဝန်ကြီးကိုယ်တိုင် အကြံပေးရုံသက်သက်သာ ဖွဲ့စည်းခဲ့တာဖြစ်ကြောင်း လွှတ်တော်မှာ တိတိကျကျရှင်းလင်းခဲ့သော်လည်း တာဝန်ရှိသူအကြီးအကဲက UN အစည်းအဝေးသွားရောက် တက်ရောက်စဉ် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေတဲ့ပြဿနာတွေဖြေရှင်းဖို့ ကော်မရှင်ရဲ့အကြံပေးချက်ကို အသုံးပြုသွားမယ်လို့ ပြောဆိုခဲ့ခြင်းနှင့် ကော်မရှင်ရဲ့ကြားဖြတ် အစီရင်ခံစာပါအတိုင်း IDP စခန်းမှ ဒုက္ခသည်မိသားစု ၅၅ စုကို ရန်ကုန်သို့ရွှေ့ပြောင်းစေခဲ့တဲ့ သတင်းထုတ်ပြန်ခြင်းများဟာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး လွှတ်တော်မှာလာရောက်ဖြေကြားခဲ့သည်နှင့် ကွဲလွဲနေတာကို တွေ့ရမှာပါ။

ဒုတိယပိုင်းအနေနဲ့ ဒုက္ခသည်မိသားစုတွေကို ရန်ကုန်သို့ရွှေ့ပြောင်းပေးခဲ့ခြင်းဟာ အကြံပေးကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်နံပါတ်(၈) ပထမပိုဒ်ပါ မူလနေရာ သို့မဟုတ် သင့်တော်တဲ့နေရာသို့ ရွှေ့ပြောင်းပေးရန်ဆိုတဲ့အချက်အလက်နဲ့ ကွဲလွဲနေပါတယ်။ ရန်ကုန်သို့ ရွှေ့ပြောင်းပေးခဲ့သူများနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းဖော်ပြခြင်းမရှိတာဟာ တိုင်းရင်းသားဖြစ်လို့ နိုင်ငံတွင်း လွတ်လပ်စွာရွှေ့ပြောင်းနိုင်ပေမဲ့ ကြားဖြတ်အစီရင်ခံစာပါအတိုင်း လုပ်ဆောင်တယ်လို့ သတင်းထုတ်ပြန်ခဲ့ခြင်းဟာ ပြည်သူများကို သံသယစိတ်တွေဖြစ်ပွားစေခဲ့ပါတယ်။ ပြည်သူအများစုဟာ ရခိုင်ပြည်နယ်အရေးကြောင့် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေဖြစ်ပွားမှာ စိုးရိမ်ပူပန်နေချိန်မှာ သတင်းအတိအကျထုတ်ပြန်ခြင်းမရှိဘဲ ဒုက္ခသည်စခန်းမှမိသားစုတွေကို ရန်ကုန်သို့ရွှေ့ပြောင်းပေးခဲ့ခြင်းက အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာပါအကြံပြုချက် ကွဲလွဲနေကြောင်းကို တွေ့ရှိရပါတယ်။

တတိယပိုင်းအနေနဲ့ IDP စခန်းမှဒုက္ခသည်များကို ရန်ကုန်သို့ပြောင်းရွှေ့ပေးခြင်းနှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့ဟာ နိုင်ငံရဲ့အဓိကမြို့တစ်မြို့၊ လူဦးရေအထူထပ်ဆုံးနှင့် စီးပွားရေးအချက်အချာကျတဲ့မြို့ဖြစ်သလို နိုင်ငံရေးအရလည်း လှုပ်ရှားတက်ကြွဆုံးမြို့ဖြစ်တဲ့အတွက် ရန်ကုန်လှုပ်ရှားမှုရှိတိုင်း အခြားမြို့တွေကို ကူးစက်တတ်တာဟာ နိုင်ငံအတွက် အလွန်အရေးကြီးတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ နေ့စဉ်လိုလိုလည်း ခိုးဝင်ဘင်္ဂါလီ ဖမ်းဆီးရရှိမှုတွေရှိနေပြီး ၎င်းတို့ရဲ့ဦးတည်ရာလမ်းဟာ ရန်ကုန်ဖြစ်နေတာပါ။ ဒီလိုဦးတည်ဝင်ရောက်နေခြင်းကို ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်တွေနောက်ကွယ်ကနေ စီစဉ်ကြပ်မတ်ဆောင်ရွက်နေတယ်ဆိုတာ စဉ်းစားစရာရှိလာပါတယ်။ တိုင်းရင်းသားမဟုတ်သူတွေ ရန်ကုန်မြို့မှာ များပြားလာပါက ရန်ကုန်မြို့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပေါ် လွှမ်းမိုးချုပ်ကိုင်လာမှာကိုလည်း စိုးရိမ်ရပါတယ်။ အဆိုပါမိသားစုတွေဟာ တိုင်းရင်းသားဖြစ်လို့ နိုင်ငံအတွင်းဆန္ဒရှိရာ ရွှေ့ပြောင်းသွားလာနိုင်တာမှန်သော်လည်း အခုလိုအုပ်စုလိုက် တရားဝင်ရွှေ့ပြောင်းစေခြင်းကြောင့် တခြားသော IDP စခန်းမှာရှိတဲ့ နောက်ထပ်တခြားသောဒုက္ခသည်အမည်ခံတွေကိုလည်း တောင်းဆိုလာနိုင်တာကို ကျွန်တော်တို့ သတိပြုရပါတယ်။ ဒီအကျိုးဆက်ကြောင့် လူဦးရေပေါက်ဖွားမှုနှုန်းများတဲ့ တိုင်းရင်းသား မဟုတ်သူတွေများပြားလာပြီး ရန်ကုန်မြို့ရဲ့တည်ငြိမ်မှုပျက်ပြားခြင်း၊ လုံခြုံမှုကျိုးပေါက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်ခြင်းတွေဖြစ်လာနိုင်လို့ အဆိုပါမိသားစုတွေ ရန်ကုန်ကို ရွှေ့ပြောင်းနိုင်ခြင်းကို ပွင့်လင်းမြင်သာစွာချပြပြီးမှသာ ဆောင်ရွက်ခဲ့သင့်ပါတယ်။ နိုင်ငံ့အရေးစဉ်းစားကြတဲ့အခါမှာ မိမိနိုင်ငံ အကျိုးစီးပွားအတွက် နိုင်ငံတကာအခြေအနေကိုလည်း လေ့လာသုံးသပ်ကြဖို့လိုပါတယ်။ ဘာသာခြား တိုင်းတစ်ပါးတွေဝင်ရောက်ခဲ့လို့ အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေထဲက ကိုးကွယ်ရာ ဘာသာတူနိုင်ငံတွေရဲ့ထောက်ခံမှု၊ UNHCR ရဲ့ဘက်လိုက်မှု၊ မီဒီယာဘက်လိုက်ဖော်ပြမှု၊ အင်အားကြီး နိုင်ငံတွေရဲ့ကိုယ်ကျိုးရှာမှုတွေကြောင့် ကိုဆိုဗိုဒေသကို ယူကိုဆလားဗီးယားတို့ဆုံးရှုံးခဲ့ရတဲ့သင်ခန်းစာကို ကျွန်တော်တို့ယူရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ ဘင်္ဂါလီကိစ္စကို သုံးသပ်မယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ မိမိအချုပ်အခြာအာဏာ၊ မိမိနယ်မြေ၊ မိမိလူမျိုးကို ကာကွယ်နေခြင်းသာဖြစ်ပြီး အခြားနိုင်ငံအပေါ်ကျူးကျော်ဝင်ရောက်ခဲ့ခြင်း၊ အကြမ်းဖက်ခဲ့ခြင်းများ လုံးဝမရှိပါဘူး။ OIC အပါအဝင် အနောက်အင်အားကြီးနိုင်ငံအချို့နဲ့ မိတ်ဆွေကောင်းမပီသတဲ့

အိမ်နီးချင်းနိုင်ငံဟာ ၎င်းတို့ရဲ့အကျိုးစီးပွားအတွက် ကုလသမဂ္ဂနဲ့မီဒီယာကို အသုံးချ၊ ရခိုင်ပြည်နယ် ဘင်္ဂါလီအရေးကို ၎င်းတို့လိုသလို ပုံဖော်ဖန်တီးနေကြခြင်းနှင့် မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုး စီးပွားကို ထိပါးလုပ်ဆောင်နေတာကို တွေ့ရပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတကာဖိအားများသက်သာစေရန် ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင် အကြံပေးကော်မရှင်ဖွဲ့ခဲ့ပြီး အကြံပြုချက်ပါအတိုင်း ကိုးကားလုပ်ဆောင်ခဲ့သော်လည်း လက်ရှိ ရခိုင်ပြည်နယ်အရေးကို အကြောင်းပြုပြီး အင်အားကြီးနိုင်ငံများရဲ့ ကစားပွဲတစ်ခု မြန်မာနိုင်ငံအတွင်း မှာ ဖြစ်ပေါ်နေပါတယ်။ လူ့အခွင့်အရေး လူမျိုးသုဉ်းသတ်ဖြတ်ရေးနဲ့ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ပြည်ပ နိုင်ငံများ ဝင်ရောက်စွက်ဖက်ကာ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာခြင်း၊ ရခိုင်အရေးပေါ် လုပ်ဆောင်ချက်မှားယွင်းပါက မိမိနိုင်ငံရဲ့နယ်မြေအစိတ်အပိုင်းအချို့ လက်လွတ်ဆုံးရှုံးသွားနိုင်ခြင်း၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများဖြစ်ပွားလာနိုင်ခြင်း၊ မိမိတို့ရဲ့အမျိုးသားအကျိုးစီးပွားကို ထိခိုက် လာနိုင်တဲ့အခြေအနေကို ရောက်ရှိလာခြင်းကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ် အရေးဆုံးဖြတ်ချက်ချရာမှာ ပြည်သူတို့ပွင့်လင်းမြင်သာစွာချပြပြီး ပြည်သူအများစုဆန္ဒကိုလည်း သိရှိ လေးစားလိုက်နာ၍ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိတယ်ဆိုတာနှင့်အညီ ပြည်သူ့အားကိုရယူ ပြီး နိုင်ငံတကာဖိအားများကို ရင်ဆိုင်နိုင်ရေးလုပ်ဆောင်သင့်ပါကြောင်းသုံးသပ်ရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်တင်သွင်းသွားတဲ့ အမျိုးသားလုံခြုံရေးနှင့်ဆိုင်တဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်မှာ အမျိုးသားလုံခြုံရေးဆိုတာ အင်မတန် အရေးကြီးတယ်လို့ ကျွန်တော်ယူဆမိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးသွားတဲ့ထဲက ကျွန်တော့်အနေနဲ့ အချက် သုံးချက်လောက် ဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုတစ်ခုကို ဆွေးနွေးတဲ့ အခါမှာ ထောက်ခံတယ်၊ ကန့်ကွက်တယ်ဆိုတာက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်ရဲ့အခွင့်အရေးလည်းဖြစ်ပါတယ်။ ဒီအဆိုဟာ မှန်တယ်၊ မမှန်ဘူးဆိုတာ အချိန်တန်ရင် အဖြေထွက်လာမှာဖြစ်ပါတယ်။ အဆိုရှင်ဆွေးနွေးသွားတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ်ရဲ့ သတင်းထုတ်ပြန်ချက်ရဲ့ နောက်ဆုံးအပိုဒ်မှာပါတဲ့ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာမှာ တင်ပြထားတဲ့ အကြံပြုအချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည် ဆိုတဲ့အချက်ဟာ အကြံပြုချက်နှင့်ကွဲလွဲနေတယ်ဆိုတဲ့အချက်ကို ပထမဦးဆုံးအနည်းငယ် အကြံပြု ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ် မတ်လမှာထုတ်ပြန်ခဲ့တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာမှာ နိုင်ငံပိုင်သတင်းစာကဲ့သို့သော ပြည်သူများအလွယ်တကူ သိရှိနားလည်နိုင်တဲ့မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ထားခြင်းမရှိတဲ့အတွက် ပြည်သူများသိရှိနားလည်မှု အားနည်းပါကြောင်း ကျွန်တော်သုံးသပ်မိပါတယ်။ ထိုကဲ့သို့သော ပြည်သူများမသိရှိသည်ကို အခွင့် ကောင်းယူ၍ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေပါသရောင်ရောင်ဖြင့် ကမန် တိုင်းရင်းသားအိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ပြောင်းရွှေ့ပေးခြင်းဟာ ပြည်သူကို အလေးမထားဘဲ နေရာရောက်တယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ဒီလိုဆိုရင် ပြဿနာသေးသေးကနေ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိပါးလာနိုင်တယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အနေနဲ့ ပြည်သူကိုချစ်တယ်။ ပြည်သူကို အလေးထား တယ်။ ပြည်သူကိုလေးစားတယ်ဆိုရင် ပြန်လည်ဝန်ခံတောင်းပန်သင့်ကြောင်း ကျွန်တော် အကြံပြုလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ ကျွန်တော် အကြံပြုဆွေးနွေးလိုတာကတော့ အထက် မှာ တင်ပြထားတဲ့ အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာမှာ မပါတာကို ပါသရောင်ရောင်နှင့် ထုတ်ပြန် ကြေညာခဲ့ခြင်းဟာ နောင်တွင် နိုင်ငံတော်ရဲ့ အမျိုးသားလုံခြုံရေးကိစ္စနှင့်ပတ်သက်လာရင် ၎င်းအကြံ ပြုချက်ဟာ ပြည်သူက မည်သည့်အထိယုံရမည်ကို မေးခွန်းမေးနိုင်စရာလည်း ဖြစ်နိုင်ပါတယ်။ တတိယအချက်အနေနဲ့ ကျွန်တော်အကြံပြုဆွေးနွေးလိုတာကတော့ ရခိုင်ပြည်နယ်အကြံပေး ကော်မရှင် စတင်ဖွဲ့စည်းစဉ်က ကော်မရှင်အားအကြံပေးရုံသက်သက်ပါလို့ လွှတ်တော်မှာ အစိုးရ အဖွဲ့ဝင်တစ်ဦးမှ ရှင်းလင်းခဲ့ဖူးတာကို ကျွန်တော်မှတ်မိပါတယ်။ သို့သော် ယခုအခါ ကော်မရှင်ရဲ့ အကြံပြုချက်မှာ မပါတာကို ပါသရောင်ရောင်ဖြင့် ရခိုင်ပြည်နယ်မှာ ကော်မတီရဲ့အကြံပြုချက် အကောင်အထည်ဖော်ရေးအဖွဲ့ကော်မတီဖွဲ့စည်းခြင်း၊ နိုင်ငံခြားသားငါးဦးပါဝင်တဲ့ အကောင်အထည် ဖော်ရေး ကော်မတီတစ်ရပ်ကိုဖွဲ့စည်းခြင်းတို့ဟာ လွှတ်တော်မှာ ဆွေးနွေးတဲ့ပုံစံနှင့် ကွဲလွဲနေတယ်လို့ ကျွန်တော် မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးအချင်းချင်းကြားမှာ ယုံကြည်မှု များစွာတည်ဆောက်ဖို့လိုတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကို မဖြစ်မနေတာဝန်ယူဆောင်ရွက်ရမည့်တာဝန်လည်း ကျွန်တော်တို့အပေါ်မှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကမန်လူမျိုးများကို မူလနေထိုင်သော ရခိုင်ပြည်နယ်၌သာ နေရာပြန်ချပြီး နေထိုင်စေသင့် ကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့ ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ပြောင်းရွှေ့ခွင့်ပြုခြင်းကို ပြည်ထောင်စုအစိုးရမှ ပြန်လည်သုံး သပ်သင့်ကြောင်းဆိုတဲ့ အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကမန်မိသားစု ၅၅ ဦးကို ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာ လက်ရှိအစိုးရအဖွဲ့ကလုပ်ဆောင်ထားတာတွေက ကိုဖီအာနန်ကော်မရှင်ကနေပြီးတော့ အကြံပြုထားတဲ့အချက်(၁၂)ချက်မှာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး၊ နိုင်ငံသားဖြစ်မှုနှင့် လွတ်လပ်စွာသွားလာခွင့်၊ နောက်တစ်ခါ IDP စခန်းများပိတ်သိမ်းရေးဆိုတဲ့မူတွေနဲ့ကိုက်ညီနေတယ်ဆိုတာတော့ တွေ့ရပါတယ်။ ဒီနေရာမှာ ကိုဖီအာနန်ကော်မရှင်ရဲ့အကြံပြုချက်တွေအတိုင်းပဲ လိုက်လုပ်မလား၊ မလုပ်ဘူးလားဆိုတာတော့ ဆွေးနွေးစရာရှိပါတယ်။ အကြံပြုထားတဲ့ဟာတွေက မူသဘောအကြံပြုချက်တွေ ဖြစ်ပါတယ်။ ဒါတွေကို အကောင်အထည်ဖော်ဖို့ဆိုလို့ရှိရင် လက်ရှိမြေပြင်မှာဖြစ်ပေါ်နေတဲ့အခြေအနေတွေအပေါ်မှာပဲ သုံးသပ်ပြီးတော့ အစိုးရအနေနဲ့ ကိုယ့်ရှိနေတဲ့အခြေအနေအတိုင်းပဲ လိုက်ပါဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော်ထင်ပါတယ်။ မလုပ်သင့်တာတစ်ခုကတော့ရှိတယ်။ အဲဒါကတော့ ဘာလည်းဆိုလို့ရှိရင် လက်ရှိအဆိုမှာတင်သွင်းထားတဲ့အတိုင်းတော့ မလုပ်သင့်ဘူးလို့ ကျွန်တော်ကတော့ ယူဆတယ်။ ဘာ့ကြောင့်အဲဒီလိုယူဆလည်းဆိုတော့ ဒီစာမျက်နှာ(၅)မျက်နှာလောက်လေးရေးတဲ့အဆိုမှာတောင်မှပဲ ရှေ့နောက်မညီတာတွေက တော်တော်များတယ်။ ဘာသွားတွေ့ရလဲဆိုတော့ အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာတွင်ပြထားသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည့်ဆိုတဲ့အချက်ဟာ အကြံပြုချက်နဲ့လုံးဝကွဲလွဲနေတယ်လို့ပြောတာကျတော့ အကြံပြုချက်ကိုထောက်ခံသရောင်ရောင်၊ နောက်တစ်နေရာမှာကျတော့ ဒီကော်မရှင်ရဲ့အကြံပြုချက်တွေကို လိုက်ပြီးလုပ်နေတာက ပြည်သူ့ဆန္ဒနှင့်ကိုက်ညီရဲ့လားလို့မေးတာကျတော့ တစ်ခါကန့်ကွက်သရောင်ရောင်၊ နောက်တစ်နေရာမှာကျတော့ တစ်ခါ ကျွန်တော်တို့လိုက်လုပ်ရမယ်ဆိုတာက စောစောက Power Point မှာတင်ပြတဲ့အချက် (၁၂)ချက်ပဲဖြစ်တယ်ဆိုတာ တစ်ခါထောက်ခံပြန်ရော။ အဲဒီတော့ အဆိုရှင်ကိုယ်တိုင်ကိုက ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဝိဝါဒကွဲနေတဲ့အချိန်မှာ ဒီအဆိုအတိုင်းသာ အစိုးရအဖွဲ့က လိုက်လုပ်နေမယ်ဆိုလို့ရှိရင်တော့ အဆိုရှင်ဆွေးနွေးခဲ့သလိုပဲ ဗိုလ်ချုပ်ပြောတဲ့နိုင်ငံလိုဖြစ်သွားမှာလည်း ကျွန်တော်စိုးပါတယ်။ နောက်တစ်ခုကကျတော့ ရခိုင်ကိစ္စကို ရခိုင်မှာပဲ ရှင်းမယ်ဆိုတဲ့ကိစ္စ။ ဒီရခိုင်ပြဿနာက စောစောကလည်း တပ်မတော်သားကိုယ်စားလှယ်တွေရှင်းသွားပါတယ်။ တကယ်တော့ တကယ့် Root Cause က နှစ်ပေါင်းများစွာကြာပါပြီ။ ဒါတွေကို အခုဖြေရှင်းနေတဲ့အချိန်မှာ ကျွန်တော်တို့က ပြည်တွင်းမှာ တရားဥပဒေစိုးမိုးရေးဖြစ်အောင်လည်း လုပ်ရတယ်။ IDP Camp တွေကို ပိတ်သိမ်းရေးလည်း လုပ်နေရတယ်။ ထို့အတူတူ နိုင်ငံတကာမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်တွေကျအောင် ဖိအားတွေအကြိမ်ကြိမ်ပေးခံနေရတဲ့အချိန် ဒီထဲမှာလည်း R2P ကိစ္စပါတယ်။ Sanction ကိစ္စပါတယ်။ ဒီလိုမျိုး R2P တို့ Sanction တို့ဆိုတာ ဘယ်ကို Target ထားနေတာဆိုတာ ကျွန်တော်တို့သိတယ်။ သို့သော် ကျွန်တော်တို့သည် ကျွန်တော်တို့တိုင်းပြည်ရဲ့ပုံရိပ်လို့သဘောထားပြီးတော့ အစိုးရကရော၊ လွှတ်တော်ကိုယ်စားလှယ်တွေကရော၊ နိုင်ငံတကာသံတမန်အခင်းအကျင်းမှာ ဝိုင်းပြီးဖြေရှင်းနေတဲ့အချိန်မှာ ရခိုင်အရေးကို ရခိုင်မှာပဲရှင်းသင့်တယ်လို့ပြောတယ်ဆိုတဲ့ကိစ္စကလည်း အင်မတန်မှကို စဉ်းစားစရာကောင်းတယ်လို့ထင်ပါတယ်။

နောက်တစ်ခု ကျွန်တော်ဆွေးနွေးလိုချင်တာကတော့ ဒါအထူးသတိပေးချင်တဲ့ကိစ္စပါ။ အစိုးရကို လည်း အထူးသတိပေးချင်ပါတယ်။ အဲဒါဘာလည်းဆိုလို့ရှိရင် ဒီရခိုင်အရေးနဲ့ပတ်သက်ပြီးတော့ပဲ ကျွန်တော်တို့ဆီမှာ လွှတ်တော်ထဲမှာပဲ ကိုဖီအာနန်ကော်မရှင် ဆွေးနွေးခဲ့ကြတယ်။ အဲဒီအချိန်တုန်းက R2P ဆိုပြီး အကြိမ်ကြိမ်ပြောခဲ့တဲ့အသံတွေ အများကြီးလွှတ်တော်ထဲမှာထွက်လာတယ်။ ပြောခဲ့တယ်။ ထို့အတူတူပဲ အခု လက်ရှိအခြေအနေကိုပြန်ကြည့်တဲ့အခါ နိုင်ငံတကာဖိအားဆိုတာဟာလည်း ဒီ R2P ကိုပဲ တည်ပြီးတော့ သွားနေတဲ့ဟာတွေကို တွေ့ပါတယ်။ ဒီလိုတွေ့နေတဲ့ကိစ္စမျိုးတွေက ပြောရင်ဖြစ် တတ်လွန်းလို့ အစိုးရအနေနဲ့ သတိထားသင့်တယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။ ဘာကို ကျွန်တော်အဓိကပြောချင်တာလည်းဆိုလို့ရှိရင်တော့ အခုလည်းပဲ အဆိုရှင်ကြီးက ထောက်ပြထားတာ တွေ့ရပါတယ်။ အဲဒါက ဘာလည်းဆိုတော့ ကိုဖီအာနန်ကော်မရှင်ရဲ့အကြံပြုချက်မှာမပါဝင်ဘဲ ပြဿနာတစ်ရပ်ကိုဖိတ်ခေါ်နေသလိုဖြစ်နေတယ်လို့ ထောက်ပြနေတာလည်း တွေ့ရပါတယ်။ အဲဒီ တော့ ကျွန်တော်လေးလေးနက်နက်အကြံပေးချင်တာကတော့ ဖြစ်တတ်လွန်းတဲ့ကိစ္စတွေဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ဒီအစိုးရအဖွဲ့အနေနဲ့ ပဋိပက္ခက အခုအချိန်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်မှာ တည်ငြိမ်တဲ့အဆင့်တစ်ခုကို ထိန်းသိမ်းထားနိုင်တဲ့အနေအထားရောက်ပါပြီ။ ဒီတည်ငြိမ်မှုလေးတွေကို ဆက်လက်မပြတ်ပြားအောင်လို့ သတိထားပြီးတော့ အစိုးရအနေနဲ့ ကြိုတင်ကာကွယ်၊ ကြိုတင် ထိန်းသိမ်းသင့်ပါတယ်။ ဘာကြောင့်လည်းဆိုလို့ရှိရင် ဖြစ်တတ်လွန်းလို့ပါလို့ပြောကြားရင်း နိဂုံးချုပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေ ကြောင်း ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ မင်းကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်တင်သွင်းသွားတဲ့ အဆိုကိုဆွေးနွေးမယ့် လှည်းကူး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်ဖြစ်ပါတယ်။ အဆိုမှာ ရခိုင်ပြည်နယ် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း(၃)ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း ၂၀၁၆-၂၀၁၇ ခုနှစ်ပဋိပက္ခများအပေါ် သတင်းမှား အချက်အလက်များကြောင့် ကမ္ဘာ့နိုင်ငံများရဲ့ အထင်အမြင်လွဲမှားမှုများနှင့်အတူ စီးပွားရေး၊ လူမှုရေး ဘက်စုံထိုးနှက်တိုက်ခိုက်မှုတွေကို ခံနေရတဲ့အချိန်နဲ့သွားတိုက်ဆိုင်နေတဲ့အတွက် မြွေတွန်းရာ ကင်းမှောင့်၊ မီးလောင်ရာလေပင့်အဖြစ်မျိုး ဖြစ်သွားမှာစိုးရိမ်မိပါတယ်။ အဆိုမှာပါတဲ့ဖြစ်ရပ်ကို လေ့လာကြည့်တဲ့အခါ ဒုက္ခသည်များဟာ ဘင်္ဂါလီများမဟုတ်ကြပါဘူး။ ကမန်လူမျိုးတိုင်းရင်းသားများ ဖြစ်ကြပါတယ်။ တော်လှန်ရေးကောင်စီခေတ်က စိစစ်လေ့လာသုတေသနပြုခဲ့တဲ့ တိုင်းရင်းသား ၁၃၅ မျိုးထဲမှာပါဝင်တဲ့ လူမျိုးဖြစ်ပါတယ်။ သူတို့ဟာ အစ္စလန်ဘာသာကို ကိုးကွယ်သူများဖြစ်ကြပါတယ်။

၏အဆိုကို ထောက်ခံကိုးကားပြောဆိုသွားတဲ့ မတ်လ ၃ ရက်နေ့ထုတ် The Voice သတင်းစာမှာလည်းပဲ ရန်ကုန်သို့ရွှေ့ပြောင်းနေထိုင်ခွင့်ပြုလိုက်သော ရခိုင်ပြည်နယ် ကျောက်ဖြူ ရမ်းဗြဲ၊ ပေါက်တောမြို့နယ်များရှိ ဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၅၅ စုမှာ ကမန်တိုင်းရင်းသားများဖြစ်ကြောင်း၊ ခိုးဝင်ဘင်္ဂါလီများမဟုတ်ကြောင်း၊ ၎င်းတို့ဟာ နိုင်ငံသားစိစစ်ရေးကတ်ပြား အိမ်ထောင်စုသန်းခေါင်စာရင်းရှိသူများဖြစ်၍ ရခိုင်ပြည်နယ်အစိုးရက ခွင့်ပြုပေးခြင်းဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောကြားခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစီအစဉ်နဲ့ ကမန်လူမျိုးအိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့စေလွှတ်ပို့ဆောင်ခြင်းမဟုတ်ကြောင်း ၎င်းတို့သည် ဥပဒေနှင့်အညီ တရားဝင်သွားရောက်ခြင်းဖြစ်ကြောင်း ထင်ရှားစေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုဟာ ကမန်လူများတိုင်းရင်းသားများဖြစ်တဲ့အလျောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် တိုင်းရင်းသားမည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမယ်၊ ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမယ်လို့ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၄၈ အရ မည်သည့်နိုင်ငံသားကိုမျှ လူမျိုးဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရအဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသားအမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရလို့လည်း ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ယင်းဥပဒေများရဲ့အကျိုးကို ၎င်းတို့ခံစားရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာပါတဲ့ ကမန်တိုင်းရင်းသားများရဲ့အကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ရခိုင်တိုင်းရင်းသားများနဲ့ ကမန်တိုင်းရင်းသားများဟာ နှစ်ပေါင်းရှည်ကြာစွာ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်လာခဲ့ကြပါတယ်။ ဒါကိုလည်းပဲ ဆွေးနွေးသူများပါပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကြမ္မာဆိုးတစ်ခုဝင်ရောက်ခဲ့မှုကြောင့် ပဋိပက္ခဖြစ်ပွားပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုပျက်ပြားခဲ့တဲ့အဖြစ်မျိုး ကြုံခဲ့ရပါတယ်။ လူနည်းစုဖြစ်တဲ့ ကမန်တိုင်းရင်းသားများကို နိုင်ငံတော်က ဒုက္ခသည်စခန်း ၃ ခုမှာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရာမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ခေါင်းဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်အရ ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း ၃ ခုကို ပိတ်သိမ်းစေပြီး မူလနေထိုင်ရာနေရပ်မှာ ပြန်လည်နေရာချထားရန် ကိစ္စပေါ်လာခြင်းဖြစ်ပါတယ်။ ဒီအကြံပြုချက်အတိုင်း အကောင်အထည်ဖော်မည့်အစီအစဉ်ကို နှစ်ဦးနှစ်ဘက်လက်မခံလိုကြကြောင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုပျက်ပြားသွားခဲ့ပြီး သံသယစိတ်များကိန်းအောင်းနေကြတဲ့အတွက် အတူတကွယှဉ်တွဲလျက် ပြန်လည်နေထိုင်ရန် ဆန္ဒမရှိကြတော့ ဒုက္ခသည်ကမန်တိုင်းရင်းသားလူမျိုးများဟာ ဆွေမျိုးများရှိရာ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်လိုကြကြောင်း လေ့လာသိရှိရပါတယ်။

ဆက်လက်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာကျင်းပခဲ့တဲ့ (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံကို တက်ရောက်ခဲ့တဲ့ မြန်မာ့ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ရဲ့ ဆွေးနွေးချက်တစ်ခုမှာ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊

ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့အပါအဝင် ကိုးကွယ်ရာဘာသာအမျိုးမျိုးရှိသော တရားဝင် အသိအမှတ်ပြုလူမျိုးနွယ်စု ၁၃၅ စုတို့ရဲ့ နေအိမ်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ နိဂုံးချုပ်အားဖြင့် တိုင်းရင်းသား ၁၃၅ မျိုးအားလုံးသည် နေအိမ်ကြီးနှင့်တူသော အမိမြန်မာနိုင်ငံ အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိတဲ့အတွက် အဆိုရှင်တိုက်တွန်းထားသော ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုသည် ကမန်တိုင်းရင်းသားများဖြစ်တဲ့အတွက် ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခြင်းကို ပြန်လည်သုံးသပ်ရန်မလိုတော့ဟု ယူဆပါကြောင်း သုံးသပ်ဆွေးနွေးတင်ပြ အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့်ဝင်များ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုကို အကြံပြုဆွေးနွေးသွား မှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆိုရင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစတဲ့တိုင်းရင်းသားများနှင့်အတူ အခြားသော တိုင်းရင်းသားမျိုးနွယ်စု စုစုပေါင်း ၁၃၅ မျိုးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါဟာ ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ ကျွန်တော်တို့ တိုင်းရင်းသားဆိုတဲ့ ပန်းပေါင်းစုံဖူးပွင့် နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုပန်းဥယျာဉ်ကြီးနဲ့တူပါတယ်။ ဒီပြည်ထောင်စုပန်းဥယျာဉ်ကြီး မပျက်စီးဖို့ရာဆိုရင် ကျွန်တော်တို့အားလုံးဟာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ရာအတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိပါတယ်။ ဒီပြည်ထောင်စုပန်းဥယျာဉ်ကြီးကို မပျက်စီးအောင် ထိန်းသိမ်း ကာကွယ်ဖို့ဆိုရင် ပန်းဥယျာဉ်ကြီးထဲမှာရှိတဲ့ ပန်းကလေးများနဲ့တူတဲ့ တိုင်းရင်းသားများကို ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နဲ့ ဖူးပွင့်ဝေဆာစေဖို့ရာအတွက် အားလုံးကကြိုးစားပြီးတော့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ အဆိုရှင်တင်သွင်း သွားတဲ့အဆိုကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် ကမန်မိသားစုများကို ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အတိုင်း မဆောင်ရွက်ပဲနဲ့ ဘာဖြစ်လို့ ရန်ကုန်ကိုပို့တာလဲလို့ ဒီလိုအဓိပ္ပါယ်ရပါ တယ်။ အဆိုရှင်ရဲ့ အဆိုတင်သွင်းနေ့ကတည်းက အဆိုရဲ့အစပိုင်းမှာ ကိုဖီအာနန်အကြံပြုချက်အတိုင်း မဆောင်ရွက်ပဲလို့တင်သွင်းခဲ့ပြီးတော့ အဆိုရဲ့နောက်ပိုင်းမှာကျတော့ ကိုဖီအာနန်အကြံပြုချက်အတိုင်း လိုက်လုပ်စရာမလိုကြောင်းလို့လည်း ပြောဆိုသွားတာတွေ့ရပါတယ်။

ဒီအချက်ကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် အဆိုရှင်ကြီးအဆိုတင်သွင်းစဉ်ကတည်းက အဆိုရဲ့ ရှေ့နဲ့နောက်နဲ့ကမညီပဲနဲ့ ရှေ့မှာတစ်မျိုး နောက်မှာတစ်မျိုးနဲ့ ကျိုးကြောင်းဆီလျော်မှုမရှိတာကို တွေ့ရှိရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ အမှန်တကယ်တော့ တိုင်းရင်းသားများဟာ ကျွန်တော်တို့ နိုင်ငံသားများဖြစ်ကြပါတယ်။ ၁၄ နှစ်ကျော်ကြာ ရေးဆွဲခဲ့တဲ့

ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေကြီးကို ကျွန်တော်တို့က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံသားများဟာ လိုက်နာစောင့်ထိန်းရမယ့် တာဝန်ရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်ဦ‌ပင်လျှင် ဒီ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေကြီးနဲ့ ဒီလွှတ်တော်ထဲကို ရောက်ရှိလာတာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများမူလအခွင့်အရေးနဲ့တာဝန်များဆိုတဲ့အခန်းမှာ ပုဒ်မ ၃၃၅ မှာဆိုရင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသအရပ်၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ပိုင်ခွင့်ရှိသည်လို့ဖော်ပြထားပါတယ်။ ဒါကြောင့်မိုလို့ ကမန်တိုင်းရင်းသားများဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့တိုင်းရင်းသားများဖြစ်သည့်အတွက် မြန်မာနိုင်ငံရဲ့မည်သည့်ဒေသမှာမဆို အခြေစိုက်နေထိုင်ပိုင်ခွင့်ရှိပါတယ်။ ဒါကိုအဆိုရှင်ကြီးက ကမန်တိုင်းရင်းသားများကို ရန်ကုန်သို့ပြောင်းရွှေ့ရန် မလုပ်ပါနှင့် ဟိုမှာနေ၊ ဒီမှာနေလို့ပြောဆိုခြင်းဟာ ဒါဟာ နိုင်ငံသားရဲ့အခွင့်အရေးကို ကန့်သတ်ရာရောက်သည့်အတွက် ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေကြီးရဲ့ ကျော်လွန်ပြီးတော့ပြောဆိုရာရောက်ပါတယ်။

ဒီလိုပြောဆိုခြင်းဟာ ကျွန်တော်တို့ ကမန်တိုင်းရင်းသားများတစ်ခုတည်းကို အကာအကွယ်ပြုပြီးတော့ ပြောနေခြင်းတော့ မဟုတ်ပါဘူး။ အမှိုက်ကစပြဿဒ်မီးလောင်ဆိုသလို ဒီလိုကမန်တိုင်းရင်းသားတွေကို ဒီလိုကန့်သတ်လိုက်မယ်ဆိုရင် နောက်ဒီလို ကမန်တိုင်းရင်းသားကဲ့သို့ အခြားသောအားနည်းတဲ့ တိုင်းရင်းသားမျိုးနွယ်စု ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတို့ကိုကန့်သတ်ချုပ်ခြယ်မှုတွေဖြစ်လာနိုင်မယ်ဆိုရင် အခြားသောတိုင်းရင်းသားတွေရဲ့ရင်ထဲမှာ ခံစားချက်တွေဖြစ်ပြီးတော့ နောင်တစ်ချိန်မှာ ပြည်ထောင်စုကြီးပြိုကွဲသွားနိုင်တဲ့ အခြေအနေမျိုးထိ ရောက်ရှိနိုင်ပါသောကြောင့် အဆိုကို ကျွန်တော့အနေနဲ့ အကြံပြုဆွေးနွေးရခြင်း ဖြစ်ပါတယ်။

နောက်အဆိုတင်သွင်းတဲ့နေ့မှာ အဆိုရှင်ကြီးတစ်ဦးက ထောက်ခံဆွေးနွေးသွားတာလည်းရှိပါတယ်။ Islamization လို့ သုံးနိုင်ပါတယ်။ သုံးသွားတာကိုလဲတွေ့ရပါတယ်။ ဒါလဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥ ပဒေပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသားအမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေရလို့ အတိလင်းဖော်ပြထား ပါတယ်။ ဒီလိုသုံးနှုန်းသွားခြင်းဟာ လူမျိုးဇာတိ၊ ကိုးကွယ်ရာဘာသာကို ခွဲခြားဆက်ဆံခြင်းဖြစ်သည့်အတွက် ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးဟာလည်း အခြေခံဥပဒေကို ကျော်လွန်နေရာရောက်ပါတယ်။ အထူးသတိပြုရမှာက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၄ မှာ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းဖို့ရာ တာဝန်ရှိသည်လို့ ဖော်ပြထားတာကို အထူးသတိပြုဖို့ရာ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဘယ်သူမဆို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်ချင်တဲ့စိတ်မျိုးရှိကြပါတယ်။ ကမ္ဘာပေါ်မှာ ဘယ်အမျိုးကို အချစ်ဆုံးဆိုလဲ ကိုယ့်အမျိုးကို ကိုယ်အချစ်ဆုံးလို့ပြောကြမှာပါ။ အဲဒီကိုယ့်လူမျိုးထဲမှာ ဘယ်သူ့ကိုအချစ်ဆုံးလည်းလို့မေးရင် ကိုယ့်ရဲ့ဆွေမျိုးသားချင်းကို ပိုချစ်တတ်ကြပါတယ်။ အဲဒီကိုယ့်ဆွေမျိုးသားချင်းထဲမှာ ဘယ်သူ့ကိုပိုချစ်သလဲလို့မေးရင် ကိုယ့်မိသားစကို

ပိုချစ်တတ်တယ်လို့ ပြောဆိုတတ်ကြပါတယ်။ အဲဒီကိုယ်မိသားစုထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲလို့ ပြန်သုံးသပ်ကြည့်လိုက်ရင် ကိုယ့်ကိုကိုယ်အချစ်ဆုံးတွေ ဖြစ်တတ်ကြပါတယ်။ ဒါအမှန်တကယ်တော့ မျိုးချစ်စိတ်မဟုတ်ပါဘူး။ အတ္တကိုအခြေခံတဲ့အတ္တသမားတွေပါ။ အတ္တကို အခြေခံသောမျိုးချစ်စိတ်သည် တောက်လောင်ပူပြင်းပြီးမှ အဆုံးမှာဆိုရင် အလုံးစုံပျက်သုဉ်းခြင်းလမ်းကြောင်းကို ရောက်ရှိတတ်ဆိုတာ သတိပြုဖို့အရေးကြီးပါတယ်။ တကယ်မျိုးချစ်စိတ်သည် မိမိကနေပြီးတော့ မိမိနဲ့မတူသော၊ ဘာသာမတူသော၊ ကိုးကွယ်မတူသော၊ လူမျိုးမတူသော ဒါတွေကိုဘယ်လောက်ထိ ချစ်တယ်ဆိုတဲ့ မျိုးချစ်စိတ်ကသာ စစ်မှန်တဲ့မျိုးချစ်စိတ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေတ္တာကိုအခြေခံသော မျိုးချစ်စိတ်ကသာအေးမြပါတယ်။ ဒါကြောင့်မို့လို့ မေတ္တာရေဖျန်းရင်လန်းပါတယ်။ မေတ္တာစောင်ခြုံရင် လုံပါတယ်။ မေတ္တာလက်တွေကမ်းလှမ်းမှ မေတ္တာပန်းတွေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေဒေါ်အောင်ဆန်းစုကြည်က ဘာပြောခဲ့လဲဆိုတော့ ကိုယ့်လူမျိုးကို ချစ်တယ်ဆိုပေမဲ့လည်း အခြားလူမျိုးကို မုန်းဖို့မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အတ္တကိုအခြေခံသော မျိုးချစ်စိတ်တွေကို မျိုးစေ့ချမယ်ဆိုရင် နောင်တောက်လောင်နိုင်တဲ့ မီးတောက်ကြီးဖြစ်သွားနိုင်ပါသောကြောင့် မေတ္တာကိုအခြေခံသော မျိုးချစ်စိတ်သည် ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ စည်းလုံးခြင်းကို ပေးစွမ်းနိုင်တာ ဖြစ်သည့်အတွက်ကြောင့်မို့လို့ ဒါကြောင့်မို့လို့ အတ္တကိုအခြေခံသော မျိုးချစ်စိတ်တွေကင်းစင်ပြီးတော့၊ မေတ္တာကိုအခြေခံသော မျိုးချစ်စိတ်တွေချပေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ်က အဆိုရှင် ဦးမောင်မြင့်ရဲ့အဆိုကို ဝေဖန်ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပထမဦးစွာ ကျွန်တော် နိုင်ငံသားဖြစ်မှုကို အရင်ဆွေးနွေးလိုပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ နိုင်ငံသားဖြစ်ခြင်း ပုဒ်မ ၇ မှာဆိုလို့ရှိရင် (က)ကနေ(စ)အထိ ဘယ်လိုအချက်အလက်တွေနဲ့ပြည့်စုံလို့ရှိရင် နိုင်ငံသားဖြစ်ရမယ်ဆိုတာ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ညီတယ်ဆိုလို့ရှိရင် နိုင်ငံသားဖြစ်ပြီ။ နိုင်ငံသားဖြစ်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘာအကျိုးရလဒ်တွေရမလဲ။ နိုင်ငံသားဖြစ်ခြင်းမှာပါပဲ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ)မှာ နိုင်ငံတော်ရဲ့ ဥပဒေပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော နိုင်ငံသားဖြစ်မှုကို ဘယ်လိုမျိုးဖော်ပြထားပါသလဲ။ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူလို့ဆိုထားတဲ့အတွက်ကြောင့်မို့လို့ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေဆိုလို့ရှိရင် တိုင်းရင်းသားအဖြစ် သတ်မှတ်မှာလဲဆိုတာကို ကျွန်တော်တို့ဆက်ပြီးလေ့လာဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကပဲ ဥပဒေအမှတ်(၈/၂၀၁၅)နဲ့ ပြဋ္ဌာန်းလိုက်တဲ့ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေပါ။ အခန်း(၁)၊ အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်၊ ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာဆိုရင် ပင်ရင်းနိုင်ငံအဖြစ်သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့တဲ့ လူမျိုးတွေကို တိုင်းရင်းသားလူမျိုးတွေလို့

သတ်မှတ်ပါတယ်။ ဌာနေပင်ရင်းတိုင်းရင်းသားဆိုတာဟာ နိုင်ငံသားဖြစ်ခွင့်ရတဲ့သူတွေထက်ကို မွေးရာပါအခွင့်အရေး ရရှိပြီးသားဖြစ်တယ်ဆိုတာ ငြင်းချက်ထုတ်ဖို့ မလိုဘူးလို့ယူဆပါတယ်။ အရှေ့ကကိုယ်စားလှယ်တော်ကြီးတွေလည်း ဆွေးနွေးထားပြီးသားဖြစ်ပါတယ်။ အငြင်းပွားဖွယ်ရာလေးတွေရှိနေသေးတယ်ဆိုပေမဲ့လည်း လက်ရှိအချိန်အထိ အများလက်ခံထားတဲ့ လူမျိုး ၁၃၅ မျိုးမှာ ကမန်လူမျိုးဟာ ရခိုင်လူမျိုးစု ၇ စုထဲက တစ်ခုအပါအဝင်တိုင်းရင်းသားဖြစ်တယ်ဆိုတာ အားလုံးလက်ခံထားပြီးသားဖြစ်မှာပါ။ ဒါကိုသာလက်ခံတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီနေ့ဆွေးနွေးကြတဲ့အဆိုကို ကျွန်တော် ဇယားကွက်လေးတစ်ခု ချကြည့်ချင်ပါတယ်။ ဒီနေ့အဖြစ်အပျက်ပါ။ ကမန်လူမျိုး အစ္စလာမ်ဘာသာကိုးကွယ်တယ်။ အိမ်ထောင်စု ၅၅ စုက ရန်ကုန်ကိုသွားပါတယ်။ အဲဒီတော့ ကျန်တာတွေကို ကိန်းသေထားပြီးတော့မှ ကမန်ကသာ ကျွန်တော်တို့တိုင်းရင်းသားလူမျိုးဖြစ်တယ်ဆိုရင် စာတိုင်(၁)ကို ကျွန်တော် လူမျိုးစုခုနစ်စုလေးဖြည့်သွင်းပြီးတော့ ကြည့်ချင်ပါတယ်။ အခြားအခြားသော တိုင်းရင်းသားတွေမှာလည်း အစ္စလာမ်ဘာသာကိုးကွယ်တဲ့သူတွေ ရှိကောင်းရှိပါလိမ့်မယ်။ သူတို့တွေကိုရော ကျွန်တော်တို့က ရန်ကုန်ကို အခြေချပိုင်ခွင့် မပြုဘူးလား။ ဒီနေရာမှာ အခြေခံဥပဒေ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က)မှာဆိုရင် တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူလို့ပြောတဲ့အတွက် လူမျိုးဆိုတဲ့နေရာမှာ ဘယ်ဘာသာကိုကိုးကွယ် သည်ဖြစ်နေပါစေ ဘယ်နေရာကိုမဆိုသွားပိုင်ခွင့်ရှိတယ်လို့ ယူဆရမှာပါ။ ဒီနောက် ကျွန်တော် စာတိုင်(၂)ကို ကိုးကွယ်ရာဘာသာကိုအခုလိုမျိုး ကိုးကွယ်ရာဘာသာကြီးငါးခုနဲ့ ထည့်သွင်းပြီးတော့ ဆွေးနွေးလိုပါတယ်။ ဒီနေရာမှာ ဒီကိုးကွယ်ရာဘာသာငါးခုကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေကရော ရန်ကုန်ကိုမသွားနိုင်ဘူးလား။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဖော်ပြထားပါတယ်။ ပုဒ်မ ၃၆၁၊ ၃၆၂ အရ ဖော်ပြထားပါတယ်။ ဒီဘာသာကြီးငါးခုစလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသိအမှတ်ပြုထားတဲ့ဘာသာတွေဖြစ်တဲ့အပြင် ပုဒ်မ ၃၆၃ မှာဆိုလို့ရှိရင် တတ်နိုင်သမျှကူညီစောင့်ရှောက်ရမယ်ဆိုတဲ့အချက်လည်း ပါပြီးသားပါ။ အဲဒီတော့ အခြေခံဥပဒေနဲ့လည်း ညီညွတ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ စာတိုင်(၄)ကို ကျွန်တော်နောက်တစ်မျိုးအနေနဲ့ ဖြည့်စွက်ကြည့်ချင်ပါသေးတယ်။ အဲဒီတော့ ကမန်လူမျိုး အစ္စလာမ်ဘာသာကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေက ရန်ကုန်အပြင် တခြားနေရာတွေကိုရော သွားပိုင်ခွင့်မရှိဘူးလား။ အခြေခံဥပဒေနဲ့တိုက်ဆိုင်ပြီးတော့ စစ်ဆေးတဲ့အခါမှာ ပုဒ်မ ၃၅၅ အရဆိုလို့ရှိရင်တော့ မည်သည့်အရပ်ဒေသမဆို ဥပဒေနဲ့အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်လို့ အခြေခံဥပဒေထဲမှာ ဖော်ညွှန်းထားပါတယ်။ ဒီတော့ Conclusion အနေနဲ့ ကျွန်တော် တစ်ခုလေးချကြည့်ချင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ နိုင်ငံသား၊ အဲဒီထဲကမှ ဘယ်တိုင်းရင်းသားမဆို ဘယ်ဘာသာကိုကိုးကွယ်သည်ဖြစ်နေပါစေ၊ အရေးအတွက် ဘယ်မျှပင်ဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ ကြိုက်တဲ့နေရာတိုင်းကို သွားပိုင်ခွင့်ရှိတယ်ဆိုတာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအစိုးရရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ အဓိကတင်ပြလိုခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ကျွန်တော်တို့မှာ တည်ဆဲဥပဒေတွေလည်း ရှိပါသေးတယ်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေမှာဆိုရင် တိုင်းရင်းသားလူမျိုးများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေရရှိအောင် ကျွန်တော်တို့က

အာမခံရမယ်ဆိုတဲ့ အချက်တွေပါပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးနဲ့ရပိုင်ခွင့်တွေကို ပိတ်ပင်တားဆီးခြင်းမပြုရဟု နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစားမပြုရဘူးဟု၊ တိုင်းရင်းသားလူမျိုးတွေအချင်းချင်း မုန်းတီးအောင်၊ ရန်မူအောင်၊ နောက်ပြီးတော့ ကိုယ့်ဆိုလို့ရှိရင် အခွင့်အရေးတစ်မျိုး၊ သူ့ဆိုလို့ရှိရင်ကျတော့ အခွင့်အရေးတစ်ဖုံဆိုပြီးသွားတော့မှ စိတ်ဝမ်းကွဲအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရဘူးဆိုတာ ဥပဒေထဲမှာ အတိအလင်းပြဋ္ဌာန်းထားပြီးသားပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေဟာ A Law Mental should be, should not be a Law Breaker ဆိုတဲ့အတိုင်းပဲ ဥပဒေပြုတဲ့ပုဂ္ဂိုလ်တွေဟာ ဥပဒေချိုးဖောက်တဲ့သူတွေ မဖြစ်သင့်ဘူးဆိုတာကိုလည်း သတိချပ်သင့်ကြောင်း ကျွန်တော့်အနေနဲ့ ဝေဖန်ရင်း ထောက်ပြလိုက်ရ ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ မင်းကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကတော့ ဒီအဆိုကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နောက်ပြီးတော့ ကိုဖီအာနန်ရဲ့အစီရင်ခံစာနဲ့ ခုန ကမန်တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးအရ ပါဝင်ပတ်သက်ခဲ့မှု မှတ်တမ်းအထောက်အထား တချို့အပေါ်မှာအခြေခံပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံ ပါတယ်။ ပထမအနေနဲ့ကတော့ အရှေ့ကလွှတ်တော်ကိုယ်စားလှယ် တော်တော်များများလည်း ဆွေးနွေးသွားကြပြီးဖြစ်ပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ နိုင်ငံတော်ရဲ့အခြေခံမူတွေ၊ နောက်ပြီးတော့ နိုင်ငံသားတွေရဲ့မူလအခွင့်အရေးတွေနဲ့ တာဝန်တွေ။ ဆိုတော့ အားလုံးသိပြီးတဲ့အတိုင်းပါပဲ။ နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့နိုင်ငံဖြစ်တယ်ဆိုတာ အခြေခံဥပဒေမှာပါပြီးသားဖြစ်ပါတယ်။ နောက်တစ်ချက်မှာကျတော့ အခြေခံမူမှာလည်း ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ အချက်တွေပါပါတယ်။ အဲဒီတော့ ဒီအချက်တွေနဲ့ တိုက်ဆိုင်ညှိနှိုင်းပြီးတော့ပဲ ဒီအဆိုဟာ ညီညွတ်မှုရှိသလား၊ မရှိဘူးလားဆိုတာကို ကျွန်မကသုံးသပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ဆိုတဲ့အခါကျတော့ အရှေ့မှာလည်း တော်တော်များများဆွေးနွေးပြီး သွားပြီဆိုတော့ ဒီအခန်းကို ကျွန်မ ခပ်သွက်သွက်လေး သွားလိုက်ချင်ပါတယ်။ နောက် ဒုတိယဆွေးနွေးမယ့် ကိုဖီအာနန်ရဲ့ကော်မရှင်ရဲ့အခန်းကဏ္ဍကို ကျွန်မကျော်ပြီးတော့ သွားလိုက်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချက်တွေက အရှေ့မှာ တော်တော်များများဆွေးနွေးထားပြီးသား ဖြစ်နေလို့ပါ။ ကော်မရှင်ရဲ့အခန်းကဏ္ဍမှာပါတဲ့ သူ့ရဲ့အကြံပြုချက်တွေနဲ့ ဆက်စပ်တဲ့အပေါ်မှာ အဆိုရှင်က တော်တော်များများလေး ဝေဖန်သွားတာ တွေ့ရပါတယ်။ ကျွန်မ ဒီကော်မရှင်ရဲ့ အစီရင်ခံစာကို ကြားဖြတ်အစီရင်ခံစာရော၊ ဒီ ၂၀၁၇ ခုနှစ်မှာထွက်ခဲ့တဲ့ ဒီစာအုပ်ထဲက အပြည့်အစုံကိုရောလေ့လာကြည့်တဲ့အခါမှာ အင်မတန်ရိုးရှင်းပါတယ်။ ကိုဖီအာနန်ခိုင်းတာကို အစိုးရကလိုက်လုပ်နေတာလား။ အစိုးရကခိုင်းတာကို ကိုဖီအာနန်ကော်မရှင်က လုပ်နေရတာလားဆိုတာ ဒီအချက်တွေကိုကြည့်လို့ရှိရင် သိသာထင်ရှားပါတယ်။ နိုင်ငံတော်ကနေပြီးတော့၊ တာဝန်ရှိတဲ့သူကနေပြီးတော့ ကိုဖီအာနန်ကော်မရှင်ကို ခိုင်းစရာရှိလို့ ခေါ်ပြီး တော့ခိုင်းတာဖြစ်ပါတယ်။ ဆိုတော့

အဲဒီအချက်အလက်တွေကိုမှပဲ ခုန အမည်နာမသုံးစွဲတာကအစ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပန်ကြားချက်အရသာ ကော်မရှင်က အသုံးပြုခဲ့တာဖြစ်ပါတယ်။ ထို့အတူပဲ ခရီးစဉ်တိုင်းမှာလည်း သမ္မတကြီးဦးထင်ကျော်နဲ့ တွေ့ဆုံပြီးတော့ သမ္မတဆီကနေပြီးတော့ တန်ဖိုးရှိတဲ့ အကြံဉာဏ်တွေကို ပေးခဲ့တယ်ဆိုတာကိုလည်း ကော်မရှင်ရဲ့အစီရင်ခံစာမှာပါတဲ့အတွက် ဘယ်သူက ဘယ်သူ့ကို ခိုင်းနေတာလဲဆိုတာ အင်မတန်ရိုးရှင်းပါတယ်။ အဲဒီလိုတော့ ဒါ ကိုဖီအာနန် ဒီမိုကရေစီ ဟုတ်သလား၊ မဟုတ်ဘူးလား။ နောက်ပြီးတော့ ကိုဖီအာနန် Phobia များလားဆိုတာကတော့ ဒီအစီရင်ခံစာကိုဖတ်ကြည့်လို့ရှိရင် ကျွန်မတို့ ဒီအဆိုနဲ့တိုက်ဆိုင်ပြီးတော့ ကိုယ့်ဘာကိုယ်ပဲ တိုက်ဆိုင်ပြီးတော့ သုံးသပ် ကြည့်လို့ရနိုင်ပါတယ်။ အဲဒီတော့ နောက်တစ်ချက်က ဘာလဲဆိုတဲ့အခါကျတော့ ဒီကိုဖီအာနန်အစီရင်ခံစာ ပါအကြံပြုချက်တွေအတိုင်း ဆောင်ရွက်ခြင်းမရှိဘူးဆိုတဲ့ စွပ်စွဲချက်၊ အဲဒီစွပ်စွဲချက်မှာကျပြန်တော့လည်း ဒီအကြံပြုချက်(၁၂)ထဲကနေပြီးတော့မှ IDP စခန်းများပိတ်သိမ်းရေးဆိုတာ နံပါတ်(၈)အချက်ဖြစ်ပါတယ်။ အရှေ့ကလွှတ်တော်ကိုယ်စားလှယ်တွေလည်း ဆွေးနွေးသွားပါတယ်။ တကယ့်တကယ်ကျတော့ ဒီအဆိုမှာ ပါတဲ့ကိစ္စရပ်က ကိုဖီအာနန်ကော်မရှင်ရဲ့အကြံပေးချက် နံပါတ်(၇)ရှိပါသေးတယ်။ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်ပေးခြင်းဆိုတဲ့ အချက်ပါရှိပါတယ်။ အဲဒီအချက်နဲ့ ညီညွတ်နေပါတယ်ဆိုတာကိုတော့ အဆိုရှင်က မေ့လျော့သွားပုံရပါတယ်။ ဒီမှာလည်း ပြန်စွပ်စွဲနိုင်ပါတယ်။ ဒါဆိုရင် ကိုဖီအာနန်ကော်မရှင်ပြောတဲ့အတိုင်းလုပ်တာလား။ ကျွန်မပြန်စဉ်းစားကြည့်တဲ့အခါကျတော့ ဒီအချက်ကလည်း ကိုဖီအာနန်တီထွင်ထားတဲ့အချက် မဟုတ်ပါဘူးရှင်။ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်ပေးခွင့်ပေးခြင်းဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေ ခုနပြသွားကြတဲ့ ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသတွင်မဆို ဥပဒေနှင့်အညီ အခြေချ နေထိုင်ခွင့်ရှိသည်လို့ ဖော်ပြပြီးဖြစ်တဲ့အတွက် တကယ်လို့များ ကိုဖီအာနန်ဒီမိုကရေစီလို့ပြောမယ်ဆိုရင် ကျွန်မတို့ ဒါ ၂၀၀၈ ခုနှစ် ဒီမိုကရေစီနဲ့ အတူတူပဲလို့ ပြောရမလိုဖြစ်နေပါတယ်။ ဒါက ဒုတိယအချက်ပါ။

နောက်တစ်ချက်ကတော့ ဘာလဲဆိုလို့ရှိရင် ဒီကမန်တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးအရပူးပေါင်းပါဝင်မှု မှတ်တမ်းတွေဖြစ်ပါတယ်။ မှတ်တမ်းတွေအရကြည့်မယ်ဆိုရင်လည်း ဥပဒေအရပေါ့လေ။ ကမန်တိုင်းရင်း သားတွေဟာ နိုင်ငံသားဖြစ်ခွင့်ရှိသည်လို့ ယူဆလို့ရပြီးသားဖြစ်နေပါတယ်။ အဲဒီမှာမှ ဆွေးနွေးထားတဲ့တစ်ချက်ကို ကျွန်မပြောချင်တာကတော့ ဒီအဆိုရှင်က ကမန်တိုင်းရင်းသား ၅၅ စုပြောင်းရွှေ့တာကို လက်ခံခြင်းအားဖြင့် ဒါဟာ Precedent ဖြစ်ပြီးတော့မှ နောက်ထပ်ပြောင်းရွှေ့ဖို့အတွက် IDP စခန်းတွေမှာ ဘင်္ဂါလီတစ်သိန်းကျော်ဟာ တန်းစီပြီးစောင့်ဆိုင်းနေတယ်ဆိုပြီးတော့ တိုင်းရင်းသားမဟုတ်တဲ့ ဘင်္ဂါလီတွေနဲ့ နိုင်ငံသားဖြစ်ပြီးသား တိုင်းရင်းသားလို့ အသိအမှတ်ပြုပြီးသား ဒီကမန်လူမျိုးတွေကို အတူတူဖြစ်သယောင် ခိုင်းနှိုင်းသွားတာကို တွေ့ရပါတယ်။ ဒါ လက်ခံနိုင်စရာ မရှိပါဘူး။ ကျွန်မပြောချင်တာက သေသေချာချာပြောနိုင်တာတစ်ခုရှိပါတယ်။ တကယ်လို့များ နိုင်ငံသားမဖြစ်သေးတဲ့ ဘင်္ဂါလီတစ်သိန်း နှစ်သောင်းကျော်ဟာ ကမန်တိုင်းရင်းသားများနည်းတူ အခွင့်အရေးကို ရခဲ့ပြီဆိုလို့ရှိရင် ကျွန်မသေချာ ပြောနိုင်ပါတယ်။ ဒါဟာ ကမန်တိုင်းရင်းသား ၅၅ စုကို ရန်ကုန်ကိုခေါ်လာလို့မဟုတ်ပါဘူး။ လက်ရှိတည်ဆဲ နိုင်ငံသားဥပဒေတွေအတိုင်း သက်ဆိုင်ရာတာဝန်

ရှိတဲ့သူတွေက ဖြောင့်ဖြောင့်မတ်မတ် မဆောင်ရွက်လို့လည်းဖြစ်ရမယ်။ တရားဥပဒေစိုးမိုးရေး ယန္တရားမှာ တာဝန်ရှိတဲ့ လာဘ်စားတာတို့၊ အကျင့်ပျက်လို့တွေကြောင့်ပဲဖြစ်ရမယ်။ ဒီ ၅၅ ဦးကို ရွှေ့လိုက်လို့မဟုတ်ဘူးဆိုတာကို ကျွန်မ ခိုင်ခိုင်မာမာဆွေးနွေးလိုပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံး ဆွေးနွေးလိုတဲ့အချက်ကတော့ တော်တော်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ရခိုင်မှာဖြစ်တဲ့ကိစ္စကို ရခိုင်မှာပဲရှင်းလို့ရတယ်ဆိုတဲ့ကိစ္စပါ။ ကျွန်မအရှေ့က ရခိုင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ယောက်လည်း ဆွေးနွေးသွားတာရှိပါတယ်။ ဆိုတော့ ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဆိုတော့ ဒီအကောက်အယူဟာ ပြည်ထောင်စု စိတ်ဓာတ်နဲ့ လွန်စွာပဲ ဆန့်ကျင်နေတယ်။ ရခိုင်ပြည်နယ်မှာ ကြုံတွေ့ခံစားနေရတဲ့အခက်အခဲ အကျပ်အတည်းတွေကို တခြားပြည်ထောင်စုထဲမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတိုင်းရင်းသားတွေနဲ့ လားလားမှမသက်ဆိုင် သလို၊ တာဝန်ယူဖို့မလိုသလို အင်မတန်မှတာဝန်မဲ့တဲ့ အကောက်အယူ ဖြစ်တယ်။ ဒ့ါအပြင် အမျိုးသား ပြန်လည်ရေးကိုသွားနေတဲ့ ဒီလိုကာလမျိုးမှာ ဒီအဆိုဟာ သခွပ်ပင်က မီးတကျည်ကျည်ဆိုသလိုလို့ပဲ မြင်တယ်လို့ ကျွန်မအနေနဲ့ ဆွေးနွေးရင်းနိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်အနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ကနေပြီးတော့မှ ဆက်လက်ပြီးတော့မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့မှ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနတွေရဲ့လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြလိုတဲ့အတွက် မိနစ် ၂၀ ခန့် အချိန်ပေးပြီး ဆွေးနွေးခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ မှ ရှင်းလင်းရာမှာ ကျွန်တော်တို့ ၂၀၁၆ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ဖွဲ့စည်းဆောင်ရွက်နေတဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ၏လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့အတွက် ဒေသတွင်း ပြန်လည်နေရာ ချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့မှ ပေးအပ်တဲ့ မူကြမ်း

တာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။ IDPစခန်းများပိတ်သိမ်းရေးနှင့် ၎င်းတို့၏ မူလဒေသများတွင် ပြန်လည်နေရာချထားရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ရက်စွဲနှင့် မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပြီးတော့မှ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ခုနှစ် ပဋိပက္ခများအပြီးမှာ ရမ်းဗြဲမြို့၊ အမှတ်(၆)ရပ်ကွက်၊ တန်းရှာ(IDP)စခန်း (၈)ခန်းတွဲ (၁၂)ဆောင်မှာ ကမန်အိမ်ထောင်စု(၅၉)စု၊ လူဦးရေ(၁၈၆)ဦး နေထိုင်ကြပြီး မရွေးမနှောင်းမှာပဲ ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန် သွားရောက်ခြင်း၊ ပညာရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဝန်ထမ်းနှင့် မိသားစုဝင်များ စုစုပေါင်း အိမ်ထောင်စု(၁၀)စု၊ လူဦးရေ(၅၈)ဦးအား ပြောင်းရွှေ့ခြင်းများကြောင့် ၂၀၁၇ခုနှစ်၊ ဧပြီလ ၄ ရက်နေ့အထိ အိမ်ထောင်စု(၄၉)စု၊ လူဦးရေ (၁၂၈)ဦး ကျန်ရှိခဲ့ပါတယ်။ ၂၀၁၇ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ အိမ်ထောင်စု(၄၁)စု၊ လူဦးရေ(၁၀၃)ဦးအား ရန်ကုန်မြို့သို့လည်းကောင်း၊ အိမ်ထောင်စု(၃)စု လူဦးရေ(၁၁)ဦးဟာ သံတွဲမြို့သို့လည်းကောင်း၊ မိမိတို့သဘောဆန္ဒအလျောက် ပြောင်းရွှေ့နေထိုင်လိုကြောင်း တင်ပြကြတဲ့အတွက် မိသားစုများ အဆင်ပြေ ပြောင်းရွှေ့နိုင်ရန်အတွက် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကူညီဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားသော အိမ်ထောင်စုများဟာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရစိစစ်ပြီး နိုင်ငံသားလက်မှတ် ကိုင်ဆောင်ထားသော ကမန်တိုင်းရင်းသားများသာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအခွင့်အရေးအရ မြန်မာနိုင်ငံအတွင်း မည့်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသူများဖြစ်ပါတယ်။ ယခုပြောင်းရွှေ့သွားခြင်းသည်လည်း ၎င်းတို့၏ဆန္ဒအလျောက်သာဖြစ်ပါတယ်။ ရမ်းဗြဲ IDP စခန်းတွင် ကျန်ရှိသော အိမ်ထောင်စုများအား ပြန်လည် နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရမ်းဗြဲမြို့အတွင်း အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လုံးချင်းအိမ်(၁၂)လုံး တည်ဆောက်ပေးခဲ့ပါသည်။ ရမ်းဗြဲမြို့၊ အမှတ်(၆)ရပ်ကွက်၊ ယခင် IDP စခန်းတွင် နေထိုင်ခဲ့ပြီး မပြောင်းရွှေ့ဘဲ အဆိုပါ လုံးချင်းအိမ်များတွင် လက်ရှိ ကမန်အိမ်ထောင်စု(၅)စု၊ လူဦးရေ (၁၄)ဦး နေထိုင်လျှက်ရှိပါသည်။ သူတို့ဟာ ရမ်းဗြဲမြို့နယ်အတွင်း လွတ်လပ်စွာသွားလာ နေထိုင်လျှက်ရှိကြပြီး လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုမရှိဘဲ ပညာသင်ကြားခွင့်၊ ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူခွင့်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များအပေါ် ကန့်သတ်ချုပ်ချယ်တားမြစ်ထားခြင်းများမရှိဘဲ အခွင့်အရေးတန်းတူညီမျှစွာ နေထိုင်လျှက်ရှိပါတယ်။ ရမ်းဗြဲမြို့ ကယ်ဆယ်ရေးစခန်းရှိ ကမန်တိုင်းရင်းသားများ၏ အရေးကိစ္စကို ကျွန်တော်တို့အနေနဲ့ အလေးထားဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့နှင့် မေလ ၆ ရက်နေ့များမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများဟာ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ကမန်တိုင်းရင်းသား လူမှုကွန်ရက်မှတာဝန်ရှိသည့် ပုဂ္ဂိုလ်များနှင့် နေပြည်တော်၊ စစ်တွေမြို့တို့မှာ တွေ့ဆုံညှိနှိုင်းခဲ့ကြပါတယ်။ ဆွေးနွေးညှိနှိုင်းချက်များအရ ရမ်းဗြဲ

မြို့နယ်၊ ကယ်ဆယ်ရေးစခန်းရှိ ကမန်တိုင်းရင်းသားများကို လက်ရှိ ကယ်ဆယ်ရေးစခန်းအနီးတွင် ပြန်လည်နေရာချထားပေးရန် သို့မဟုတ် မြေယာဆုံးရှုံးမှုအတွက် သင့်တင့်သော နစ်နာကြေး သတ်မှတ်၍ နိုင်ငံတော်က ထောက်ပံ့ပေးရန်ကိစ္စများ ဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ကျွန်တော်တို့ ကမန်မိသားစုတွေကို မြေယာလျော်ကြေးများပေးနိုင်ဖို့အတွက်ကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့မှ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိတဲ့ဌာနဆိုင်ရာများ မြို့နယ်အဆင့်အရာရှိ များပါဝင်သော တန်ဖိုးစိစစ်တွက်ချက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ ပဋိပက္ခဖြစ်စဉ်များကြောင့် ပျက်စီး ဆုံးရှုံးခဲ့တဲ့ နေအိမ်တန်ဘိုး၊ မြေတန်ဘိုးများကို သင့်တင့်သော နှုန်းထားများနဲ့ တန်ဖိုးသတ်မှတ်ခဲ့ပါ တယ်။ စုစုပေါင်းကျပ် (၇၉၅)သိန်းကို ကျွန်တော်တို့ မြေယာကော၊ အိမ်တန်ဘိုးတွေကို ထောက်ပံ့ပေး ခဲ့ပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ ဆွေးနွေးချက်အရဆိုရင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့ဟာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့နှင့် ၂၁ ရက်နေ့အတွင်းမှာ ရန်ကုန်မှာရှိတဲ့ ကမန်မိသားစု များကို တွေ့ဆုံပြီးတော့မှ လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး အစီရင်ခံစာတင်သွင်းရင်း လိုအပ်ချက်များ ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားသော အိမ်ထောင်စု(၄၁)စု၊ လူဦးရေ (၁၀၃)ဦးဖြစ်တဲ့အတွက် ရန်ကုန်မြို့ရဲ့ လက်ရှိလူဦးရေနှင့် နှိုင်းယှဉ်ပါက လွန်စွာမှ သေးငယ်သော ပမာဏသာဖြစ်တဲ့အကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၂၀၁၂ ခုနှစ် ပဋိပက္ခအပြီးမှာ ရန်ကုန်မြို့သို့ ၎င်းတို့၏ ဆွေမျိုးများရှိလျက်လည်းကောင်း၊ အစိုးရအလုပ်အကိုင် ပြောင်းရွှေ့ရခြင်းကြောင့်သော်လည်းကောင်း၊ ၎င်းတို့၏ဆန္ဒသဘောအလျောက် အမှန်တကယ် ပြောင်းရွှေ့နေထိုင်လိုကြတဲ့အတွက်ကြောင့်လည်း ကောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရစိစစ်ပြီး နိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသော ကမန် တိုင်းရင်းသားများသာ ဖြစ်တဲ့အတွက်ကြောင့်တစ်ကြောင်း အဆိုပါအချက်အလက်များနှင့် ပြည့်စုံသူ များကိုစိစစ်၍ အိမ်ထောင်စု(၄၁)စု၊ လူဦးရေ (၁၀၃)ဦးသာ ရန်ကုန်မြို့သို့ ၄င်းတို့၏ဆန္ဒအရ ပြောင်းရွှေ့ခွင့်ပြုခြင်းဖြစ်ကြောင်းနှင့် ၄င်းတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၅ အရ နိုင်ငံသား တိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင် ခွင့်ရှိသည့်အတွက် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီအချက်နှင့်ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများကနေ ဆွေးနွေးသွားကြပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ အပြင် အဆိုပါအကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာလည်း ထွက်ရှိခဲ့ပြီးဖြစ်ပါတယ်။ စောစောက နောက်ဆုံးဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး Power Point မှာ တင်ပြထားတဲ့ စာကော ဖြစ်ပါတယ်။ အဲဒီရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီရဲ့ လုပ်ငန်းတာဝန်များအနက် ပထမအချက်ဖြစ်တဲ့ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ အကြံပြုချက်များ နှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေပေါ် မူတည်ပြီး အကျိုးရှိမည့်ကိစ္စရပ်များကို ထိရောက်စွာ အကောင်

အထည်ဖော်ဆောင်ရွက်ရန်လို့ဆိုတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံအတွက်အကျိုးရှိပြီး လုပ်ဆောင်နိုင်သည့် အကြံပြုချက်များကိုသာ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကိုဖီအာနန်ရဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်(၈၈)ချက်ရှိတဲ့အနက် ကျွန်တော်တို့ လတ်တလောဆောင်ရွက်နိုင်တဲ့ ပြည်သူတွေအကျိုးရှိမယ့် အကြံပြုချက် (၅၇)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်နှင့်ပတ်သက်ပြီး အဆိုရှင်လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သော အချက်တစ်ချက်ဖြစ်တဲ့ ကမန်မိသားစုများရဲ့ မူလနေရာဟာ ရန်ကုန်မြို့ဖြစ်တယ်ဆိုတာကို လွှတ်တော်ရှေ့မှာ အထောက်အထားနဲ့ လာရှင်းနိုင်တယ်ဆိုရင်တော့ ကော်မရှင်ရဲ့ အကြံပြုချက်အတိုင်း အစိုးရက ကမန်တွေကို မူလနေရာပို့ဖို့ လုပ်ဆောင်တယ်ဆိုပြီး ကျွန်တော်တို့ လက်ခံနိုင်ကြောင်း ဆွေးနွေးခြင်းနှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းပြောကြားလိုပါတယ်၊ ကမန်မိသားစုများအနေနဲ့ ၎င်းတို့မူရင်းဒေသဟာ ရန်ကုန်မဟုတ်သော်လည်း သူတို့ရဲ့ IDP စခန်းထဲမှာနေရတဲ့တွေ့ကြုံရတဲ့ဒုက္ခအဝဝနဲ့ မနေနိုင်တော့တဲ့အတွက် သူတို့ရဲ့အလုပ်အကိုင်များရှိတဲ့ ဆွေမျိုးများရှိရာ ရန်ကုန်မြို့ကိုပြောင်းရွှေ့လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကမန်တိုင်းရင်းသားများရဲ့ လိုလားတောင့်တမှုကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြီးစားအကြံပြုချက်မှာပါတဲ့ အပိုဒ်(၂၅)မှာဖော်ပြထားချက်အရ IDP များဟာ ၎င်းတို့မူလနေထိုင်သည့်နေရာ သို့မဟုတ် အခြားနေရာသစ်သို့ ပြန်လည်ရွှေ့ပြောင်းပေးရာတွင် ၎င်းတို့၏သဘောဆန္ဒအရသာ ဆောင်ရွက်ပေးရန်၊ လုံခြုံမှုရှိရန်နှင့် ဂုဏ်သိက္ခာနှင့်အညီ ပြောင်းရွှေ့နိုင်ရန်တို့ ဖြစ်ပါတယ်။ ဒါ့အပြင် IDP များအား ၎င်းတို့၏မူလနေထိုင်ရာဒေသများတွင် ပြန်လည်နေထိုင်နိုင်ရန် ဦးစားပေးဆောင်ရွက်ပေးရန်ဖြစ်ပြီး ထိုသို့မဆောင်ရွက်နိုင်ပါက IDP များ ပြောင်းရွှေ့လိုသည့်နေရာသစ်သို့ ပြောင်းရွှေ့ပေးရန် ဆောင်ရွက်ပေးရမည်ဆိုပြီးတော့မှ ပါရှိပါတယ်။ ဒါကြောင့် ကမန်တိုင်းရင်းသားများ ရန်ကုန်သို့ပြောင်းရွှေ့ခြင်းဟာ ကော်မရှင်အကြံပြုတာတခြား၊ အစိုးရလုပ်တာတခြားမဟုတ်ပါကြောင်းနှင့် ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်ဖြစ်တဲ့အတိုင်းဖြစ်သကဲ့သို့ ကမန်တိုင်းရင်းသားများတွေ့ကြုံနေရတဲ့ဒုက္ခများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ရိုးသားစွာဆောင်ရွက်ခြင်း၊ စနစ်ကျစွာဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်များတွင် IDP စခန်းများပိတ်သိမ်းရေးသည်လည်း အဓိကအချက်အနေနဲ့ပါဝင်ပြီး IDP စခန်းများပိတ်သိမ်းဖို့အတွက်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ထိုသို့ဆောင်ရွက်မည်ကိုလည်း ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်မှုသည် ကော်မရှင်ကိုခုတုံးလုပ် ပြည်သူတွေကို မျက်လှည့်ပြတဲ့လုပ်ရပ်မဟုတ်ကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှင်းလင်းတင်ပြလိုပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီးတော့မှ နေပြည်တော်မှာ Diversity Management in the Age of Globalization Forum ကို နိုဝင်ဘာလ ၂၂ ရက်နဲ့ ၂၃ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီ ၂၃ ရက်နေ့ ညနေ

မှာတော့ ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီးတော့မှ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများဟာ ဒီ Forum ကို တက်ရောက်လာတဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို ဝန်ကြီးဌာနဦးကျင်းပခဲ့ရာ တက်ရောက်လာသော သက်လူမျိုး၊ သတ္တမ(ဒိုင်းနက်)လူမျိုး၊ မြိုလူမျိုး၊ ခမီလူမျိုး၊ မရမာကြီးလူမျိုး၊ ဟိန္ဒူဘာသာဝင်ကိုယ်စားလှယ်၊ ကမန်ကိုယ်စားလှယ်၊ အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်တို့နဲ့လည်းတွေ့ဆုံပြီး လိုအပ်ချက်များကိုရှင်းလင်းတင်ပြ၍ ကော်မတီကနေပြီးတော့မှ သူတို့ရဲ့တင်ပြချက်တွေအပေါ်မှာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ ကမန်တိုင်းရင်းသားများ ပြောင်းရွှေ့ရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အထက်တင်ပြပါအတိုင်း စေ့စပ်ညှိနှိုင်းမှုများ၊ တွေ့ဆုံရှင်းလင်းမှုများ၊ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်က ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားသော ကမန်အိမ်ထောင်စုဝင်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအရ ဥပဒေနှင့်အညီ ၎င်းတို့၏ဆန္ဒအလျောက် အခြေစိုက်နေထိုင်ခြင်းသာဖြစ်သည့်အတွက် အဆိုအားမှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အဆိုကို ဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ် ၁၈ ယောက်ကိုလည်းကောင်း၊ ပြန်ကြားပေးတဲ့ ဒုတိယဝန်ကြီး ဦးစိုးအောင်ကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီအဆိုကို ဇူလိုင်လကတည်းကတင်တယ်ဆိုတာ စောစောက လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဆွေးနွေးပြီးဖြစ်ပါတယ်။ ခုနစ်လလောက် ဒီမှာကြန့်ကြာနေတဲ့အတွက်ကြောင့်မို့လို့ ဒါ တချို့ကိုယ်စားလှယ်တွေက ကျွန်တော်ကပဲ ဒီကိစ္စကိုဖွဖို့အတွက် အခုမှတင်တယ်ဆိုတဲ့ အယူအဆမျိုးကတော့ဖြင့် အင်မတန်ခေတ်နောက်ကျနေပြီလို့ ကျွန်တော်ဒီနေရာကနေ ပြောကြားလိုပါတယ်။

ကျွန်တော်က ရခိုင်မှာ ခြောက်နှစ်နေဖူးပါတယ်။ ပြီးတော့လည်း ဝန်ကြီးဘဝနဲ့ ရခိုင်ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအဖြစ်နဲ့ နှစ်နှစ်ခွဲတာဝန်ယူပြီး ရခိုင်ကို လေးခေါက်ရောက်ပါတယ်။ ဒီ IDP စခန်းတွေ ရှစ်ခုလောက် ကျွန်တော် သွားဖူးပါတယ်။ အဲဒီတော့ ဘင်္ဂါလီစခန်းလည်းသွားတယ်။ ရခိုင်စခန်းလည်းသွားတယ်။ ပေးရင်လည်းအတူတူပဲပေးတယ်။ ကျွန်တော့်မှာ ခွဲခြားဆက်ဆံမှုမရှိဘူးဆိုတာကိုလည်း ဒါအားလုံးရှေ့မှာ ကျွန်တော် ပြောကြားလိုပါတယ်။ အဲဒီတော့

ကမန်လူမျိုးဟာ တိုင်းရင်းသားဆိုတာ ကျွန်တော်သိပါတယ်။ ကမန်လူမျိုးတွေဟာ တိုင်းရင်းသား အလျောက် Free of Moveable ရှိတယ်ဆိုတာကိုလည်း ဒါကိုလည်း ကျွန်တော် သိပါတယ်။ အဲဒီတော့ ဒီနေရာမှာတော့ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို တင်ပြသွားတဲ့တစ်ချက်က ကိုဖီအာနန်ရဲ့ ကြားဖြတ်အစီရင်ခံစာမှာ ဒီလိုရွှေ့ပြောင်းခွင့်ရှိတယ်ဆိုတဲ့ဟာပါတာ။ ဒါကတော့ ခင်ဗျား ပြောသွားတဲ့ဟာက အင်္ဂလိပ်လိုရေးသွားတယ်။ ကျွန်တော်ကတော့ အင်္ဂလိပ်စာမတတ်ပါဘူးဗျာ။ ဗမာလိုပဲ ဒီမှာပါတယ်။ ဗမာလိုမှာ အကြံပြုချက်(၇)မှာရော (၈)မှာရော ဘာမှမပါဘူး။ အားလုံးက တော့ မူလနေရာဆိုတာကို အတိအလင်းပါထားပြီးသားဖြစ်တယ်ဆိုတာ ကျွန်တော်ပြောကြားလို ပါတယ်။ အဲဒီတော့ ဒီ Recommendation မှာမပါဘဲနဲ့ သတင်းစာမှာပါတဲ့ ကြေညာချက်မှာပါတာ ကျတော့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် တင်ပြထားသည့် အကြံပြု ချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဆိုတာ အဲဒါကိုကျွန်တော်ကအဆိုတင်တာ။ ကမန်တွေရွှေ့ တာ ကျွန်တော် စိတ်မဝင်စားဘူး။ ဒါပေမဲ့ အစိုးရက အခုလိုပေါ့တီးပေါ့ဆနဲ့လုပ်တယ်။ စောစောက ဒုတိယဝန်ကြီး ဦးစိုးအောင် ရှင်းပြသွားတာဆိုလို့ရှိရင် အိမ်ထောင်စုက ၅၅ စု မဟုတ်ပြန်တော့ဘူး။ ၄၀ ကျော်ပဲ ရှိတော့တယ်။ အဲဒါမျိုး ချွတ်ချော်နေတဲ့ဟာကို ကျွန်တော်က ထောက်ပြတာ။ ဒီအဆိုကို ကျွန်တော် တင်တာဖြစ်တယ်ဆိုတာကို ကျွန်တော်ကတင်ပြလိုပါတယ်။ တကယ်တမ်းဆိုလို့ရှိရင် ဒီကိစ္စက နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်ကထုတ်ပြန်တာ။ သူကိုယ်တိုင် လာရှင်းရင်ကောင်းတယ်။ ဒါပေမဲ့ လာရှင်းတာက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လာရှင်းနေတယ်ဆိုတော့ နည်းနည်းလေးတော့ လွဲနေပြီ ဆိုတာ ကျွန်တော်က သိတယ်။ သို့သော်လည်း ဒါ ကျွန်တော် သည်းခံပေးလို့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ တာဝန်နှစ်ခုပဲရှိတယ်။ ဘာလဲ။ နံပါတ်(၁) ဥပဒေပြုမယ်၊ နံပါတ်(၂) Check and Balance လုပ်မယ်။ ကျွန်တော်တို့က အခု အုပ်ချုပ်ရေးအဖွဲ့ရဲ့ အားနည်းချက်ကို ထောက်ပြပြီးတော့မှ Check and Balance လုပ်တာ။ ဒါကို ကျွန်တော့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့မညီဘူးတွေ၊ ညီတာတွေ လာမပြောနဲ့။ ဂရုမစိုက်ဘူး။ ဒါကိုလည်း ကျွန်တော်က ဒီနေရာကနေပြီးတော့မှ အတိအလင်းပြောချင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ရေးဆွဲတဲ့နေရာမှာကတည်းက Partially involved ဖြစ်တယ်။ အတည်ပြုနိုင်အောင်လည်း ကျွန်တော်တို့ ကြိုးစားခဲ့တယ်။ လေးစားတယ်။ အဲဒါကိုလည်း ကျွန်တော်တို့က Insist လုပ်တယ်။ အဲဒါကိုလည်း အသက်နဲ့ရင်းပြီး ကာကွယ်နေတယ် ဆိုတာ လွှတ်တော်မှာ တစ်ခါတည်းပြောကြားလိုပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေချိန်ကိုစမ်းချင်လို့ ဒီအဆိုကို ကျွန်တော်ကတင်တာဖြစ်ပါတယ်။ ဒီအချိန်ထိ ရခိုင်ကို ရခိုင်မှာရှိတဲ့ကမန်တွေ ရန်ကုန်ကိုရွှေ့တယ် ဆိုတာ ဘယ်နေရာမှာရောက်သွားသလဲဆိုတာ ကျွန်တော် စုံစမ်းရင်ရပါတယ်။ အခုအချိန်ထိ မစုံစမ်းဘူး။ ဘာကြောင့်လဲ။ ကျွန်တော့် Interest က သူတို့ ရွှေ့ပြောင်းသွားတဲ့နေရာမဟုတ်ဘူး။ အစိုးရအဖွဲ့ရဲ့အားနည်းချက်ကို ထောက်ပြချင်လို့ ဒီအဆိုကို တင်တာဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်က မဆိုင်ဘူး။ ဒါပေမဲ့ တင်ပြချင်တာက စတုတ္ထမဏ္ဍိုင်ပါ။ စတုတ္ထမဏ္ဍိုင်၊ စတုတ္ထမဏ္ဍိုင်နဲ့ မီဒီယာတွေပြောနေတယ်။ ဒါပေမဲ့ ဘယ်မှာလဲ စတုတ္ထမဏ္ဍိုင်ရဲ့ ထောက်ပြမှု၊ ဘယ်မှာလဲ စတုတ္ထမဏ္ဍိုင်က လူတွေ။ အဲဒီနေရာကို

သွားပြီးတော့မှ စုံစမ်းတာ၊ မေးမြန်းတာ၊ တင်ပြတာ ဘာမှမရှိခဲ့ဘူး။ ဒါကြောင့်မို့လို့ မီဒီယာဆိတ်သည်းတဲ့ ဒီမိုကရေစီဆိုတာ ရေရှည်မှာ ဖြစ်လာနိုင်ပါ့မလားဆိုတာ ခင်ဗျားတို့အားလုံး ဒီနေရာကနေပြီးတော့မှ သုံးသပ်ကြဖို့ ပြောကြားလိုပါတယ်။ အဲဒီတော့ အဆိုကိုတော့ ဘာပဲဖြစ်ဖြစ် ဆွေးနွေးရင်းနဲ့ ကျွန်တော်တို့ မသိသေး တာတွေကို တစ်ယောက်နဲ့တစ်ယောက် Exchange Information လုပ်နိုင်လို့ ကျွန်တော်က အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အပေါ်မှာ အမြင်စောင်းတာတွေရှိလိမ့်မယ်။ သည်းခံတယ်။ ဒါကို ကျွန်တော်က Totally Neglect လုပ်လို့ရတယ်။ အချို့ဟာတွေကို Welled Accept လုပ်လို့ရတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ဟာတွေက နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကို ကျွန်တော်မပြောဘူး။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းဆိုတာကို ကမန်တွေ တိုင်းရင်းသားမဟုတ်ဘဲနဲ့ တင်တယ်ဆိုတဲ့ ညံ့တဲ့ကိုယ်စားလှယ်ထဲမှာ ကျွန်တော်မပါဘူးဆိုတာ ခင်ဗျားတို့သိဖို့လိုတယ်။ ဒါကို ရှင်းနေတာနဲ့ အချိန်တွေအများကြီးကုန်သွားပြီ။ အဲဒီတော့ ကျွန်တော့်အနေနဲ့တော့ဖြင့် ဒါဟာကိုဖီအာနန်ရဲ့အကြံပေးချက်ကိုလည်း လိုက်လုပ်ပါတယ်ဆိုတာကို ကျွန်တော်ပြောထားပြီးသားလေ။ မကြိုက်ဘူး။ ရှင်းရှင်းလေးပဲ။ ဖွဲ့တုန်းကလည်း ကော်မရှင်ဖွဲ့တုန်းကလည်း ကန့်ကွက်တယ်။ လိုက်လုပ်မယ်ဆိုတော့လည်း မကြိုက်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ အခု ကိုဖီအာနန်အကြံပေးတဲ့ အကြံပေးချက်အတိုင်းလုပ်တယ်ဆိုတဲ့ ကော်မတီကို အကြံပေးကော်မတီထပ်ဖွဲ့တယ်။ နိုင်ငံခြားသား နိုင်ငံခြားရေးဝန်ကြီးဟောင်းက တစ်ခါတည်းအခုထွက်သွားပြန်ပြီ။ အစိုးရကို အားမနာပါးမနာ ပြောသွားပြန်ပြီ။ ကျွန်တော်တို့ရှင်းရှင်းပြောလို့ရှိရင် ဒီသပွတ်အူထဲမှာ အများကြီးရှုပ်ထွေးနေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒေါက်တာမောင်သင်း ပြောသွားသလိုပဲ ကိုဖီအာနန် ဒီမိုကရေစီကနေပြီးမှ ရုန်းထွက်သင့်ပြီဆိုတာကိုလည်း ကျွန်တော်က ပြောကြားလိုပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို လွှတ်တော်မှာ အခုလိုဆွေးနွေးခွင့်ပေးတာကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ အကြောင်းနှင့် အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် ဒါမှမဟုတ် မှတ်တမ်းတင်ရန် ကျွန်တော်တို့ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆုံးဖြတ်တဲ့အခါမှာ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုတဲ့ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ်မှာမူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၃၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၃၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးမောင်မြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ အသိပေးဖို့ရှိပါတယ်။ ဒါဟာဘာလဲလို့ဆိုလို့ရှိရင် အစောတုန်းက ဘောလခဲမဲဆန္ဒနယ်က ဦးအေးမောင် ဆွေးနွေးသွားတဲ့အချက်ပါ။ ဒါဟာလွှတ်တော်မှာ ဦးအေးမောင်အနေနဲ့ ဆွေးနွေးသွားတော့ ကျွန်တော်လည်း လွှတ်တော်မှာပဲ ကိုယ်စားလှယ်များအားလုံးသိအောင် ပြန်ရှင်းပေးရမယ့်တာဝန်ရှိပါတယ်။ အဆိုတစ်ခုဟာ အဆိုတင်မယ်ဆိုလို့ရှိရင် နည်းဥပဒေ ၁၅၅ အရ အဆိုအဖြစ်တင်သွင်းရပါတယ်။ အဲဒီလိုအဆိုအဖြစ် တင်သွင်းတဲ့အခါမှာ နည်းဥပဒေ ၁၅၆ အရ အဆိုလွှာဆိုတာ ပါရပါတယ်။ အဲဒီအဆိုလွှာမှာ အဆိုရှင်က လက်မှတ်ရေးထိုးပြီးတော့ ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ ပေးရပါတယ်။ ဒီအဆိုမှာ ကျိုးကြောင်းဖော်ပြချက်ပဲ ပါပါတယ်။ အဆိုလွှာ မပါပါဘူး။ မပါပေမဲ့လည်း အဆိုကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့အခွင့်အရေးကို မဆုံးရှုံးစေချင်လို့ ကျွန်တော်တို့ဒါကို လွှတ်တော်ဘက်က တည့်မတ်ပြီးတော့ ပေးလိုက်တာဖြစ်ပါတယ်။ လွှတ်တော်ဆိုတဲ့ ၁၅၆ အရ အဆိုလွှာဆိုတာ ပါမလာပါဘူး။ ဒီမှာ ကျွန်တော်ဒါရုံးမှာ ပြန်တောင်းကြည့်ပါတယ်။ စောစောကတည်းက၊ ဆွေးနွေးကတည်းကိုက။ ပြောကြားမယ့်စကားတွေချည်းပဲ ပါပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကိုယ်စားလှယ်တစ်ယောက်ရဲ့အခွင့်အရေးကို မဆုံးရှုံးစေချင်ပါဘူး။ အဲဒီစကားထဲမှာပဲ အခုနက အပိုဒ် ၇ မှာ သို့ပါ၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းသည် မငြိမ်မသက်မှုများကို တိုင်းပြည်အနှံ့ ပြန့်ပွားစေနိုင်သည့် လွဲမှားသောဆုံးဖြတ်ချက်တစ်ရပ်ဖြစ်၍ဆိုပြီးတော့ ပါပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်သုံးသပ်ပေးပါဆိုတာ ပါပါတယ်။ ဒါကြောင့်မို့လို့ အခုနက ဘောလခဲမဲဆန္ဒနယ်က ဦးအေးမောင်က အရေးကြီးစာသားတချို့ကို ပြန်လည်ပြင်ဆင်ပေးဖို့ ပြောလာတယ်ဆိုတာက ကျွန်တော်က ဒီလိုပြောင်းရွှေ့ပြုခဲ့ခြင်းသည် မငြိမ်မသက်မှုများ တိုင်းပြည်အနှံ့ဖြစ်ပွားပြီးတော့ လွဲမှားတဲ့ဆုံးဖြတ်ချက်လို့ အထောက်အထားမရှိဘဲနဲ့ ကိုယ်ရဲ့ထင်မြင်ယူဆချက်ကို ပြောလိုက်တဲ့အတွက် နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ခ) အရ ပေးလို့မရပါဘူး။ အဆိုကိုလည်း ပေးချင်ပါတယ်။ ပေးလို့မရလို့ ဒီစကားလေးတွေတော့ ဖြုတ်ပေးပါ။ ဒါကြောင့်မို့လို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းသည် ပြန်လည်သုံးသပ်ပေးရန် ဆိုပြီးတော့ ကျွန်တော်က ဒီလို နည်းဥပဒေနှင့်ညီအောင် တည့်ပေးလိုက်တာပါ။ ဒါဟာ ကျွန်တော်တို့က လွှတ်တော်မှာ အဆိုရှင်ရဲ့အခွင့်အရေးမဆုံးရှုံးစေချင်လို့ တည့်ပေးလိုက်တာပါ။ ဒါပေမဲ့ ဒါကို ကျွန်တော်တို့ကို အခုနက ပြောသွားပါတယ်။ စိတ်မသက်မသာဖြစ်တယ်။ စိတ်ပျက်ရတယ်လို့လည်း ပြောသွားပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်း ပြန်လည်သိစေချင်ပါတယ်။

နောက်တစ်ခုက အရေးကြီးအဆိုမပေးလို့ ပြောပါတယ်။ ဒီအဆိုဟာ အခုခေါင်းစဉ်ကို အားလုံးကြည့်လိုက်ပါ။ ကိုယ်စားလှယ်အားလုံးသိပါတယ်။ အရေးကြီးအဆိုဆိုတာ အရေးကြီးအဆိုရဲ့အင်္ဂါရပ်မှာ နည်းဥပဒေ ၁၆၃ မှာ သာမန်အဆိုအဖြစ်ပေးလို့မရတဲ့ အရေးကြီးချက်ချင်းဖြစ်တဲ့ ရုတ်ချည်းဟာ

မျိုးသာ ပေးရတာပါ။ နည်းဥပဒေမှာ။ သာမန်အဖြစ်ပေါ်လာမယ့်အချိန်မှာ ဆွေးနွေးလို့ရရင် အရေးကြီးမပေးရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်သည် ဒီအဆိုကို ပေးတဲ့အခါမှာ နည်းဥပဒေ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းအတိုင်း ကျွန်တော်တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မျှမျှတတဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒါ အားလုံးကို ကျွန်တော်အသိပေးပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၄း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ (၁၄.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Kyaw Linn　　Daw Khin San Hlaing



U Kyaw Linn　　U Tin Nu



U Kyaw Linn　　U Sai Tun Aung



U Soe Aung　　Dr Maung Thin



U Soe Aung　　U Kyaw Aung Lwin



U Soe Aung　　U Win Min

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်